BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

**The Lightning Newsletter**

အမှတ် (၇၉) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ | မြန်မာသက္ကရာဇ် (၁၃၆၉) | ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## မြန်မာတမျိုးသားလုံး၏အကျိုးစီးပွားအတွက် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်အောင်မြင်သည်အထိ စစ်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေကြောင်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှ ကြေညာချက်ထုတ်ပြန်

နိုဝင်ဘာလ (၈) ရက်၊ ၂၀၀၇။

မြန်မာပြည်အရေးအတွက် ကျမတို့ဘက်မှအစဉ်တစိုက်ရပ်တည်ပေးနေကြသော ပြည်တွင်းပြည်ပရှိပုဂ္ဂိုလ်အားလုံးအား ပထမဦးစွာ ကျေးဇူးတင်ကြောင်းပြောပါရစေ။ ဆက်လက်ပြီး ကျမတို့တိုင်းပြည်အတွင်းက ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့အတွက် အခိုင်အမာရပ်တည်၍ တိုးတက်သောပြောင်းလဲရေး များဖြစ်ပေါ်လာစေရန်အတွက်လည်း အစဉ်တစိုက်အားပေးကူညီနေသော ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအားလည်း ကျေးဇူးဥပကာရတင် ရှိပါကြောင်းပြောလိုပါတယ်။

အောက်တိုဘာလ (၈) ရက်နေ့က ဗိုလ်ချုပ်အောင်ကြည်အား ဆက်ဆံရေးဝန်ကြီး အဖြစ်ခန့်အပ်လိုက်ခြင်းကို ကျမလက်ခံကြိုဆိုပါတယ်။ အောက်တိုဘာလ (၂၅) ရက်မှာ ကျမ တို့ရဲ့ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပွဲကျင်းပနိုင်ခဲ့ပြီးတဲ့နောက် ပုံမှန်ဆွေးနွေးပွဲတွေ ဆက်ပြီးတွေ့ဆုံဆွေးနွေးသွားနိုင်လိမ့်မယ်လို့လည်း ကျမမျှော်လင့်ပါတယ်။ အဲဒီ အကြို ညှိနှိုင်းဆွေးနွေးမှုကာတဆင့် မကြာခင် သင့်တင့်လျောက်ပတ်တဲ့အချိန်အတွင်းမှာ နိုင်ငံတော်အေး ချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီခေါင်းဆောင်ပိုင်းနဲ့ စောနိုင်သမျှစောပြီး အဓိပ္ပာယ် ပြည့်ဝတဲ့ဆွေးနွေးပွဲတွေကိုစတင်နိုင်ဖို့ကိုလည်း အလေးအနက်မျှော်လင့်ပါတယ်။

အမိမြန်မာနိုင်ငံတော်ရဲ့ အကျိုးစီးပွားကိုရည်ရွယ်မျှော်လင့်လျက် စစ်အစိုးရနဲ့ အောင်မြင်တဲ့ဆွေးနွေးပွဲတွေကျင်းပနိုင်လာဖို့ကျမဘက်က အဆင်သင့်ရှိနေပြီး ကျမတို့ တိုင်းပြည်ရဲ့အရေးကိစ္စတွေကို စီမံဆောင်ရွက်ရာမှာ အစစအရာရာအဆင်ပြေစေဖို့ ကုလသမဂ္ဂရဲ့ အရေးတယူဆက်သွယ်ဆောင်ရွက်ပေးမှုကိုလည်းပဲ ကျမကလက်ခံကြို ဆိုပါတယ်။

ဒီမိုကရေစီရေးတည်ဆောက်နေတဲ့ လူမှုအဖွဲ့အစည်းအတွင်း မရှိမဖြစ်တဲ့နိုင်ငံရေး ပါတီများရဲ့အခန်းကဏ္ဍကိုလည်း ကောင်းစွာနားလည်တဲ့အလျောက်၊ ကျမတို့ပါတီ ဝင်တွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေအပေါ် လေးနက်စွာတန်ဖိုးထား အသိအမှတ်ပြု တဲ့အလျောက်၊ ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အနေနဲ့ပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒတွေ၊ သူတို့ရဲ့ သဘောထားဆန္ဒတွေကို ကျမအနေနဲ့ ရယူဖို့လိုအပ်ပါတယ်။ မည်သို့ပင်ဆိုစေ အခုလိုအချိန်အခါမျိုးမှာတော့ ဒီမိုကရေစီရေးတည်ငြိမ်အခြေကျလာဖို့နဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး အကောင် အထည်ပေါ်လာဖို့အတွက် အထူးသဖြင့် နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့အကျိုးစီးပွား ကို အပြည့်အဝလေးနက်စွာ ထည့်သွင်းစဉ်းစားဖို့၊ နိုင်ငံရေးအဖွဲ့အစည်းများနဲ့ လက်နက် ကိုင်အဖွဲ့အစည်းများနဲ့ အထူးသဖြင့်ကျမတို့ရဲ့ တိုင်းရင်းသားညီအကိုမောင်နှမများ အတွက် သဘောထားယူဆချက်တွေကို ကျယ်ပြန့်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်လက်ခံ ကျင့်သုံးဖို့နဲ့ ထည့်သွင်းစဉ်းစားပေးဖို့ဆိုတာ ကျမရဲ့တာဝန်အဖြစ်မှတ်ယူပါတယ်။

နိဂုံးချုပ်အားဖြင့် စစ်အစိုးရနှင့်တကွ ကိုယ့်နည်းကိုယ့်ဟန်နဲ့ နိုင်ငံ့အရေးကြိုး စားဆောင်ရွက်နေကြတဲ့ နိုင်ငံရေးအဖွဲ့အစည်းအားလုံးကို အပြုသဘောဆောင်တဲ့ဆွေး နွေးပွဲများကို စားပွဲဝိုင်းမှာ ကျမနဲ့အတူ တွေ့ဆုံဆွေးနွေးကြဖို့ကိုလည်း အထူးဖိတ်ကြား လိုပါတယ်။

မြန်မာနိုင်ငံတော်ကြီးမှာ ဒီမိုကရေစီထွန်းကားပြီး အေးချမ်းသာယာဝပြောလာဖို့၊ လူ့အခွင့်အရေးကို အပြည့်အဝလေးစားလိုက်နာပြီး ငြိမ်းချမ်းစွာအတူတကွ နေထိုင်နိုင်ကြ ဖို့ကို ကျမယုံကြည်ပါတယ်။ ဒါ့အပြင် ကျမရဲ့တိုင်းပြည်အတွက် အမြင့်မားဆုံးအနာဂတ် သစ်တခုဖြစ်လာရေးအတွက် လိုအပ်နေတဲ့ ဒေသတွင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ် ရေးအတွက်အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း ပြည့်ဝစွာကူ ညီပေးကြမယ်ဆိုရင် ၊ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်းပဲ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်တဲ့ နိုင်ငံတနိုင်ငံဖြစ်လာနိုင်လိမ့်မယ်လို့ ကျမအနေနဲ့ယုံကြည်ပါတယ်။ ❖

## အပြုသဘောဆောင်သည့်တိုးတက်မှုများ ရရှိခဲ့ကြောင်း ကုလသမဂ္ဂသတင်းဌာနမှ ကြေညာချက်ထုတ်ပြန်



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာအီဘရာဟင်ဂမ်ဘာရီ

ကုလအထူးကိုယ်စားလှယ် အီဘရာဟင် ဂမ်ဘာရီသည် စစ်အစိုးရနှင့် အတိုက်အခံ အုပ်စုတို့ကြားမှ တိုးတက်သောဆွေးနွေးပွဲ များဖြစ်ပေါ်လာရေးကို ဆောင်ရွက်ပေးခဲ့ ပြီးနောက် မြန်မာပြည်မှ ပြန်လည်ထွက်ခွာ သွားခဲ့သည်။

ကုလသမဂ္ဂ၏ကြေညာချက်တွင် ဒေါ် အောင်ဆန်းစုကြည်နှင့် စစ်အစိုးရကြား လက် တွေ့ကျသည့်ဆွေးနွေးပွဲဖြစ်လာစေမည့် အစီ အစဉ်ရှိနေပါပြီဟု ဖော်ပြလိုက်သည်။ ဆက် လက်၍ ဆွေးနွေးပွဲကို မြန်မြန်စနိုင်လေ၊ မြန် မာပြည်အတွက် ပိုပြီးအကျိုးရှိလေဟုဆို သည်။

မစ္စတာဂမ်ဘာရီ၏ အပြန်ခရီးစဉ်မ တိုင်မီလေးတွင် ဒေါ်အောင်ဆန်းစုကြည်အား သူမ၏နေအိမ်မှခေါ်သွားခဲ့ပြီး မစ္စတာဂမ် ဘာရီနှင့် (၁) နာရီကြာမျှ တွေ့ဆုံခွင့်ပေး ခဲ့ကြောင်းလည်း ထိုကြေညာချက်တွင် ပါဝင် သည်။ မစ္စတာဂမ်ဘာရီ မြန်မာပြည်သို့ရောက် ပြီး နောက်တနေ့ (တနင်္လာနေ့) တွင်ထုတ် ပြန်သော ကုလသမဂ္ဂကြေညာချက်တွင် ဝန် ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မစ္စတာ ဂမ်ဘာရီတို့သည် အသေးစိတ်အချက်အ လက်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ ကြသည်ဟု ရေးသားဖော်ပြခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံ ခဲ့ရခြင်းမရှိသည်ကိုမူ ကြေညာချက်တွင် အ ထူးတလည်ဖော်ပြမထားဘဲ မစ္စတာဂမ်ဘာ ရီက စစ်အစိုးရအား ကုလသမဂ္ဂ၏ ပေးစာ တစောင်ကို ပေးပို့ခဲ့ကြောင်းကိုသာ ရေး သားဖော်ပြထားလေသည်။

မြန်မာပြည်မှပြန်လည်မထွက်ခွာမီ တ ရက်အလိုတွင် မစ္စတာဂမ်ဘာရီသည် ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်လည်းကောင်း၊ အခြားဝန်ကြီးများဖြစ်ကြသော စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီး ဦးစိုးသာနှင့်လည်း

စာမျက်နှာ (၉) ကော်လံ (၃) သို့ ...

## နအဖနှင့်အဓိပ္ပာယ်ပြည့်ဝသောဆွေးနွေးပွဲများစတင်ရန် မျှော်လင့်ကြောင်းလူထုခေါင်းဆောင်ပြော



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် တွေ့ဆုံနေစဉ်

နအဖနှင့်အဓိပ္ပာယ်ပြည့်ဝသော ဆွေး နွေး ပွဲများစတင်ရန်မျှော်လင့်ထားကြောင်း သုံးနှစ်ထက်မနည်း နေအိမ်အကျယ်ချုပ်ကျခံ နေရသူ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်က သူမ၏ပါတီခေါင်းဆောင်ပိုင်းမှ လူကြီးများဖြစ်သော ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူးဦးလွင်၊ ဗဟိုအလုပ်အမှု ဆောင်ကော်မတီအဖွဲ့ဝင် ဦးညွန့်ဝေနှင့် အဲန် အယ်လ်ဒီပြန်ကြားရေးတာဝန်ခံ ဦးဉာဏ်ဝင်း တို့နှင့်တွေ့ဆုံစဉ် ယမန်နေ့က ဤသို့ပြော လိုက်ခြင်းဖြစ်သည်။

အဲန်အယ်လ်ဒီ၏ပြောခွင့်ရပုဂ္ဂိုလ် ဦး ဟံသာမြင့်က "ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ တောင်းဆိုချက် (၄) ချက်ပါတဲ့ ကြေညာ ချက်နဲ့ပတ်သက်လို့ ဆွေးနွေးကြပါတယ်။ ဥပဒေကြောင်းအရ ဘယ်လိုသက်ရောက်မှု ရှိမလဲ၊ နိုင်ငံရေးအရ ဘယ်လိုသက်ရောက် မလဲဆိုတာတွေကို ဆွေးနွေးတာပါပဲ"ဟု ရေဝတီသတင်းဌာနသို့ပြောသည်။ ဆက် လက်၍လည်း ပါတီ၏လုပ်ငန်းစဉ်များအဖြစ် စက်တင်ဘာလအတွင်းက ဆန္ဒပြပွဲများတွင် ဖမ်းဆီးခံရသူ၊ ထိခိုက်ဒဏ်ရာရသူများအား အဲန်အယ်လ်ဒီမှကူညီရန်စသည့် ပါတီလုပ်ငန်း စဉ်များကိုလည်းကောင်း၊ နအဖအစိုးရနှင့် အပြုသဘောဆောင်သည့်လုပ်ငန်းစဉ်များ ကိုဆွေးနွေးရန်အတွက် လိုအပ်သောညှိနှိုင်း ဆောင်ရွက်မှုများကိုလည်းကောင်း ဆွေး နွေးခဲ့ကြကြောင်းသိရသည်။

စာမျက်နှာ (၁၈) ကော်လံ (၄) သို့ ...

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## တွေ့ဆုံဆွေးနွေးရေးအတွက် လိုအပ်သော နိုင်ငံရေးဝန်းကျင်ဖန်တီးကြ

နိုဝင်ဘာလ (၈) ရက်နေ့ နေ့စွဲဖြင့် ဒေါ်အောင်ဆန်းစုကြည်မှ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်မှတဆင့် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည် နှင့် ပဏာမဆွေးနွေးမှုများကတဆင့် အဓိပ္ပာယ်ပြည့်ဝပြီး အချိန်ကာလတိကျ တဲ့နိုင်ငံရေးဆွေးနွေးပွဲများကို စစ်အစိုးရနှင့်စောလျင်စွာပြုလုပ်နိုင်ဖို့ မျှော်လင့် ကြောင်း၊ အမျိုးသားအကျိုးစီးပွားအတွက် စစ်အစိုးရနှင့်ပူးပေါင်းဆောင်ရွက် မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ကူညီပံ့ပိုးမှုကိုလည်းကြိုဆိုကြောင်း အဖွဲ့ချုပ် ခေါင်းဆောင်က ထုတ်ဖော်ပြောကြားခဲ့သည်။ သူမ၏ရပ်တည်ချက်ကို ဖော်ပြ ရာ၌ တိုင်းရင်းသားအင်အားစုများ၊ နိုင်ငံရေးအဖွဲ့အစည်းများရဲ့ အကျိုး စီး ပွားနဲ့ထင်မြင်ချက်သဘောထားများအပေါ် အလေးအနက်ထား၍ ရပ်တည် သွားမည်ဟုဖော်ပြခဲ့သည်။ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို စိုက်စိုက် မတ်မတ်ဆောင်ရွက်ရာ၌ သက်ဆိုင်သူအားလုံးကို ပူးပေါင်းဖို့လည်းဖိတ်ခေါ် ခဲ့သည်။

ယခုကဲ့သို့သော နိုဗယ်ငြိမ်းချမ်းရေးဆုရှင် အဖွဲ့ချုပ်ခေါင်းဆောင်က အပြု သဘောထုတ်ဖော်ပြောဆိုခဲ့မှုများသည် အဖွဲ့ချုပ်စတင်ဖွဲ့စည်းစဉ်ကတည်း ကပင် အစဉ်တစိုက်ရပ်တည်ခဲ့သော တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ သဘော ထားများဖြစ်ပေသည်။ အနှစ် (၂၀) ကြာ တွေ့ဆုံဆွေးနွေးရေးကို လေသံမျှ မဟခဲ့သော စစ်အစိုးရသည် ရဟန်းသံဃာများဦးဆောင်သော စက်တင်ဘာ အရေးတော်ပုံကြီး၏အရှိန်အဟုန်ကြောင့် စိတ်ဆန္ဒမရှိပါဘဲနှင့် ကြိုတင်စည်း ကမ်းသတ် မှတ်ချက် (၄) ရပ်ကိုချမှတ်၍ လိုက်နာပါက ဒေါ်အောင်ဆန်းစုကြည် နှင့်ဗိုလ် ချုပ်မှူးကြီးသန်းရွှေတို့ တွေ့ဆုံဆွေးနွေးပါမည်ဟု ဆိုလာရသည်။ ထိပ် တိုက် ရင်ဆိုင်ရေးကိုမလုပ်တော့ပါ။ စီးပွားရေးပိတ်ဆို့မှုကို မထောက်ခံတော့ပါ။ အလုံးစုံ ပျက်သုဉ်းရေးကိုမလုပ်တော့ပါ။ အဖျက်အမှောင့်လုပ်ငန်းတွေ မလုပ် တော့ပါဟု ဝန်ခံကတိပေးရမည်ဟုဆိုလာသည်။ အဲန်အယ်လ်ဒီနှင့် ဒေါ်စု မလုပ်ခဲ့သည့်အလုပ်များကို လုပ်ပါသည်ဟု ဝန်ခံခိုင်းတာမျိုးဖြစ်သည်။ စက်တင် ဘာအရေးတော်ပုံကြီးဖြစ်လာရခြင်းမှာ ယင်းအချက်များကြောင့်ဖြစ်သည်ဟု တရားခံရှာပုံရပေသည်။

မစ္စတာဂမ်ဘာရီ၏ ယခုခရီးစဉ်အတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ခွင့်မရခဲ့မှုက ကုလသမဂ္ဂ၏ မြန်မာပြည်ပြဿနာဖြေရှင်းရေးမူဝါဒကို ပြန် လည်သုံးသပ်ရန်လိုအပ်သည်ဟူသော အညွှန်းပြကိန်းတခုဖြစ်သည်။ စက် တင်ဘာအရေးတော်ပုံအပြီး ပိုမိုတင်းကျပ်လာသော စီးပွားရေးပိတ်ဆို့မှု များကြောင့် ပိုမိုအထိနာလာသောနအဖစစ်အစိုးရသည် ပိုမိုရိုင်းပျစွာ တုန့်ပြန်လာခဲ့သည်။ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အား ဗီဇာသက်တမ်း တိုးပေးရန် ငြင်းပယ်မှုကလည်း နအဖ၏ မာန်ရစ်မှု၊ ဝင့်ဝါမှုကိုထင်ရှားစေသည်။ နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများအား ဆက်လက်ဖမ်းဆီးနေခြင်း ကလည်း အပြုသဘောဆောင်သည့်တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ပေါ်ရေးအပေါ် ဆိုးရွားသည့်အကျိုးဆက်များဖြစ်ပေါ်စေသည်။

မည်သို့ပင်ဖြစ်စေ အဓိပ္ပာယ်ပြည့်ဝ၍ အကောင်အထည်မည်မည်ရရ ရှိသော၊ ပြည်သူလူထုအတွက် လက်တွေ့အကျိုးဖြစ်ထွန်းစေမည့် တွေ့ဆုံဆွေး နွေးပွဲများကို ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်အစိုးရအကြား ပေါ်ထွန်းလာစေ ရေးအခြေအနေကို တိုင်းချစ်ပြည်ချစ်များ၊ နိုင်ငံတကာမိသားစုများက ဝိုင်းဝန်း ဖန်တီးကြရမည်ဖြစ်သည်။ အထူးသဖြင့် ပိုမိုပွင့်လင်းလွတ်လပ်သော၊ လုံခြုံစိတ် ချရသော နိုင်ငံရေးရာသီဥတုတရပ်ကို ယခုကဲ့သို့သောတွေ့ဆုံဆွေးနွေးရေး အတွက် ကြိုတင်ပြင်ဆင်မှုကာလတွင် မဖြစ်မနေပေါ်ပေါက်ပါမှ ပြည်သူအားလုံး ၏ အနာဂတ်မျှော်လင့်ချက်များဖွံ့ဖြိုးဝေဆာစေမည့် ရလဒ်ကောင်းများ ပေါ် ထွန်းနိုင် မည်ဖြစ်သည်။ ထိုသို့ဖန်တီးရာ၌ အကျဉ်းကျခံနေရသော နိုင်ငံ ရေးသမားအားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးရေးနှင့် နိုင်ငံရေးပါတီများ လွတ်လပ်စွာစည်းရုံးလှုပ်ရှားနိုင်စေရေးတို့သည် အဓိကကျသောအချက်များ ဖြစ်ပါကြောင်း ဖော်ပြအပ်ပေသည်။

❖

## လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးမကောင်း

နိုဝင်ဘာ (၆)

နေအိမ်အကျယ်ချုပ်ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်၏ ကျန်းမာရေးအတွက် တပတ် တကြိမ် ဆရာဝန်နှင့် တွေ့ခွင့်ပေးသင့် ကြောင်း အဖွဲ့ချုပ်မှပြောခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မည် သည့်အတွက် နာမကျန်းဖြစ်နေကြောင်း အ တိအကျမသိကြရသော်လည်း နိုင်ငံရေးအ ခြေအနေအရ တိုင်းပြည်အတွက်အရေး ကြီးသူတဦးဖြစ်သဖြင့် ကျန်းမာရေးစောင့် ရှောက်မှုအတွက် မိသားစုဆရာဝန်နှင့် တွေ့ဆုံခွင့်ကို တလတကြိမ်အစား တပတ် တကြိမ်ခွင့်ပေးရန် အာဏာပိုင်များအား တောင်းဆိုထားသည်။ တိုင်းပြည်အတွက် အရေးတကြီးလုပ်စရာများရှိနေချိန်တွင် ဤသို့နေမကောင်းဖြစ်သည်ဆိုသည့်အပေါ် တွင် အထူးစိုးရိမ်မိကြောင်းလည်း ဖော်ပြ ထားသည်။



ဒေါ်အောင်ဆန်းစုကြည်

မိသားစုဆရာဝန်သည် ပုံမှန်သွား ရောက်ချိန်မဟုတ်ဘဲ သွားရောက်စစ်ဆေးခဲ့ရ ကြောင်း သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် အဖွဲ့ချုပ်၏ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်သိန်း ကဤသို့ တရားဝင်ပြောလိုက်ခြင်းဖြစ်သည်။

အသက် (၆၂) အရွယ်ရှိပြီဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၆ ခုနှစ် ဇွန်လအတွင်းတွင်လည်း ဝမ်းပျက်ဝမ်းလျှော ဝေဒနာကို ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့သဖြင့် ဆေးရုံသို့တက်ရောက်ကုသခံခဲ့ရသည်။

ထို့ပြင် ၂၀၀၃ စက်တင်ဘာလအတွင်း ကလည်း အာရှတော်ဝင်ပုဂ္ဂလိကဆေးရုံတွင် အမျိုးသမီးရောဂါနှင့် အကြီးစားခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။

၂၀၀၃ ခုနှစ်၊ မေလအတွင်း ဖြစ်ပွား ခဲ့သည့် ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှု အပြီးတွင် နေအိမ်အကျယ်ချုပ်ဘဝဖြင့် ထိမ်း သိမ်းခံခဲ့ရသည်မှာ (၄) နှစ်ပြည့်ခဲ့ပြီး၁၉၈၈ မှစ၍ (၁၈) နှစ်တာကာလအတွင်း နေအိမ် အကျယ်ချုပ်ဘဝဖြင့်နေခဲ့သည်မှာ စုစုပေါင်း (၁၂) နှစ်ရှိခဲ့ပြီဖြစ်သည်။

❖

## နအဖစွပ်စွဲချက်များမှားယွင်းကြောင်း အဲန်အယ်လ်ဒီမှပြောကြား

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့စွဲဖြင့် နအဖရုပ်သံမှ ထုတ်ပြန်ကြေ ညာချက်တွင် နအဖစစ်အုပ်စုဘက်မှ ဒေါ် အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရေး တောင်း ဆိုချက်ကို ဖော်ပြထားသည်။

ယင်းတောင်းဆိုချက်မှာ ဒေါ်အောင် ဆန်းစုကြည်နှင့်ပတ်သက်သည့် ရှေးအစဉ် အလာမပျက်စွပ်စွဲချက်များဖြစ်သော ၎င်းတို့ အပေါ်တွင် အစဉ်တစိုက်လုပ်ဆောင်နေ သည့် ဒေါ်အောင်ဆန်းစုကြည်၏ အချက် (၄) ချက်အားစွန့်လွှတ်ကြောင်း တရားဝင် ကြေညာပေးရမည်ဟူ၍ဖြစ်သည်။ ထို (၄)ချက်မှာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံ ပျက်သုဉ်းရေး၊ မြန်မာပြည်အား စီးပွား ရေးအဆက်အသွယ်ဖြတ်တောက်ရေး အပါ အဝင် အလုံးစုံပိတ်ဆို့ရေးတို့ဖြစ်ပြီး ထိုအ ချက်များအား ဒေါ်အောင်ဆန်းစုကြည်မှ စွန့်လွှတ်ကြောင်းကြေညာပေးပါက မိမိ အနေနှင့်ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ် တိုင်သွားရောက် တွေ့ဆုံမည်ဖြစ်သည်ဟု နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာ ရီလာစဉ်က ၎င်းတို့ဘက်မှ ပြောကြားထား ခဲ့ကြောင်းကိုလည်း ထိုကြေညာချက်တွင်ဖော် ပြထားသည်။

ယင်းကြေညာချက်နှင့်ပတ်သက်၍ အဲန် အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက နအဖဘက်မှ ဒေါ်အောင်ဆန်းစုကြည်အမည် ကိုတပ်ပြောနေသော်ငြားလည်း ဒေါ်အောင် ဆန်းစုကြည်မှအများသိအောင် တုန့်ပြန်နိုင် သည့်အခြေအနေမရှိကြောင်းကိုပြောကြား လိုက်ပြီး တဆက်တည်းမှာပင် "ဒီအချက် ကြီးလေးချက်ဟာ အဲန်အယ်လ်ဒီကဆုပ်ကိုင် ထားတဲ့ မူဝါဒတွေ တခုမှမဟုတ်ဘူး။ မိမိမ လုပ်တဲ့အလုပ်ကို နောင်မလုပ်တော့ပါဘူးလို့ ပြောရမယ့်သဘောသက်ရောက်နေ"ကြောင်း ကိုလည်း ပြောသွားခဲ့သည်။

အောက်တိုဘာလ (၉) ရက်နေ့တွင်မူ အဲန်အယ်လ်ဒီမှ ဒေါ်အောင်ဆန်းစုကြည်အ ပေါ်စွပ်စွဲချက်တို့သည် အခြေအမြစ်မရှိဟု တရားဝင်ပြောကြားလိုက်ပြီး၊ ခြွင်းချက်မရှိ အမြန်ဆုံးတွေ့ဆုံဆွေးနွေးရေးကိုတိုက်တွန်း လိုက်သည်။

အဲန်အယ်လ်ဒီ၏ကြေညာချက်ကို ဦး ဉာဏ်ဝင်းမှဖတ်ကြားရာတွင် ဒေါ်အောင် ဆန်းစုကြည်အဖမ်းမခံရခင် ၂၀၀၂ ခုနှစ်၊ မေလ (၆) ရက်နေ့ သတင်းစာရှင်းလင်းပွဲ တွင်ပြောခဲ့သည့်စကားများကိုကိုးကား၍ နအဖ၏ တဖက်သတ်စွပ်စွဲချက်များအား ဖြေရှင်းခဲ့သည်။ ထိုကြေညာချက်တွင်ပါရှိ သည်မှာ "စီးပွားရေးပိတ်ဆို့မှုကိစ္စဟာ ဒီမို ကရေစီနိုင်ငံတခုက အခြားနိုင်ငံတခုခုကို ဒီမိုကရေစီရရှိရေးအတွက် ဆောင်ရွက်ချက် တရပ်လို့သာ သဘောပေါက်ပါတယ်။ ဒီကိစ္စ တွေ အားလုံးပြေလည်သွားဖို့ဆိုရင် အားလုံး သင့်သင့်မြတ်မြတ် မျက်နှာချင်းဆိုင်တွေ့ဆုံ ဆွေးနွေးလိုက်ရင် ပြေလည်သွားမှာပါ။ ကျမ တို့ဟာ စီးပွားရေးပိတ်ဆို့မှုများ မတောင်း ဆိုခဲ့ပါဘူး"ဟု ပါရှိသည်။

❖



# ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအား လိုက်လံဖမ်းဆီးနေဆဲ



ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသားခေါင်းဆောင်များ

အောက်တိုဘာ (၁၃)

လူထုဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့မှုဖြင့် စစ်အုပ်စု၏ ဆုငွေထုတ်ထားခြင်းခံရပြီး ထွက်ပြေးတိမ်းရှောင်နေရသူ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုဌေးကြွယ်နှင့် (၃) ဦးကို စစ်အစိုးရက ယနေ့နေ့လည်တွင် ပဲခူးမြို့၌ ဖမ်းဆီးလိုက်သည်။

ကိုဌေးကြွယ်နှင့်အတူ အဖမ်းခံခဲ့ရသူများမှာ မမီးမီး၊ ကိုအောင်သူနှင့် ကိုဇော်ကိုကိုတို့ဖြစ်သည်။

ကိုဌေးကြွယ်တို့အား မဖမ်းမီခင် (၃) ရက်က ကိုလှမျိုးနောင်အား ဆေးကုသမှုခံယူရန် ဆရာဝန်ဆီသို့အသွားတွင် လိုက်ပါကူညီပေးသူ မသရဖီနှင့်အတူအဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ကိုလှမျိုးနောင်၏မျက်လုံးအခြေအနေမှာ အတော်ဆိုးဝါးနေပြီး ခွဲစိတ်ကုသမှုပြုလုပ်ခဲ့လျှင်တောင်မှ မြင်နိုင်ရန် (၅၀) ရာခိုင်နှုန်းသာရှိသည်။ ကိုလှမျိုးနောင် အဖမ်းခံရပြီး နောက်တနေ့တွင် စစ်အစိုးရမှ သူ၏ခွဲစိတ်မှုအားခွင့်ပြုခဲ့သော်လည်း ကုသမှုမအောင်မြင်သည့်အတွက် မျက်လုံးကွယ်သွားကြောင်း နောက်ဆက်တွဲသတင်းရရှိသည်။

ထို့ပြင် ရန်ကုန်ရှိ ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ရခိုင်အမျိုးသား ကိုတင်ထူးအောင်နေထိုင်သည့် လှိုင်မြို့နယ်၊ အုတ်ကျင်းဘူတာရုံလမ်း (၁၅) ရပ်ကွက်ရှိနေအိမ်သို့ အထူးရဲတပ်ဖွဲ့နှင့်ကြံ့ဖွံ့တို့မှ ဩဂုတ်လ (၂၄) ရက်နေ့ ညသန်းခေါင်တွင် ဝင်ရောက်ရှာဖွေမှုများပြုလုပ်သည်။

ထို့ပြင် မကြာခင်ကဖြစ်ပွားခဲ့သည့် ဖမ်းဆီးမှုများတွင် သင်္ချာဘာသာအဓိကကျောင်းသား ကိုရဲမြဟိန်းနှင့် ဥပဒေကျောင်းသူ မအေးအေးမြတ်၊ မန္တလေးဆေးကျောင်းမှ အလုပ်သင်ဆရာဝန် ကိုမင်းမင်းဦးနှင့် အခြားဆေးကျောင်းသား (၄) ဦးကိုလည်း ထောင်ဒဏ် (၅) နှစ်စီချမှတ်ခဲ့ပြီး စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်း ဘဝသစ်စီမံကိန်း ရဲဘက်စခန်းများသို့ ပို့လိုက်သည်။ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် မန္တလေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများကို နအဖအာဏာပိုင်များက သိရှိထားသည့်ဆိုင်ကယ်နံပါတ်များဖြင့် လိုက်လံဖမ်းဆီးလျက်ရှိသည်။

ဩဂုတ်လ (၂၁) ရက်နေ့က ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့အပါအဝင် ခေါင်းဆောင် (၁၃) ဦးကို စစ်အုပ်စုကပထမဆုံးအသုတ်အဖြစ် စတင်ဖမ်းဆီးခဲ့ချိန်မှစ၍ ယနေ့ထိဖမ်းဆီးခံနေရသော ကျောင်းသားခေါင်းဆောင်များမှာ (၃၀) ဦးခန့်ရှိနေပြီဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်း ဖမ်းဆီးခံရသည့်အဖွဲ့ချုပ်အဖွဲ့ဝင် (၂၁၆) ဦးရှိသွားပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာထားသည်။

နိုင်ငံခြားသတင်းဌာနများ၏ လေ့လာစစ်တမ်းကောက်ချက်များအရ စက်တင်ဘာတော်လှန်ရေးအတွင်း သေဆုံးသူဦးရေမှာ (၂၀၀)ကျော်နေပြီဖြစ်ပြီး ဖမ်းဆီးခံရသူဦးရေမှာ (၆၀၀၀) ကျော်နေပြီဖြစ်ကြောင်း သိရသည်။ ❖

# ၈၈ မျိုးဆက်များ၏မိသားစုဝင်များအား စစ်အုပ်စုမှ ဓားစာခံများအဖြစ် ဖမ်းဆီး

အောက်တိုဘာ (၁၁)

နအဖစစ်အုပ်စုသည် ကျောင်းသားခေါင်းဆောင်များ၏ မိသားစုဝင်များကို ဓားစာခံများအဖြစ် တရားလက်လွတ်ဖမ်းဆီးလျက်ရှိသည့်အပေါ် (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့က ဝေဖန်ရှုတ်ချလိုက်သည်။

ယင်းလုပ်ရပ်သည် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုလုံးဝမရှိခြင်းအား သက်သေပြနေပြီး ပြည်သူလူထုမှာလည်း ဥပဒေ၏ကာကွယ်စောင့်ရှောက်မှု လုံးဝမရှိခြင်းကို အထင်အရှားပြသနေခြင်းဖြစ်ကြောင်း (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်းက ပြောခဲ့သည်။

"ကျနော်တို့တိုင်းပြည်မှာဖြစ်နေတာက ပြည်သူတွေဟာ ဥပဒေရဲ့အကာအကွယ်ကို လုံးဝမရှိသလိုဖြစ်နေပြီ။ အခုဟာက လာရှာတဲ့အခါမှာ သူတို့ဖမ်းချင်တဲ့လူတွေကို မတွေ့ရင် ကျန်တဲ့၊ ရှိတဲ့လူတွေကို ဖမ်းတယ်ဆိုတဲ့ပုံစံမျိုးတွေ၊ ဒါတွေဟာ ပြန်ပေးဆွဲတဲ့ပုံစံမျိုးတွေဖြစ်ကုန်ပြီ။ ဥပဒေရဲ့အကာအကွယ်အစောင့်အရှောက်မရှိတော့ဘူး။ ကျနော်တို့ဆိုလည်း ကျနော်တို့ယုံကြည်ချက်အရ ငြိမ်းချမ်းစွာနဲ့ ဥပဒေဘောင်အတွင်းကနေ ကျနော်တို့ဖြစ်ချင်တဲ့ဆန္ဒတွေကို တိုက်တွန်းတယ်။ ပြောဆိုတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကျနော်တို့တွေ တောက်လျှောက် ပွင့်ပွင့်လင်းလင်းနဲ့ ကျနော်တို့ဖြစ်ချင်တာတွေ ဆန္ဒတွေပြောကြတယ်။ ကျနော့်မိသားစုနဲ့မဆိုင်ဘူး။ တဦးချင်းယုံကြည်ချက်နဲ့ ကျနော်တို့ပြောကြတယ်။ ဒါပေမယ့် မဆိုင်တဲ့ ကျနော်တို့မိဘတွေ၊ ဆွေမျိုးသားချင်းတွေ၊ ဒုက္ခရောက်နေရတယ်။ ဖမ်းဝရမ်းမရှိဘဲ ဖမ်းဆီးတာမျိုးတွေ၊ ဥပဒေမဲ့ရှာဖွေစစ်ဆေးတာမျိုးတွေကို မဖြစ်စေချင်ဘူး။ ဖမ်းဆီးနှိပ်ကွပ်မှုတွေနဲ့ တိုင်းပြည်ရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်လို့ မရဘူးဆိုတာ ဒီလောက်ပဲပြောချင်ပါတယ်"

အောက်တိုဘာ (၈) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်နေ (၈၈) မျိုးဆက် ဦးချစ်ကိုလင်း၏ဇနီး ဒေါ်သက်သက်အောင်မှာ ရှောင်တိမ်းနေသည့်အတွက် အသက် (၅၄) နှစ်အရွယ်မိခင်ဒေါ်စုစုကြည်နှင့်အသက် (၇၀) အရွယ် ယောက္ခမဒေါ်မေသန်းရီတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့သည်။ ဖခင်နှင့်အဘွားနှစ်ဦးစလုံး အဖမ်းခံနေရပြီး မိခင်မှာလည်း တိမ်းရှောင်နေရသည့်အတွက် (၈) နှစ်၊ (၆) နှစ်နှင့် တနှစ်ခွဲအရွယ် ကလေးသုံးဦးမှာ နေအိမ်၌ အစောင့်အရှောက်မဲ့စွာ နေထိုင်နေကြရသည်။

နအဖစစ်အစိုးရအနေဖြင့် တွေ့ဆုံဆွေးနွေးရေး အမှန်တကယ်လုပ်လိုသည့်ဆန္ဒရှိပါက မတရားဖမ်းဆီးနှိပ်စက်ခံနေရသည့် ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူများကို ချက်ချင်းပြန်လွှတ်ပေးရန်ကိုလည်းကောင်း၊ နိုင်ငံတကာကြက်ခြေနီကော်မတီ၏ ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်ခွင့်အမြန်ဆုံးပေးရန် တောင်းဆိုတိုက်တွန်းထားမှုကိုလည်းကောင်း နအဖမှ အရေးယူဆောင်ရွက်ပေးခြင်းမရှိသေးပေ။ ❖

# အာဏာပိုင်တို့၏အစီအစဉ်ဖြင့် မျက်စိခွဲစိပ်ကုသသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုလှမျိုးနောင် အာရုံကြောထိခိုက်သွား

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သော ကိုလှမျိုးနောင်သည် (၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့ နေ့လည်ပိုင်းတွင် မျက်စိခွဲစိတ်ရန် စမ်းချောင်းမြို့နယ်ရှိ မျက်စိအထူးကုဆေးခန်းသို့အသွားတွင် အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကိုခံလိုက်ရသည်။

ကိုလှမျိုးနောင်သည် မျက်စိဝေဒနာခံစားနေရသောကြောင့် မျက်စိအထူးကုဆေးခန်းသို့သွားရောက်ကုသစဉ် လမ်းတွင်အဖမ်းခံခဲ့ရသည်။ ဖမ်းဆီးသွားပြီးနောက် (၁) ရက်အကြာတွင် မျက်စိဝေဒနာ အပြင်းအထန်ခံစားနေရသောကို လှမျိုးနောင်အား ခွဲစိပ်မှုကုသမှုခံယူရန်ခွင့်ပြုခဲ့သော်လည်း မအောင်မြင်ဘဲ အာရုံကြောထိခိုက်သွားခဲ့သည်။ သို့သော် အမြင်အာရုံကြော သို့မဟုတ် အခြားမည်သည့်အာရုံကြောကို ထိခိုက်ခြင်းဆိုသည်ကိုမူ လာရောက်အကြောင်းကြားသည့် ရဲသတင်းတပ်ဖွဲ့အရာရှိများမှ ရှင်းရှင်းလင်းလင်းပြောပြခဲ့ခြင်းမရှိသလို မည်သည့်ဆေးရုံတွင် မည်သည့်ဆရာဝန်နှင့် ခွဲစိပ်ခဲ့သည်တို့ကိုလည်း ဘာမှမသိရကြောင်း ကိုလှမျိုးနောင်၏မိသားစုကပြောသည်။ မိသားစုဝင်များနှင့်နီးစပ်သူတဦးက "ကျမတို့သိတာတော့ မျက်စိခွဲစိပ်ကုသနေလျက် အာရုံကြောထိသွားတယ်ဆိုတာကို သိရတယ်လေ။ ကျမတို့က မတွေ့ရတော့ ဘယ်လိုမျိုးပြောရမလဲ ရှင့်။ အဲ့လို အာရုံကြောထိသွားတယ်ဆိုတော့ အထူးပဲ စိုးရိမ်မိတယ်"ဟု ပြောကြားသွားသည်။



ကိုလှမျိုးနောင်

ကိုလှမျိုးနောင် ဖမ်းဆီးခံရသည့်ညက ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေသိမ်းဆည်းသွားကြောင်းကိုလည်း "သူ့အိမ်မှာလည်း မနေ့ညက ဝင်ရောက်ရှာဖွေသွားတယ်။ ရှာဖွေသွားတာမှ စာရွက်စာတမ်းတွေ အကုန်လည်းသိမ်းသွားတယ်။ အိမ်မှာရှိတဲ့ ဘုရားစာအုပ်ကအစပေါ့နော်။ အကုန်လုံးသိမ်းသွားတယ်လို့ ကျမတို့သိရပါတယ်" ဟု ဆက်လက်ပြောကြားသွားသည်။

ကိုလှမျိုးနောင်သည် (၈၈) ခုနှစ် ကျောင်းသားအရေးအခင်းတွင် ပထမဦးဆုံးအဖမ်းခံခဲ့ရသည့် ကျောင်းသား (၁၄၀) ကျော်တွင် ပွဲဦးထွက် ပါဝင်ထောင်ကျခဲ့သူလည်းဖြစ်သည်။

မန္တလေးထောင်တွင် နှစ်ရှည်အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသား ကိုဘိုဘို၏မိခင် ဒေါ်မြင့်မြင့်ကြည်ကိုလည်း အာဏာပိုင်များက မတရားအကြမ်းဖက် ဖမ်းဆီးသွားကြောင်း၊ မည်သည့်အတွက်ကြောင့် ဖမ်းသည်ဆိုခြင်းကို မသိရသော်လည်း မိခင်အဖမ်းခံရသည့်အတွက် ကိုဘိုဘိုအား ထောင်ဝင်စာသွားရောက်တွေ့ဆုံမည့်သူပင် မရှိတော့ကြောင်း ၎င်းတို့၏ မိသားစုနှင့်နီးစပ်သူတဦးက ပြောကြားသည်။❖

# ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ခေါင်းဆောင် လူထုအကူအညီဖြင့် ဖမ်းဆီးခံရမည့်ဘေးမှလွတ်မြောက်

(၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့၊ ညနေပိုင်းတွင် အာဏာပိုင်များက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ခေါင်းဆောင် ကိုကျော်ကိုကိုအား ၎င်းပုန်းအောင်းနေရာ ရန်ကုန်မြို့ရှိနေအိမ်တအိမ်တွင် ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ကြိုးပမ်းခဲ့သော်လည်း ပြည်သူလူထု၏စောင့်ရှောက်ကူညီမှုဖြင့်လွတ်မြောက်နိုင်ခဲ့သည်။

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို အာဏာပိုင်များက သွေးရူးသွေးတန်းဖြင့် သဲကြီးမဲကြီးလိုက်လံဖမ်းဆီးနေချိန်တွင် မတရားဖမ်းဆီးနှိပ်စက်မှုများကို မလိုလားသောပြည်သူများ၏ ရိုင်းပင်းကူညီမှုများကြောင့်သာ စစ်အာဏာရှင်များ၏ မတရားဖမ်းဆီးခံရမည့်ဘေးမှလွတ်မြောက်နိုင်ခဲ့ကြောင်း ကိုကျော်ကိုကိုမှ ယခုလိုပြောကြားခဲ့သည်။

ကိုကျော်ကိုကိုက ၎င်းလွတ်မြောက်လာပုံနှင့်ပတ်သက်၍ "သူတို့ဖမ်းဆီးတဲ့အချိန်မှာ ပြတင်းပေါက်ကနေပြီးတော့ တဆင့်ပေါ့နော်။ ခုန်ချပြီးတော့ထွက်ပြေးတဲ့အခါမှာ ပြည်သူလူထုအတော်များများက ပုန်းအောင်းဖို့နေရာတွေပေးတယ်။ သွားရေးလာရေးအဆင်ပြေအောင်လို့ ကားတွေငှားပေးတယ်။ အဲ့လိုအစရှိသဖြင့် အထောက်အပံ့တွေ၊ အကူအညီတွေ ကျနော့်ကိုမျိုးစုံပေးလို့ ဒီလိုမျိုးလွတ်မြောက်လာခဲ့တာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ကျေးဇူးဟာ ကျနော်တို့အပေါ်မှာ အများကြီးကြီးမားပါတယ်။ ပြည်သူလူထုက ကျနော်တို့တကယ်အားကိုးအားထားထိုက်တဲ့ ပြည်သူလူထုဖြစ်ပါတယ်" ဟုပြောသည်။

"ဖြစ်တဲ့နည်းနဲ့ ရတဲ့အချိန်မှာရသလို ကျနော်တို့ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ကျောင်းသားရှိရင် ကျောင်းသားသမဂ္ဂရှိရမယ်ဆိုတဲ့ဆောင်ပုဒ်ပဲ ကျနော်တို့ကြားဖူးတယ်။ အဲ့ဒီအတွက်ကြောင့်ပဲ မြန်မာတပြည်လုံးမှာရှိတဲ့ ကျောင်းသားတွေအားလုံးကို တတ်နိုင်သမျှစုစည်းဖို့အတွက် အရှိန်ယူနေပါတယ်။ စုစည်းမှုရပြီဆိုတာနဲ့တပြိုင်နက် ကျနော်တို့တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်" ဟု စိတ်ဓာတ်ကျမှုမရှိဘဲ တက်ကြွစွာ ပြောကြားသွားသည်။

ကိုကျော်ကိုကိုကို လာရောက်ဖမ်းဆီးရာတွင် ရဲ (သို့မဟုတ်) စစ်ယူနီဖောင်းဖြင့်မဟုတ်ဘဲ အကျႌဖြူလက်တိုများ၊ လုံချည်များနှင့် အချို့ဘောင်းဘီပြာများစသည့် အရပ်ဝတ်များဖြင့်ဖြစ်ကြောင်း၊ (၆) ယောက်၊ (၇) ယောက်ခန့်ရှိကြောင်းသိရသည်။ ❖

# မြန်မာ့အရေး ကုလအတွင်းရေးမှူးချုပ်ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းရန် ဗြိတိန်အတိုက်အခံပါလီမန်ခေါင်းဆောင် တိုက်တွန်း

အောက်တိုဘာ (၉)

မြန်မာနိုင်ငံ၏ ပြဿနာနှင့်ပတ်သက်၍သွားရောက်ခဲ့သည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာအီဗရာဟင်ဂမ်ဘာရီ၏ ခရီးစဉ်သည် အောင်မြင်မှုမရှိဘဲပြန်လာခဲ့ရသည်ဟု ဗြိတိသျှအတိုက်အခံပါလီမန်ခေါင်းဆောင်တဦးဖြစ်သူ မစ္စတာအင်ဒရူးမစ်ရှဲ (Andrew Mitchell ) က ပြောဆိုလိုက်သည်။ ထို့ပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဒေါ်အောင်ဆန်းစုကြည်အား ကမ်းလှမ်းချက်တို့မှာ လက်ခံနိုင်ဖွယ်မရှိကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့သည်။

မစ္စတာအင်ဒရူးမစ်ရှဲသည် ဗြိတိန်ပါလီမန်မှာအတိုက်အခံဘက်မှ ခန့်အပ်ထားသည့် ထောက်ပံ့ရေးဆိုင်ရာတာဝန်ခံတဦးဖြစ်သည်။ ၎င်းက မစ္စတာဂမ်ဘာရီသည် မြန်မာပြည်ကိုသွားပြီး လက်ချည်းဗလာပြန်လာခဲ့ရခြင်းကို လုံးဝအားမရဟုပြောဆိုခဲ့သည်။ ထို့ကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကိုယ်တိုင် မြန်မာပြည်အရေးအား ကိုင်တွယ်လုပ်ဆောင်သင့်သည်ဟုပြောဆိုထားသည်။

"မစ္စတာဂမ်ဘာရီ မြန်မာပြည်ကိုသွားခွင့်ရခဲ့တာကောင်းတဲ့အလုပ်တခုကို လုပ်ခဲ့ခြင်းပါပဲ။ ဒါပေမယ့် စစ်အစိုးရနဲ့ပတ်သက်ပြီး လုံလောက်တဲ့တိုးတက်တက်မှုများရရှိအောင် စွမ်းဆောင်နိုင်မှုမရှိခဲ့ပါဘူး။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင် သွားရောက်ပြီး ငြိမ်းချမ်းစွာဆန္ဒပြတဲ့ သံဃာတော်တွေ၊ လူထုတွေကို ရက်ရက်စက်စက် ရိုင်းရိုင်းစိုင်းစိုင်း နှိပ်ကွပ်ခဲ့တဲ့ကိစ္စကို ကန့်ကွက်သင့်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်းသည်သာ ဒီကိစ္စမှာ အဓိကဆောင်ရွက်နိုင်မယ့် သင့်လျော်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ နောက်ပြီး မြန်မာပြည်အရေးဆောင်ရွက်ရမည့် တာဝန်ဟာ အလျှော့ပေးလိုက်လို့ရတဲ့ ကိစ္စမဟုတ်ပါဘူး။ စစ်အစိုးရဟာ ဒီလိုမျိုးဆက်ဖြစ်နေလို့မရဘူးဆိုတာ သွေးဆောင်ပြောကြားဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ပြည့်ဝတဲ့နိုင်ငံရေးဖြစ်စဉ်တရပ် ဖော်ဆောင်ရမှာဖြစ်ပါတယ်။ အဲ့ဒီလိုဖြစ်စဉ်ဟာ စစ်အစိုးရအတွက်ရော တိုင်းပြည်နှင့်တကွ ဒေသအတွက်ပါ အကျိုးရှိစေမယ့်ဖြစ်စဉ် ဖြစ်ရပါလိမ့်မယ်"ဟုပြောဆိုခဲ့သည်။

မစ္စတာဂမ်ဘာရီ မြန်မာပြည်သို့ရောက်ရှိခဲ့ပြီးနောက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံမည်ဟု ပြောဆိုခဲ့ခြင်းနှင့်ပတ်သက်၍လည်း မစ္စတာ (Andrew Mitchell) က "ဒါတွေက မဆိုစလောက် တိုးတက်မှုလေးပါ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဖို့ အရေး အဓိပ္ပာယ်မရှိတဲ့ ကြိုတင်သတ်မှတ်ချက်တွေ၊ စည်းကမ်းချက်တွေချမှတ်ထားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်ကတော့ ဘာစည်းကမ်းသတ်မှတ်ချက်မှ မရှိပါဘူး။ တကယ်တော့ ဒေါ်အောင်ဆန်းစုကြည်သာလျှင် ပြည်သူလူထုက ထောက်ခံလေးစားတဲ့ တရားဝင်ပြည်သူ့ခေါင်းဆောင်ဖြစ်ပြီး ဒီဗိုလ်ချုပ်ကြီးတွေဟာ အာဏာကိုမတရားရယူထားသူတွေသာဖြစ်ပါတယ်။ ဒါ့ကြောင့် ဗိုလ်ချုပ်မှူးကြီးက စည်းကမ်းသတ်မှတ်ချက်တွေထားတယ်ဆိုတာဟာ လုံးဝလက်မခံနိုင်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ လိုအပ်ပါတယ်" ဟု ပြောခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အစိုးရကို အရေးယူပိတ်ဆို့မှုအသစ်များ ချမှတ်သင့်ကြောင်းနှင့် စစ်အစိုးရ၏လုပ်ရပ်များအတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court) သို့ တင်သင့်ကြောင်းလည်း ပြောကြားခဲ့သည်။ ❖

# ဆန္ဒပြပွဲများကို ရက်စက်စွာနှိမ်နင်းခဲ့သည့် စစ်အစိုးရကို ဒဏ်ခတ်ရန် ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ဆုံးဖြတ်




**လူဇင်ဘတ်တွင်ပြုလုပ်ခဲ့သည့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးများဝန်ကြီးအစည်းအဝေး**

အောက်တိုဘာ (၁၆)

ယမန်နေ့က လူဇင်ဘတ်တွင်ပြုလုပ်ခဲ့သည့် ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးတွင် မြန်မာနိုင်ငံအားအရေးယူဒဏ်ခတ်ရန်အတွက် ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများက ဆုံးဖြတ်လိုက်သည်။

Targeted sanction ဟု ပြောရမည့် သာမန်ပြည်သူများကိုမထိခိုက်စေဘဲ အကြမ်းဖက်ဖိနှိပ်မှုအတွက် တာဝန်ရှိသူများနှင့် နိုင်ငံတွင်းက လိပ်ခဲတည်းလည်းနိုင်ငံရေးအခြေအနေအပေါ်တွင်သာ အကျိုးသက်ရောက်မှုဖြစ်စေမည့် အရေးယူဒဏ်ခတ်မှုမျိုးများကိုသာ ချမှတ်ခြင်းဖြစ်ကြောင်း အီးယူဥရောပသမဂ္ဂကောင်စီထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာစစ်အစိုးရအား အရှိန်မြှင့်ပြစ်ဒဏ်ခတ်အရေးယူသည့်အနေဖြင့် မြန်မာနိုင်ငံက ဥရောပနိုင်ငံများသို့ ကျွန်းသစ်၊ ကျောက်စိမ်း၊ ဓာတ်သတ္တုဝယ်ယူမှုနှင့် အခြားသံယံဇာတပစ္စည်းများတင်သွင်းခြင်းကို ပိတ်ပင်လိုက်ခြင်းဖြစ်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၎င်းလုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းသုံးပစ္စည်းများတင်ပို့ခြင်းကိုလည်း ပိတ်ပင်မည်ဖြစ်သည်။

ယခုလိုပိတ်ဆို့မှုသည် လက်ရှိအခြေအနေအပေါ် ပြည်သူများဘက်မှ အလေးထားရပ်တည်ပြီး မြန်မာနိုင်ငံအတွင်းဆင်းရဲဒုက္ခရောက်သူများနှင့် အိမ်နီးချင်းမြန်မာဒုက္ခသည်များအား လူသားချင်းစာနာသည့် ကူညီထောက်ပံ့ခြင်းများကိုမူ အီးယူဥရောပသမဂ္ဂအနေဖြင့် ဆက်လက်ထောက်ပံ့သွားမည်ဖြစ်သည်။

အီးယူဥရောပသမဂ္ဂအနေနှင့် မစ္စတာဂမ်ဘာရီ၏ မြန်မာနိုင်ငံခရီးစဉ်ရလဒ်ကို အသေအချာစောင့်ကြည့်နေပြီး ထွက်ရှိလာမည့်ရလဒ်အပေါ်တွင်မူတည်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ထပ် စီးပွားရေးအရပိတ်ဆို့ဒဏ်ခတ်မှုများကိုလည်း ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများက စဉ်းစားထားသည်ဟု သိရသည်။

ဥရောပသမဂ္ဂကောင်စီ၏ထုတ်ပြန်ချက်တွင် ပြီးခဲ့သည့်ဆန္ဒပြမှုတွင် မြန်မာစစ်အစိုးရမှ အကြမ်းဖက်နှိမ်နင်းခဲ့မှုများကို အပြင်းအထန် ဝေဖန်ရှုတ်ချထားသည်။ ထို့ပြင် ယခုတိုင်ဆက်လက်ရှိနေသေးသည့် ဖိနှိပ်မှု၊ ခြိမ်းခြောက်မှုများကို အမြန်ဆုံးရပ်တန့်လျက် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထားသူ နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးရန်ကိုလည်းတောင်းဆိုထားသည်။ ဆန္ဒပြမှုအတွင်း သေဆုံးခဲ့သည့်ဖြစ်ရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီးနောက် တာဝန်ရှိသူများအားအ ပြစ်ပေးအရေးယူရန်လည်း တောင်းဆိုထားသည်။ ထို့ပြင် ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပေါ် လိုဆာဂျီရိုပီညဲရိုးနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် နအဖစစ်အုပ်စုကို တိုက်တွန်းထားသည်။

အီးယူအဖွဲ့သည် မြန်မာစစ်ခေါင်းဆောင်များနှင့် ၎င်းတို့၏ဆွေမျိုးသားချင်း (၃၇၅) ဦးကို ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်း၊ ပိုင်ဆိုင်မှုပိတ်ပင်ခြင်း စသည့်အရေးယူမှုများကိုလည်း ယခင်ကတည်းက ပြဋ္ဌာန်းထားပြီးလည်းဖြစ်သည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယတို့အနေနှင့်လည်း မြန်မာစစ်အစိုးရကို ဖိအားပေးရန်အချက်သည် အရေးကြီးကြောင်း အီးယူအရာရှိများက တိုက်တွန်းထားသည်။ ❖

# အာဆီယံအစည်းဝေးကျင်းပမည့်အချိန်တွင် ကုလအထူးသံအရာရှိအား မြန်မာပြည်သို့ ဝင်ခွင့်ပြုမည်ဟု နအဖမှဖိတ်ခေါ်



**မစ္စတာ ပီညဲရိုး**

မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက မစ္စတာပီညဲရိုးအား နိုဝင်ဘာလနှောင်းပိုင်းတွင် မြန်မာနိုင်ငံသို့လာရောက်နိုင်ကြောင်း ကုလသမဂ္ဂသို့ စာဖြင့်အကြောင်းကြားခဲ့သည်။ မြန်မာနအဖစစ်အုပ်စုသည် (၄) နှစ်တာကာလအတွင်း ကုလ၏လူ့အခွင့်အရေးအထူးကျွမ်းကျင်သူအား ပြည်ဝင်ခွင့်ကို ပထမဦးဆုံး သဘောတူညီလိုက်ခြင်းဖြစ်သည်။

ကုလ၏ အထူးသံအရာရှိ မစ္စတာအီဘရာဟင်ဂမ်ဘာရီသည်လည်း မကြာမီ မြန်မာပြည်တွင်းသို့ တကျော့ပြန်ဝင်ရောက်နိုင်ရန် အိန္ဒိယမှနေ၍ မြန်မာပြည်ကခွင့်ပြုလာမည့်ဗီဇာကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။ စက်တင်ဘာလအတွင်းက ဆန္ဒပြသူများအား စစ်အစိုးရမှ အကြမ်းဖက်နှိမ်နင်းဖြိုခွင်းခဲ့အပြီး သူ၏ မြန်မာနိုင်ငံသို့ ပထမအခေါက်ခရီးစဉ်တွင် စစ်အုပ်စုခေါင်းဆောင်များနှင့်သာမက အကျဉ်းကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင်နှင့်လည်း တွေ့ဆုံခွင့်ရခဲ့သည်။

သူ့အား ပြည်ဝင်ခွင့်ပြုသည့်သတင်းနှင့်ပတ်သက်၍ မစ္စတာပီညဲရိုးက အမေရိကန်ပြည်ထောင်စုမှနေ၍ ကြိုဆိုလိုက်သည်။ ဆက်လက်၍လည်း "အစိုးရက စေ့စပ်ဆွေးနွေးရေးအတွက်၊ ကုလသမဂ္ဂနဲ့ ပြီးတော့ လူ့အခွင့်အရေးကောင်စီနဲ့ တွေ့ဆုံဖို့ဆန္ဒရှိတယ်ဆိုတာဟာ ဒါက အရေးပါတဲ့လက္ခဏာတရပ်ဖြစ်ပါတယ်" ဟု ရိုက်တာသတင်းဌာနသို့ ပြောသည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာကော်မရှင်နာမင်းကြီး လူးဝစ်စ်အာဘာက ထိုကမ်းလှမ်းချက်သည် မြန်မာပြည်၏ သွေးထွက်သံယိုဖြစ်မှုများအား ပြန်လည်ကုစားပေးရန်အားထုတ်နေသည့် ကုလသမဂ္ဂအတွက် အလွန်ပင်အရေးကြီးကြောင်းပြောသွားသည်။

"ကျမတို့အနေနဲ့ ဆန္ဒပြခဲ့ကြသူတွေ ဘာတွေဖြစ်ကုန်ကြပြီလဲဆိုတာကို သေသေချာချာ သိကြရမှာဖြစ်မယ်"ဟု ကနေဒါနိုင်ငံ အော့တာဝါ၌ သတင်းထောက်များအား ပြောကြားလိုက်သည်။

"သူတို့ဘယ်ရောက်ကုန်ကြပြီလဲ။ အသတ်ခံလိုက်ရတဲ့လူဦးရေ အတိအကျ ဘယ်လောက်များခဲ့သလဲ။ ဘယ်လောက်များများ အခုထိ အချုပ်ခံနေရသေးသလဲ။ အကျဉ်းစခန်းတွေထဲက သူတို့ရဲ့အခြေအနေတွေကရော ဘယ်လိုအနေအထားမှာ ရှိနေကြပြီလဲ"ဟာ အာဘာကမေးခွန်းထုတ်ထားသည်။

ဖိတ်ကြားလိုက်သည့်အချိန်က အထူးသတိထားဖွယ်ဖြစ်နေကြောင်း၊ နိုဝင်ဘာလ (၁၇) ရက်နေ့သည် အာဆီယံနိုင်ငံများ၏ အစည်းဝေးကျင်းပမည့်နေ့ဖြစ်နေကြောင်းတို့အား ဘီဘီစီသတင်းထောက် Laura Trevelyan က ကုလသမဂ္ဂမှနေ၍ သတင်းပေးပို့သည်။

မစ္စတာဂမ်ဘာရီသည် ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်အုပ်စုအကြား နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေး စတင်အကောင်အထည်ပေါ်လာစေရန် သူ၏ကြိုးပမ်းမှုများအတွင်း မျှော်လင့်ထားသည်။ အမေရိကန်သံအမတ်က ကုလသမဂ္ဂမှ ဇာလ်မေခါလီဇာတ်သို့ မစ္စတာဂမ်ဘာရီအား နောက်တကြိမ် ပြန်လွှတ်ပေးရန် မေတ္တာရပ်ခံထားသည်။

"ကျနော်တို့အားလုံးက မစ္စတာဂမ်ဘာရီ အဲဒီကိုသွားပြီး တိုးတက်မှုတွေရလာအောင် စွမ်းဆောင်နိုင်ဖို့ မြန်နိုင်သမျှ မြန်မြန်ဖြစ်လာအောင် တောင်းဆိုပါတယ်"ဟု ပြောသည်။ "မြန်မာစစ်အစိုးရက လာခွင့်တော့ပြုပါရဲ့။ နောက်လ နိုဝင်ဘာလနှောင်းပိုင်းမှလို့ ပြောနေတယ်။ ကျနော်တို့က မစ္စတာဂမ်ဘာရီကို အမြန်ဆုံးပြန်သွားစေချင်တာပဲ"

အိန္ဒိယတွင် မစ္စတာဂမ်ဘာရီရှိနေစဉ် အာဆီယံနိုင်ငံများအနေနှင့် မြန်မာ့ပြည်တွင်းရေးအကျပ်အတည်းများကို ဝိုင်းဝန်းဖြေရှင်းပေးရေးတွင် ဦးဆောင်မှုအခန်းမှပါဝင်ပါရန် သတင်းစာရှင်းလင်းပွဲ၌ ထည့်သွင်းပြောကြားသွားခဲ့သည်။

အနောက်နိုင်ငံများက စစ်ဗိုလ်ချုပ်ကြီးများအပေါ်၌ လူထုဖိအားကိုသုံး၍ စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် နည်းလမ်းအသစ်များရှာဖွေကြိုးပမ်းအားထုတ်လျက် နိုင်ငံရေးဖြစ်စဉ်များပြောင်းလဲလာစေရန် နည်းမျိုးစုံသုံး၍ ဖိအားပေးနေသည်။

သံတမန်သတင်းရပ်ကွက်အတွင်း၌မူ မြန်မာစစ်အုပ်စုသည် စီးပွားရေးအရ တိုက်ရိုက်ပတ်သက်ဆက်နွယ်မှုလည်းရှိပြီး ဒေသတွင်း အိမ်နီးချင်းနိုင်ငံများလည်းဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့၏ တိုက်တွန်းအကျပ်ကိုင်မှုလောက်ကိုသာ ဂရုစိုက်လိမ့်မည်ဖြစ်ပုံရသည်ဟု သုံးသပ်နေကြကြောင်းကိုလည်း ကုလသမဂ္ဂသတင်းထောက်က ထပ်လောင်းပြောကြားသွားသည်။ ❖

# တော်လှန်ရေးမာနရှိတဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်သမားဖြစ်ဖို့

ရဲထွဋ်



စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနိုင်မှုဟာ အောင်မြင်မှုရဲ့သော့ချက်ဖြစ်တယ်ဆိုတဲ့ ဆိုရိုးရှိပါတယ်။ အရေးကြီးတာက ပြည်သူလူထုရဲ့အကျိုးစီးပွားပါ။ ဒါကို မျက်ခြေမပြတ် ဦးထိပ်ပန်ဆင်ထားတဲ့ခွဲနဘဲမျိုး၊ စိတ်ရှည်သည်းခံမှုမျိုးရှိရပါမယ်။ အခွင့်အလမ်းလား၊ ထောင်ခြောက်လားဆိုတာတောင် မခွဲခြားတတ်တဲ့ ခေါင်းဆောင်မှုမျိုးကို သမိုင်းအမှိုက်ခြင်းထဲထည့်လိုက်ဖို့ ပြည်သူလူထုက ဘယ်တုံးကမှ မတွန့်ဆုတ်ခဲ့ပါ...

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကိုယ်တိုင်က အကြမ်းမဖက်လှုပ်ရှားမှုအဖြစ် ထုတ်ဖော်ချီးကျူးရတဲ့ သံဃာတော်များဦးဆောင်တဲ့ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပြမှုတွေကို နအဖစစ်အုပ်စုက ရက်ရက်စက်စက် အကြမ်းဖက်နှိမ်နင်းပြီးတဲ့နောက် ထူးခြားစွာတိုးမြှင့်လာတဲ့ နိုင်ငံတကာဖိအားကို ကာကွယ်လိုတာကြောင့် ဗိုလ်သန်းရွှေက ခြွင်းချက် (၄) ချက်ကိုသဘောတူရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သူကိုယ်တိုင်တွေ့မယ်လို့ ကမ်းလှမ်းလာပါတယ်။

ခြွင်းချက် (၄) ချက်ဆိုတာဘာတွေလည်းလို့ ဆက်လေ့လာကြည့်တဲ့အခါ အဲန်အယ်လ်ဒီနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က ထိပ်တိုက်ရင်ဆိုင်ရေးကို မလုပ်တော့ပါဘူး။ စီးပွားရေးပိတ်ဆို့မှု (Sanction) ကိုမထောက်ခံတော့ပါဘူး။ အလုံးစုံပျက်သုဉ်းရေးကိုမကြိုးပမ်းတော့ပါဘူး။ အဖျက်အမှောင့်လုပ်ငန်းတွေမလုပ်တော့ပါဘူးလို့ ပထမဦးဆုံးဝန်ခံရမယ်တဲ့။ ဒါဆိုဒေါ်စုနဲ့တွေ့မယ်ပေါ့။ သည်ကိစ္စနဲ့ပတ်သက်ပြီး အဲန်အယ်လ်ဒီရဲ့ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းက သူတို့မလုပ်ခဲ့တဲ့အလုပ်တွေ၊ လုပ်ပါတယ်လို့ဝန်ခံခိုင်းတာဖြစ်နေတယ်လို့ဆိုပါတယ်။ မြန်မာ့အရေးလေ့လာသူ ဝါရင့်သုတေသီတဦးကလည်း ဒေါ်စုနဲ့အဲန်အယ်လ်ဒီသာ ဒီလိုဝန်ခံခဲ့ရင် သံဃာတော်များဦးဆောင်တဲ့ ရွှေဝါရောင်တော်လှန်ရေးကို နအဖက အကြမ်းဖက်နှိမ်နင်းတာမှန်တယ်။ အခုဖြစ်နေတဲ့ နိုင်ငံရေးပြဿနာအားလုံးဟာ အဲန်အယ်လ်ဒီနဲ့ ဒေါ်စုကြောင့်ဖြစ်တာမို့ နအဖလုပ်တာ မှန်တယ်လို့ ဝန်ခံခိုင်းသလိုဖြစ်သွားမယ်လို့ဆိုပါတယ်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့အပါအဝင် နိုင်ငံတကာခေါင်းဆောင်များကတော့ ကြိုတင်စည်းကမ်းသတ် မှတ်ချက်များချမှတ်ပြီးမှ တွေ့ဆုံဆွေးနွေးဖို့လုပ်တာဟာ မဖြစ်သင့်ဘူးလို့ဆိုကြပါတယ်။

အခု ၂၀၀၇ ခုနှစ်မှာ ဗိုလ်သန်းရွှေရင်ဆိုင်နေရတဲ့ ပြည်တွင်းမှာလည်းပြဿနာတွေကြုံ၊ ပြင်ပကဖိအားပေးတာကို လည်းခံနေရတဲ့အနေအထားမျိုးကို တောင်အာဖရိကမှာ အသားအရောင်ခွဲခြားရေး လူဖြူအစိုးရ သမတဘိုသာလည်း ရင်ဆိုင်ခဲ့ရဖူးတယ်။ အဲဒီလိုအခြေအနေမှာ သမတဘိုသာက ၁၉၈၅ ဇန်နဝါရီလ (၃၁) ရက်နေ့မှာ ထောင်ဒဏ် (၂၆) နှစ် ကျခံနေရတဲ့ အေအဲန်စီခေါင်းဆောင် နယ်ဆင်မင်ဒဲလားကို အကြမ်းဖက်မှု (Violence) ကို နိုင်ငံရေးလက်နက်တခုအဖြစ်အသုံးချတာ ခြွင်းချက်မရှိစွန့်လွှတ်ရင် ပြန်လွှတ်ပေးမယ်လို့ ပါလီမန်မိန့်ခွန်းကတဆင့်ကမ်းလှမ်းခဲ့ဖူးတာ သွားသတိရတယ်။ အဲ့သည်ကမ်းလှမ်းချက်ကို အခြားနိုင်ငံရေးအကျဉ်းသားအားလုံးအပေါ်ကိုလည်း တိုးချဲ့ကမ်းလှမ်းခဲ့တယ်။ ဒါ့အပြင် "ဒါကြောင့် အခုဆိုရင် မစ္စတာမင်ဒဲလားရဲ့လွတ်မြောက်မှုကို အဟန့်အတားပြုနေတာက တောင်ကဖရိကအစိုးရမဟုတ်တော့ပါဘူး။ မင်ဒဲလားကိုယ်တိုင်ပဲဖြစ်တော့တယ်" လို့ ထပ်ပြီးစိန်ခေါ်ခဲ့ပါသေးတယ်။

နှိုင်းယှဉ်ချက်အရကြည့်ရင် ဗိုလ်သန်းရွှေထက် ဘိုသာက စျေးအများကြီးပေးခဲ့တယ်။ ပါလီမန်ကနေတဆင့် ကမ်းလှမ်းတာဖြစ်လေတော့ တရားဝင်မှုလဲပိုရှိပါတယ်။ ခြွင်းချက်မှာလဲ ဒေါ်အောင်ဆန်းစုကြည်လုပ်ရမယ့်ကိစ္စက မင်းဒဲလားလုပ်ရမှာထက် အများကြီးပိုပါတယ်။ သည်ကမ်းလှမ်းချက်ဟာ မင်ဒဲလားကိုလွှတ်ပေးဖို့အစိုးရက ခြောက်ကြိမ်မြောက်ခြွင်းချက်နဲ့ ကမ်းလှမ်းတာဖြစ်ပါတယ်။

၁၉၈၅ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ဆို ဗီတိုမြို့ ဂျာဘူလာနီအားကစားကွင်းမှာ ကျင်းပခဲ့တဲ့ ယူဒီအက်ဖ်လူထုအစည်းအဝေးမှာ ဘိုသာရဲ့ခြွင်းချက်နဲ့ အဲဒီကမ်းလှမ်းချက်ကို တုန့်ပြန်လိုက်တဲ့မင်ဒဲလားရဲ့ ပြန်ကြားချက်မိန့်ခွန်းကို မင်ဒဲလားရဲ့သမီးဇင်ဇီက ဖတ်ပြခဲ့တယ်။

"အစိုးရက ကျနော့်အပေါ်ချမှတ်လိုတဲ့ခြွင်းချက်တွေကို ကျနော်အံ့ဩမိတယ်။ ကျနော်ဟာ လူကြမ်းတယောက်မဟုတ်ပါဘူး။ ကျနော်တို့အတွက် တခြားခုခံဆန့်ကျင်ရေးသဏ္ဍာန်လမ်းကြောင်းတွေအားလုံး ပိတ်သွားတော့တဲ့အခါမှ ကျနော်တို့ဟာ လက်နက်ကိုင်တိုက်ပွဲဘက်လှည့်တာဖြစ်တယ်။ ဘိုသာဟာ [ယခင် ဝန်ကြီးချုပ်တွေဖြစ်ခဲ့တဲ့] မာလန်၊ စထရီဒွမ်၊ ဗားဝုဒ်တို့နဲ့မတူကြောင်း ပြပါ။ အကြမ်းဖက်မှုစွန့်လွှတ်ကြောင်း ကြေညာလိုက်စမ်းပါ။ အသားအရောင်ခွဲခြားရေးဝါဒဖျက်သိမ်းမယ်လို့ပြောလိုက်ပါ။ ပြည်သူလူထုရဲ့အဖွဲ့အစည်းဖြစ်တဲ့ အာဖရိကအမျိုးသားကွန်ဂရက်ကို မတရားသင်းကြေညာတာရုပ်သိမ်းပစ်ပါ။ အသားအရောင်ခွဲခြားရေးဝါဒဆန့်ကျင်မှုကြောင့် ထောင်ကျခံနေရသူတွေ၊ နယ်နှင်ဒဏ်ခံနေရသူတွေ၊ ပြည်နှင်ဒဏ်ခံနေရသူတွေအားလုံးကို လွတ်လပ်ခွင့်ပေးလိုက်ပါ။ ပြည်သူလူထုက ကိုယ့်အုပ်ချုပ်မယ့်သူကို ရွေးချယ်ဆုံးဖြတ်နိုင်ဖို့ လွတ်လပ်စွာနိုင်ငံရေးလှုပ်ရှားခွင့်ကို အာမခံလိုက်စမ်းပါ ...."

"ကျနော်ဟာ ကိုယ့်လွတ်လပ်မှုကို အင်မတန် တန်ဖိုးထား လိုလားပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ရဲ့လွတ်လပ်မှုကို ပိုလို့တောင် တန်ဖိုးထားလိုလားတယ်။ ကျနော်ထောင်ထဲရောက်တဲ့ အခါသမယနောက်ပိုင်း လူပေါင်းများစွာသေကြေခဲ့ကြရပြီး လွတ်လပ်မှုကို မြတ်နိုးလို့ လူပေါင်းများစွာဒုက္ခခံစားခဲ့ကြရပါပြီ။ အဲဒီသေဆုံး ဒုက္ခရောက်သူတွေအတွက် ပူဆွေးငိုကြွေးခဲ့ကြတဲ့ ကျန်ရစ်သူမုဆိုးမတွေ၊ ကျန်ရစ်သူ ဖတဆိုးမိတဆိုးတွေ၊ ကျန်ရစ်သူမိခင်နဲ့ဖခင်တွေအပေါ် ကျနော်အကြွေးတင်နေပါတယ်။ ဒီရှည်ကြာပြီး အထီးကျန်နိုင်တဲ့၊ အလဟဿဖြစ်သွားတဲ့နှစ်ကာလများအတွင်း ကျနော်တယောက်ထဲသာ ဒုက္ခခံစားခဲ့ရတာမဟုတ်ပါဘူး။ ကျနော်ဟာ ကိုယ့်ဘဝကိုယ်ခင်တွယ်ရာမှာ ခင်ဗျားတို့ထက် မလျော့ပါဘူး။ ဒါပေမယ့် ကျနော်ဟာ ကိုယ်လွတ်ဖို့အတွက် ကိုယ့်မွေးရာပါအခွင့်အရေးကို ရောင်းစားမပစ်နိုင်ပါဘူး။ အလားတူပဲ ပြည်သူတွေရဲ့မွေးရာပါအခွင့်အရေးကိုလည်း ရောင်းစားဖို့အတွေးအခေါ်မရှိပါဘူး ...."

"ပြည်သူလူထုရဲ့အဖွဲ့အစည်း ပိတ်ပင်ခံနေရတဲ့အချိန်မှာ ကျနော့်ကိုကမ်းလှမ်းလာတာဟာ ဘာလွတ်လပ်မှုလဲ။ ကျနော့်ကို ခရီးသွားခွင့်လက်မှတ်ပြစ်မှုနဲ့ အဖမ်းခံရနိုင်စရာရှိတဲ့အခြေအနေမှာ ကျနော့်ကိုကမ်းလှမ်းလာတာ ဘာလွတ်လပ်မှုလဲ။ ဘရင်းဖို့မြို့ကို နယ်နှင်ဒဏ်ခံနေရတဲ့ ကျနော့်ရဲ့ချစ်လှစွာသောဇနီးသည်နဲ့အတူ မိသားစုဘဝခံစားရဖို့ ကျနော့်ကိုကမ်းလှမ်းလာတာ ဘာလွတ်လပ်မှုလဲ။ မြို့ထဲနေရဖို့ ခွင့်ပြုချက်လျှောက်ရတဲ့အခြေအနေမှာ ကျနော့်ကမ်းလှမ်းလာတာ ဘာလွတ်လပ်မှုလဲ။ ကျနော့်ရဲ့ တောင်အာဖရိကနိုင်ငံသားဖြစ်မှုကိုယ်၌က မလေးစားခံရတဲ့အခြေအနေမှာ ကျနော့်ကို ကမ်းလှမ်းလာတာ ဘာလွတ်လပ်မှုလဲ ...."

"*လွတ်လပ်တဲ့လူတွေသာ စေ့စပ်ဆွေးနွေးနိုင်ပါတယ်။ အကျဉ်းသားတွေဟာ ဆွေးနွေးသဘောတူချက်တွေ လုပ်လို့မရနိုင်ပါဘူး။ ကျနော်နဲ့တကွ ခင်ဗျားတို့ပြည်သူတွေ လွတ်လပ်မှုမရှိချိန်မှာ ကျနော့်အနေနဲ့ ဘာကိုမှ ကတိပေးသဘောတူမှုမလုပ်နိုင်ပါဘူး။ လုပ်လိမ့်မှာလည်းမဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့ လွတ်လပ်မှုနဲ့ ကျနော့်လွတ်လပ်မှု ခွဲခြားမရနိုင်ပါဘူး။ ကျနော်ပြန်ကိုလာမှာပါ....*"

အေအဲန်စီနဲ့မင်ဒဲလားဟာ ဘိုသာရဲ့ ထောင်ချောက်ထဲကိုမကျခဲ့သလို အဲန်အယ်လ်ဒီနဲ့ဒေါ်စုဟာလည်း သန်းရွှေရဲ့ကျော့ကွင်းထဲကို ဘယ်တော့မှဆင်းမှာမဟုတ်ပါ။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အမှန်တကယ်ရှေးရှုတဲ့၊ နှစ်ဖက်နှစ်ဝတန်းတူပြီး ဂုဏ်သိက္ခာရှိတဲ့ဆွေးနွေးပွဲမျိုး၊ တနည်းအားဖြင့် ပြည်သူလူထုကြီးတရပ်လုံးရဲ့ ရေရှည်အကျိုးစီးပွားအတွက် ရလဒ်ကောင်းများပေါ်ထွန်းဖို့ဆိုရင် ဗမာပြည်သူတွေဟာ မင်ဒဲလားနဲ့ အေအဲန်စီတို့လိုပဲ လွတ်မြောက်ရာလမ်းကြောင်းသို့ခရီးရှည်ကြီးကို လျှောက်ကြရဦးမှာဖြစ်ပါတယ်။ မင်ဒဲလားရဲ့စကားနဲ့ပြောရရင် တော်လှန်ရေးမာနရှိတဲ့ ဘယ်လွတ်လပ်ရေးတိုက်ပွဲဝင်သမားကမှ သူဆန့်ကျင်တိုက်ခိုက်နေတဲ့အစိုးရရဲ့ အမိန့်ပေးစေခိုင်းမှုကို လိုက်လျှောမှာမဟုတ်ပါဘူး။

မင်ဒဲလားနဲ့ဘိုသာတို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်စေဖို့အတွက် နိုင်ငံရေးတိုက်ပွဲဟာ အတော်ပြင်းထန်ပါတယ်။ အချိန်လည်းအတော့်ကိုယူရပါတယ်။ အစိုးရကအေအဲန်စီအပေါ် တွေ့ဆုံဆွေးနွေးရေးကြိုတင်စည်းကမ်းသတ်မှတ်ချက် (၃) ရပ်က အကြမ်းဖက်မှု (violence) စွန့်လွှတ်ဖို့၊ တောင်အာဖရိကကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ဖြတ်ဖို့နဲ့ လူများစုအုပ်ချုပ်ရေးတောင်းဆိုမှုစွန့်လွှတ်ဖို့ဆိုတာဖြစ်လေတော့ ဗိုလ်သန်းရွှေက ဒေါ်စုအပေါ်ထားတဲ့ အင်မတန်ရန်လိုပြီး အာဃာတထား အငြိုးကြီးတဲ့တောင်းဆိုချက် (၄) ရပ်နဲ့စာရင် ဆီနဲ့ရေလိုကွာပါသေးတယ်။

မင်ဒဲလားကတုံ့ပြန်တဲ့မက်ဇေ့ (message) ကတော့ အင်မတန်ရှင်းတယ်။ ပထမအချက်ကို "အကြမ်းဖက်စွန့်လွှတ်ဖို့ဆိုတာ ခင်ဗျားတို့ရဲ့တာဝန်ဖြစ်တယ်။ ကျနော်တို့အပေါ်မတည်ဘူး"လို့ပြောလိုက်တယ်။ တောင်အာဖရိကကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ဖြတ်ဖို့ဆိုတာနဲ့ပတ်သက်လို့ကတော့ "ဘုံရန်သူတဦးရဲ့တောင်းဆိုမှုကြောင့် တသက်တာလက်တွဲခဲ့တဲ့မိတ်ဆွေကို စွန့်ပစ်ရင် ဘယ်ဂုဏ်သရေရှိပုဂ္ဂိုလ်မှ သူ့ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို ဆက်ရမှာမဟုတ်ဘူး" လို့ တုန့်ပြန်ခဲ့တယ်။ တတိယအချက်နဲ့ပတ်သက်လို့လဲ "လူများစုအုပ်ချုပ်ရေးနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးဟာ ဒင်္ဂါးတပြားတည်းရဲ့ ခေါင်းနဲ့ပန်းလိုပဲ။ လူများစုအုပ်ချုပ်ရေးမှုကို အပြည့်အဝမကျင့်သုံးမချင်း ဒီတိုင်းပြည်မှာ ဘယ်တော့မှငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုရှိမှာမဟုတ်ဘူးဆိုတာ လူဖြူတောင်အာဖရိကအစိုးရက လက်ခံရုံပဲရှိတယ်"လို့ တုံ့ပြန်ခဲ့တယ်။ ဘယ်လောက်မှုအပေါ်မှာ ခိုင်မာတည်

စာမျက်နှာ (၉) ကော်လံ (၁) သို့ ...

# ဆန္ဒကျင်ရေးလှုပ်ရှားမှုများတွင်းပါဝင်ခဲ့သည့် စာပေနှင့်အနုပညာရှင်များ၏လုပ်ပိုင်ခွင့်ကို စစ်အစိုးရပိတ်ပင်



စာရေးဆရာကြီးဒဂုန်တာရာ

အောက်တိုဘာ ၁၇

စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခဲ့သည်ဟုဆိုကာ နာမည်ကျော်စာရေးဆရာကြီး ဒဂုန်တာရာနှင့်လူထုစိန်ဝင်း၊ ကာတွန်းဆရာအော်ပီကျယ်အပါအဝင် နာမည်ကျော်စာရေးဆရာ (၂၂) ဦးတို့၏စာမူများကို ထည့်သွင်းဖော်ပြခြင်းမပြုရန်နှင့် ခွင့်ပြုပြီးသားဖြစ်သည့်စာမူများကိုလည်း ပြန်လည်ပိတ်ပင်ရန် ရန်ကုန်မြို့ စာပေစိစစ်ရေးအဖွဲ့က မဂ္ဂဇင်းနှင့်ဂျာနယ်တိုက်များသို့ လျှို့ဝှက်စာထုတ်၍ ညွှန်ကြားထားသည်ဟုသိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ (၂၄) ရက်နေ့က ရွှေတိဂုံဘုရားရှိ ကြေးသွန်းဘုရားတွင် ကံဆောင်သပိတ်မှောက်ခဲ့ကြသည့် သံဃာတော်များအားဆွမ်းကပ်ရာတွင် ပါဝင်ခဲ့သည့်အနုပညာရှင်များဖြစ်ကြသော စာရေးဆရာ မာဂျေ၊ စာရေးဆရာမ သန်းမြင့်အောင် (နာရေးကူညီမှုအသင်း ဒုဥက္ကဋ္ဌ)၊ ကိုစိုးဝင်းငြိမ်း (ဒီဇိုင်းနှင့် ဓာတ်ပုံပညာရှင်)၊ ကိုဦးဆွေ (စာရေးဆရာနှင့် Middle Line တာဝန်ခံအယ်ဒီတာ)၊ ဘောလုံးဆောင်းပါးရှင် ကိုဇော်သက်ထွေး၊ ရုပ်ရှင်နှင့်ဟာသသရုပ်ဆောင် ဟာသမင်းသား ပိုးဖြူ၊ ကာတွန်းဆရာအော်ပီကျယ်၊ လူထုဒေါ်အမာ စသည့် စာပေနှင့်အနုပညာရှင်များ၏ လုပ်ပိုင်ခွင့်များကို အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း သိရသည်။

ထိုသို့ပိတ်ပင်ခံရသည့် ကာယကံရှင်စာပေနှင့်အခြားအနုပညာရှင်များထံသို့ တရားဝင်အကြောင်းကြားခြင်းမရှိခဲ့သော်လည်း ပြန်ကြားရေးဝန်ကြီးလက်အောက်ရှိ ဆင်ဆာဘုတ်အဖွဲ့က သူတို့၏ကလောင်အမည်ပါစာမူများကို ထည့်သွင်းထုတ်ဝေသောဂျာနယ်၊ မဂ္ဂဇင်းများကို စိစစ်ရေးသို့တင်သည့်အခါတွင် အကြောင်းပြချက်ပေးခြင်းမရှိဘဲ ဖြုတ်ချခံရသည်ဟု သိရသည်။

ကလောင်နာမည်များ အပိတ်ခံလိုက်ရခြင်းကို အထူးတလည် တုန်လှုပ်မှုမျိုးမဖြစ်ခဲ့သော်လည်း စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် စာရေးဆရာများအတွက် စိတ်မကောင်းဖြစ်မိကြောင်း စာရေးဆရာကြီးဒဂုန်တာရာက ပြောဆိုခဲ့သည်။

နာမည်ကြီးစာရေးဆရာများရေးသားသည့်စာပေများကိုသာ အဓိကရှာဖွေဖတ်ရှုသည့်ပရိတ်သတ် အများအပြားရှိသည့်အတွက် ယခုကဲ့သို့ စာရေးခွင့်ပိတ်ပင်လိုက်ခြင်းကြောင့် စာဖတ်သူဦးရေလျော့နည်းသွားပြီး ဂျာနယ်နှင့်မဂ္ဂဇင်းများ၏ရပ်တည်ရေးလည်း ပိုမိုခက်ခဲသွားနိုင်ကြောင်း စာပေအသိုင်းအဝိုင်းမှ သတင်းများထွက်လာသည်။

စာပေအနုပညာရှင်များအနေဖြင့် ကလောင်နာမည်တခုမွေးဖွားလာစေရန်မှာ လွယ်ကူသည့်ခရီးမဟုတ်ဘဲ ဘဝနှင့်ရင်းနှီးလာခဲ့သည့် စာပေအနုပညာရှင်များအား စာရေးသားခွင့်ကိုပိတ်ပင်လိုက်ခြင်းသည် စာပေအနုပညာရှင်များ၏ကလောင်သွေးများ သာမက၊ အသက်ကိုပါသတ်လိုက်ခြင်းနှင့်အတူတူဖြစ်ကြောင်း ဝါရင့်မဂ္ဂဇင်းအယ်ဒီတာတဦးက ပြောဆိုခဲ့သည်။

❖

## အဖမ်းခံထားရသည့်သတင်းထောက်များပြန်လွှတ်ပေးရန် နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (အာအက်စ်အက်ဖ်) နှင့် မြန်မာသတင်းသမဂ္ဂ (ဘီအမ်အေ) တို့မှတောင်းဆို

အောက်တိုဘာ ၂၃

လူထုဆန္ဒပြပွဲများအတွင်း ဖမ်းဆီးခံခဲ့ရသည့် သတင်းထောက် (၃) ဦးနှင့်တကွ ယခင်ကတည်းက နအဖစစ်အစိုးရမှ ဖမ်းဆီးထိန်းသိမ်းထားသည့် သတင်းထောက်များအားပြန်လွှတ်ပေးရန် (RSF) နှင့် (BMA) တို့မှတောင်းဆိုခဲ့သည်။

ယခုလဆန်းပိုင်းအတွင်းကပင် ဆူးလေဘုရားအနီးတွင် ဓာတ်ပုံရိုက်နေသည်ကိုတွေ့ခဲ့သည့် ဂျာမန်သတင်းအေဂျင်စီ (EPA) တွင် ဓာတ်ပုံသတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်နေသည့်ကိုသူရစိုးမှာ ဖမ်းဆီးခံရသည့် စာရင်းတွင်လည်းမပါဝင်၊ မည်သည့်နေရာသို့ရောက်ရှိနေမှန်းလည်း မသိရှိရကြောင်း သိရပေ။ ထို့ပြင် အခြားသူများမှာ weekly Eleven မှ ကိုဝင်းကိုကိုလတ်၊ 7 Days မှ ကိုနေလင်းအောင်၊ ဓာတ်ပုံဆရာ ကိုဝင်းခိုင်တို့မှာ ဖမ်းဆီးခံထားရသည်ဟုသိရသည်။

အောက်တိုဘာလ (၁၇) ရက်နေ့တွင်မူ ရုပ်ရှင်မင်းသား ကိုကျော်သူတို့ ဇနီးမောင်နှံ၊ လူရွှင်တော် ဇာဂနာခေါ် ကိုသူရ၊ မဇ္ဈိမလှိုင်းတေးဂီတမှ တေးရေးဆရာကိုရဲလွင်၊ စာရေးဆရာမောင်ရန်ပိုင်နှင့် ဓာတ်ပုံဆရာ မင်းထင်ကိုကိုကြီးတို့အား နအဖစစ်အုပ်စုကပြန်လွှတ်ပေးခဲ့သော်လည်း အိမ်များသို့လာရောက်ရှာဖွေခံနေရသည့်အတွက် မိမိတို့အိမ်များတွင် နေ၍မဖြစ်နိုင်တော့သည့်အတွက် ရှောင်တိမ်းပုန်းအောင်းနေရသည့် စာရေးဆရာ၊ သတင်းစာဆရာများသည်လည်း (၈) ဦး၊ (၉) ဦးခန့်ရှိကြောင်းလည်းသိရှိရသည်။

ဆရာကြီး ဦးဝင်းတင်၊ မုံရွာ အောင်ရှင်း (စာမော်ကွန်း)၊ ဓမ္မရိပ်သတင်းစာမှ ကိုမိုးထွန်း၊ အလွတ်သတင်းထောက် ကိုနေမင်းနှင့် ဓာတ်ပုံဆရာကိုသောင်းစိန်တို့မှာ ယခုအရေးအခင်းမတိုင်မီကပင် ဖမ်းဆီးခံထားရသူများဖြစ်သည်။ ❖

# စက်တင်ဘာသပိတ်တိုက်ပွဲများအတွင်း ပါဝင်ခဲ့သူများအား နအဖစစ်အစိုးရမှတန်ပြန်ရိုက်ကူးထားသည့်ဓာတ်ပုံများဖြင့် ရှာဖွေဖမ်းဆီး



စက်တင်ဘာသပိတ်တိုက်ပွဲတွင်း ပါဝင်လှုပ်ရှားခဲ့သည့် ပြည်သူလူထု

အောက်တိုဘာ (၁၂)

ပြီးခဲ့သည့် စက်တင်ဘာသပိတ်တိုက်ပွဲအတွင်းပါဝင်ခဲ့သူများကို ဓာတ်ပုံများဖြင့်တိုက်ကြည့်စစ်ဆေး၍ဖမ်းဆီးရန်၊ ညွှန်ကြားချက်တစောင်ထုတ်ပြန်ထားကြောင်းသိရသည်။

ကျောက်တံတားမြို့နယ်၊ လမ်း (၄၀) ရှိ ရယရုံးအဖွဲ့ဝင်တဦးက "ဒီလ (၇) ရက်နေ့က စစ်ဒေသကနေညွှန်ကြားချက်ရောက်လာတယ်။ ဓာတ်ပုံတွေပါတဲ့ စီဒီပို့ပေးမယ်။ အဲ့ဒါကိုကြည့်ပြီး ကိုယ့်ရပ်ကွက်ထဲက ဘယ်သူတွေပါသလဲသိရင်ဖမ်းပေးဖို့ပါ"ဟု ပြောသည်။

ကျောက်တံတားမြို့နယ်မှာဖြစ်သည့် ဆန္ဒပြပွဲတွင် မြို့နယ်ထဲမှလူများလည်း ပါဝင်ကြည့်ရှုအားပေးခဲ့မည်ဖြစ်ပြီး ဤသို့ကြည့်ရှုရုံမျှဖြင့် သာမန်ပြည်သူများအားဖမ်းဆီးရန် ရယကအဖွဲ့ဝင်များအနေဖြင့်လည်း စိတ်မပါကြောင်းသိရသည်။

ကျောက်တံတားမြို့နယ် မြို့ခံတဦးက ဓာတ်ပုံနှင့်တိုက်ပြီးဖမ်းဆီးမည်ဆိုပါက ထွက်ပြေးတိမ်းရှောင်မည်မဟုတ်ကြောင်း၊ အဖမ်းခံရန်အသင့်ရှိကြောင်း၊ တသိန်းလောက်ရှိသည့်လူအုပ်ကြီးအားလုံးကို ဖမ်းဆီးနိုင်ပါကဖမ်းပါစေ။ ဂရုမစိုက်ကြောင်းပြောဆိုခဲ့သည်။

နအဖစစ်အုပ်စုက ငြိမ်းချမ်းစွာမေတ္တာပို့စီတန်းလမ်းလျှောက်ခဲ့သည့် သံဃာတော်များအား ညှိုးသူရန်ဘက်သဖွယ် ပစ်ခတ်ရိုက်နှက် ဖမ်းဆီးမှုများပြုလုပ်ခဲ့ပြီးသည့်နောက် ကျောင်းတိုက်များသို့လည်း ညစဉ်ညတိုင်း ဝင်ရောက်ဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။ ဤသို့ဖမ်းဆီးရာတွင် အသက် (၆) နှစ် (၇) နှစ်အရွယ်ကိုရင်ကလေးများကိုပင် ချန်ထားခဲ့ခြင်း မရှိကြောင်းနှင့် သံဃာများအားရေကပ်၊ ဆွမ်းကပ်ခဲ့သူများနှင့် သံဃာထုနောက်မှလိုက်ပါခဲ့သူများကိုပါ ဖမ်းဆီးမည့်ပုံရှိသည်ဟု သိရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ ယခုလ (၁၁) ရက်နေ့အထိ စုဆောင်းရရှိထားသည့်စာရင်းအရ ပြီးခဲ့သည့်ဩဂုတ်လမှစတင်ခဲ့သည့် သံဃာနှင့်လူထုပါဝင်သည့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်လှုပ်ရှားမှုတွင် ပါဝင်သူများအနက် (၅၀၀) ကျော်ဖမ်းဆီးခံနေရပြီး (၁၂) ဦးသေဆုံးကာ၊ ပျောက်ဆုံးသူ (၄၀) ဦးရှိကြောင်းသိရသည်။

ယခုလက်ရှိအခြေအနေအထိ အဖမ်းအဆီးများလျော့နည်းသွားခြင်းမရှိသေးဘဲ ဆုတောင်းဆန္ဒပြရာတွင်ပါဝင်သည့် သံဃာတော်များအပြင် ကျောင်းသားပြည်သူများကိုလည်း ပိုက်စိပ်တိုက်ရှာဖွေဖမ်းဆီးနေဆဲဖြစ်သည်။ ❖

# ကိုယ်ပျောက်ဆန္ဒပြပွဲများဖြင့် စစ်အုပ်စုအား ဆက်လက်တိုက်ပွဲဝင်

အောက်တိုဘာလ (၁၁)

စစ်အုပ်စုမှ နေဝင်မီးငြိမ်းအမိန့်၊ လူမစုရအမိန့်များထုတ်ခြင်း၊ ပစ်ခတ်သတ်ဖြတ်ခြင်းတို့ဖြင့် ပြည်သူ့သပိတ်ကို တားဆီးနေသည့်ကြားမှ ကျောင်းသားလူငယ်များသည် ထိပ်တိုက်ရင်ဆိုင်နည်းမဟုတ်သည့် ဆန္ဒပြနည်းသစ်များကို ရှာဖွေကြံဆလျက် ဆန္ဒပြနေကြဆဲဖြစ်သည်။

ရန်ကုန်မြို့ရှိ ပြည်ထောင်စုတံတား၊ သံလျှင်ကုန်းကျော်တံတား၊ သံလျှင်ရထားတွဲများနှင့် တိုးကြောင်ကလေးရထားတွဲများတွင် စစ်အစိုးရလက်မခံနိုင်သည့်စာလုံးများဖြစ်သည့် "Freedom (လွတ်လပ်ခြင်းနှင့်) Killer Than Shwe (လူသတ်သမားသန်းရွှေ)" ဆိုသည့်စာသားများကို မှုတ်ဆေးဗူးများ အသုံးပြုပြီး ရေးသားခဲ့ကြခြင်းဖြစ်သည်။

"မြို့ထဲက ပြည်ထောင်စုကုန်းကျော်တံတားရယ်၊ နောက်သံလျင်သွားတဲ့ရထားရဲ့နောက်ဆုံးသုံးတွဲရယ်၊ နောက်ပြီးတော့ တိုးကြောင်ကလေး သွားတဲ့ရထားရယ်။ အဲဒီအပေါ်မှာလုပ်ဖြစ်တယ်။ Freedom ဆိုတဲ့စာတမ်းရယ်၊ ဘေးကသန်းရွှေဆိုတဲ့စာရယ်ပေါ့။ တချို့ကို အင်္ဂလိပ်လိုရေးတယ်၊ တချို့လည်း ဗမာလိုပဲရေးလိုက်ကြတယ်။ Freedom တို့၊ Killer သန်းရွှေတို့ဆိုတာကတော့ လူတိုင်း သိသိမသိသိ၊ သန်းရွှေဆိုတာကတော့ လူတိုင်းကသိနေတာပဲလေ။ သံလျင်ရထားဆိုတာက လယ်ကွင်းတွေဘက်ကို ဖြတ်မောင်းကြတာများတယ်လေ။ ဆိုတော့ တောသူတောင်သားတွေများသောအားဖြင့် ကြည့်ကြတယ်။ တယောက်စ၊ နှစ်ယောက်စ သိလာကြတာဆိုတော့ စိတ်ဝင်စားလို့ပေါ့နော်။ တိုးကြောင်ကလေးဘက်ဆိုရင်တော့ လူတော်တော်များများသိမယ်" ဟု ထိုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူ အမျိုးသမီးငယ်တဦးကပြောသည်။

ပြီးခဲ့သည့် ဩဂုတ်လမှစတင်၍ ငြိမ်းချမ်းစွာ သပိတ်မှောက်ကံဆောင်နေကြသော ရဟန်းသံဃာများနှင့် ပြည်သူလူထုအား စစ်အုပ်စုမှ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်နှိမ်နင်းခဲ့သဖြင့် ရဟန်းရှင်လူပြည်သူများစွာ အသက်ဆုံးရှုံးခဲ့ကြရသည်။ ညအချိန်များတွင်လည်း ဘုန်းကြီးကျောင်းများသို့ အဓမ္မစီးနင်းဝင်ရောက်ရှာဖွေဖမ်းဆီးနေသောကြောင့် ရဟန်းရှင်လူပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရပြီး ဆန္ဒပြပွဲများ ငြိမ်သက်နေခဲ့သည်။ ကျောင်းသားလူငယ်များသည် မိမိတို့၏ နအဖစစ်အုပ်စုအပေါ်သဘောထားများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆန္ဒပြဖော်ထုတ်နေကြဆဲဖြစ်သည်။

ယခုလ (၇) ရက်နေ့ မနက်ပိုင်းတွင်လည်း ရန်ကုန်မြို့၏ အဓိကလူစည်ကားရာနေရာများဖြစ်သော ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်၊ ဆူးလေစေတီအနီး မြို့တော်ခန်းမရှေ့ရှိမဟာဗန္ဓုလပန်းခြံအတွင်းမှ လွတ်လပ်ရေးကျောက်တိုင်နှင့် နာမည်ဆိုးဖြင့်ကျော်ကြားသော အင်းစိန်ထောင်အဝင်ဝတို့တွင်လည်းကောင်း စစ်အစိုးရဆန့်ကျင်ရေးပိုစတာများကို ကပ်ထားကြောင်း မျက်မြင်များက ပြောကြားသည်။

ဗိုလ်ချုပ်ကြေးရုပ်တွင် ကပ်ထားသောပိုစတာတွင် "ဖခင် ဗိုလ်ချုပ်၊ ဗိုလ်ချုပ်–ဗိုလ်ချုပ်ထားခဲ့တဲ့ စစ်တပ်က လူသတ်နေပြီ။ ဗိုလ်ချုပ်–ဗိုလ်ချုပ်ထားခဲ့တဲ့ စစ်တပ်ဟာ ရဟန်းသံဃာတွေကို သတ်နေပြီ။ ဗိုလ်ချုပ်–ဗိုလ်ချုပ်ချစ်တဲ့စစ်တပ်ဟာ ရဟန်းရှင်လူပြည်သူတွေကို ဥပဒေမဲ့ဖမ်းဆီးနေပြီ" ဟုလည်းကောင်း၊ မဟာဗန္ဓုလပန်းခြံထဲရှိ လွတ်လပ်ရေးကျောက်တိုင်၌ ကပ်ထားသော ကတ်ထူစက္ကူပိုစတာတွင် "အမှားပြင်ဆင်ချက်" ခေါင်းစဉ်အောက်၌ "(၁၉၄၈) ဇန်နဝါရီလ (၄) ရက်နေ့တွင်ကမ္ပည်းထိုးခဲ့သော ဆူးလေစေတီအနီး မြို့တော်ခန်းမရှေ့ရှိ ကျောက်တိုင်ကို လွတ်လပ်ရေးကျောက်တိုင်ဟု မှားယွင်းစွာ ကမ္ပည်းထိုးမိပါသည်"ဟု လည်းကောင်း၊ အင်းစိန်ထောင်အဝင်ဝတွင် "စတင်လက်ခံနေပါပြီ" ဟု ရေးသားထားသည့်ခေါင်းစဉ်အောက်တွင် "ယနေ့မှစ၍ အင်းစိန်ထောင်မှ လာဘ်ပေးလာဘ်ယူများကို စတင်ဆောင်ရွက်နေပါသည်"ဟု လည်းကောင်း၊ ဒုတိယစာရွက်တွင် "နိဗ္ဗာန်နဲ့ငရဲခန်း"ခေါင်းစဉ်အောက်၌ "အင်းစိန်ထောင်သည် ငွေပေးသူများအတွက် နိဗ္ဗာန်ဖြစ်သည်။ အင်းစိန်ထောင်သည် ငွေမပေးသူများအတွက် ငရဲဖြစ်သည်"ဟုလည်းကောင်း ကပ်ထားကြောင်း မျက်မြင်များမှပြောကြားသည်။

❖

# အတုကို အစစ်ဖြစ်အောင် ပြောင်းပစ်နိုင်သူဟာ လူထုဖြစ်တယ်

ဒွန်မှိုင်း



> အဖြေကိုလိုချင်ရင် အဖြေရနိုင်လောက် တဲ့ အခင်းအကျင်း
> ပြည့်စုံရပါလိမ့်မယ် . . . ၊
> . . . အဖြေကို လိုချင်တာမဟုတ်ဘဲ
> . . . အဖြေ ရှာချင်ယောင်ဆောင်ရုံလောက်နှင့်တော့
> . . . ဘာမှဖြစ်လာနိုင်မယ် မဟုတ်ပါဘူး . . . ။

(၁)

မနေ့ညက ကိုရီးယားကမိတ်ဆွေတယောက်ဆီက ဖုန်းဆက်လာတယ်။

“ဒီရက်ပိုင်း ‘တွေ့ဆုံဆွေးနွေးရေး’ ဆိုတဲ့အသံတွေ ပိုကြားလာရတယ်။ တကမ္ဘာလုံးမှာလည်း အဲဒီကိစ္စအပေါ် ဖိအားပေးမှုတွေ ပိုကြီးလာနေတယ်။ စစ်အစိုးရဘက်က ဘယ်လိုစဉ်းစားမယ်ထင်လဲ။ နိုင်ငံတကာရဲ့ အခုလိုဆောင်ရွက်နေကြတဲ့၊ ဖိအားပေးနေကြတဲ့လှုပ်ရှားမှုတွေဟာ သဲထဲရေသွန်ဖြစ်သွားနိုင်သလား။ အချည်းအနှီးဖြစ်သွားနိုင်သလား”တဲ့။“ဘယ်လိုထင်လဲ။ ဘာတွေလုပ်သင့်သလဲ”တဲ့။

သူ့မေးခွန်းတွေက တော်တော်ကောင်းတယ်။

ကျနော်တို့စဉ်းစားသင့်တဲ့ မြန်မာပြည်ကိုချစ်တဲ့ ဘယ်သူမဆို စဉ်းစားထားကြရမယ့် မေးခွန်းတွေပါပဲ။

(၂)

စစ်အုပ်စုဟာ တွေ့ဆုံဆွေးနွေးရေးကို သေမလောက်ကြောက်တယ်။

အော်ဂလီဆန်လောက်အောင်ကို မုန်းတယ်။

သူ့အဘိဓမ္မာထဲက အဲဒီဝေါဟာရကို ဖျက်ထုတ်ပစ်ချင်လောက်အောင် ရွံရှာတယ်။

အဲန်အယ်လယ်ဒီကိုဖြစ်ဖြစ်၊ အနိုင်ရတိုင်းရင်းသားပါတီတွေစုစည်းထားတဲ့ UNA နှင့် UNLD တို့ကိုဖြစ်ဖြစ်၊ CRPP ကိုပဲဖြစ်ဖြစ် စစ်အုပ်စုဟာ အဖက်လုပ်ပြီးစကားပြောရမယ့် စကားပြောဖက်များအဖြစ်ထည့်မစဉ်းစားဘူးဆိုတဲ့အချိုး ချိုးလာခဲ့တာကြာပြီ။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ‘ဒေါ်အောင်ဆန်းစုကြည်’လို့ နာမည်အပြည့်အစုံ ခေါ်ဝေါ်သုံးစွဲဖို့ တွန့်ဆုတ်ခဲ့တာကြာပြီ။

စစ်အုပ်စုရဲ့ စိတ်ရင်းအလိုအတိုင်းဆိုရင် ....

ဒေါ်အောင်ဆန်းစုကြည်၊ NLD၊ UNA၊ UNLD၊ CRPP နှင့် တွေ့ဆုံဆွေးနွေးရေးဆိုတာတွေအားလုံးကို အတိတ်မေ့သလို လုံးလုံးမေ့ပစ်ချင်နေတာပါ။

(၃)

*“မစ္စတာအီဘရာဟမ် အေဂမ်ဘာရီ၏ အဆိုပါအကြံပြုချက်ကို လေးစားသောအားဖြင့်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နောင်တွင်လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ဆက်ဆံရေးဝန်ကြီးအဖြစ် အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ကြည်အားတာဝန်ပေးအပ်လိုက်သည်။*

*အမိန့်အရ*
*ပုံ*
*သန့်ရှင်း*
*(ဗိုလ်မှူးကြီး)*
*အတွင်းရေးမှူး*
*ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့”*

၂၀၀၇ အောက်တိုဘာ (၈) ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်တဲ့ စစ်အုပ်စုရဲ့ ကြေညာချက်အမှတ် ၂/၂၀၀၇ ဖြစ်ပါတယ်။

ဒီထုတ်ပြန်ချက်မျိုး သူဘာကြောင့်ထုတ်ပြန်ရတာလဲ။

“ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌တွေ့ဆုံကြစဉ်” ဆိုတဲ့သတင်းကို စစ်အစိုးရရဲ့အာဘော် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွေရဲ့ ပထမဆုံးစာမျက်နှာတွေမှာ ဓာတ်ပုံနှင့်တကွ ဘာကြောင့် အသားပေးဖော်ပြလာရတာလဲ။

ဒီကိစ္စတွေဟာ အလကားဖြစ်ပေါ်လာရတာတော့ မဟုတ်ပါဘူး။

ဒါတွေဟာ လက်တွေ့မှာ ဘယ်လောက်ခရီးရောက်မလဲ၊ ဘယ်လောက်အကျိုးဖြစ်ထွန်းလာမလဲဆိုတာ မသေချာမရေရာဖြစ်နေသေးပေမယ့် ....

ဒီအဆင့်မျိုးကို နအဖမလုပ်ဘဲ မနေရဲလောက်အောင် ကျနော်တို့ပြည်သူတွေ၊ ရဟန်းသံဃာတွေ အများကြီးရင်းနှီးပေးဆပ်ခဲ့ကြရတာပါ။

(၄)

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အရေးပေါ်အစည်းအဝေးထိုင်ဖြစ်သွားတာ၊ လုံခြုံ ရေးကောင်စီအဖွဲ့ဝင် (၁၅) နိုင်ငံလုံးက တညီတညွတ်တည်း သဘောတူညီမှုဖြင့် မစ္စတာဂမ်ဘာရီကို မြန်မာနိုင်ငံကို လွှတ်လိုက်တာ၊ဒေါ်အောင်ဆန်းစုကြည်ကို ဗိုလ်သန်းရွှေနှင့် မတွေ့ခင်တကြိမ်၊ တွေ့ပြီးတကြိမ် လွန်းပြန်သွားရောက်တွေ့ဆုံခွင့် မစ္စတာဂမ်ဘာရီကို ပေးလာတာ၊ အခု အာရှ (၆) နိုင်ငံခရီးစဉ်အပြီး နိုဝင်ဘာလဆန်းမှာ မစ္စတာဂမ်ဘာရီကို ဒုတိယအကြိမ်ပြန်လာနိုင်ဖို့ ထပ်ပြီးစီစဉ်ပေးလိုက်ရတာ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာလကတည်းက လုံးဝပြန်ဝင်လာခွင့်မရတော့တဲ့ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာပေါ်လိုဆာဂျီယို ပီညဲရိုးကို နိုဝင်ဘာ (၁၇) ရက်နေ့ မတိုင်ခင်မှာ မြန်မာနိုင်ငံအတွင်း လာရောက်ကြည့်ရှုလေ့လာဖို့ နအဖနိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းကိုယ်တိုင် သဘောတူကြောင်းစာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံ တိုက်ရိုက်ပေးပို့ခဲ့ရတာ စတဲ့ ဖြစ်ထွန်းပေါ်ပေါက်မှုအသစ်တွေဟာ အလကားရခဲ့တာတော့ လုံးဝမဟုတ်ပါဘူး။

ကျနော်တို့ပြည်သူတွေ ဥစ္စာရင်လို ဥစ္စာရင်ခဲစိတ်ဓာတ်နှင့် အပြင်းအထန်တိုက်ပွဲဝင်ခဲ့ကြတဲ့ ဩဂုတ်နှင့်စက်တင်ဘာတိုက်ပွဲတွေရဲ့ ရလဒ်အဖြစ် ရခဲ့ကြတာပါ။

ဒီနေ့အထိ နအဖစစ်အုပ်စုရဲ့ ရက်ရက်စက်စက် သဲကြီးမဲကြီးလိုက်လံရှာဖွေ ဖမ်းဆီးရိုက်နှက်နေတဲ့ကြားထဲကကို တိုက်ပွဲအလံဆက်လက်လွှင့်ထူနေကြတဲ့ မြန်မာပြည်သူတွေရဲ့ရလဒ်အဖြစ် ရနေတာပါ။

နိုင်ငံတကာရောက် မြန်မာပြည်သူတွေနှင့် နိုင်ငံတကာ့ပြည်သူတွေရဲ့ စာနာထောက်ခံဝန်းရံလှုပ်ရှားပေးခဲ့ကြတဲ့ လှုပ်ရှားမှုအလီလီရဲ့ရလဒ်များအဖြစ် ရရှိခဲ့ကြတာပါ။

(၅)

ပြည်တွင်းနှင့် နိုင်ငံတကာရဲ့ဖိအားတွေရဲ့အောက်မှာ ....

မလွှန်ဆန်နိုင်တော့တဲ့အဆုံး ဗိုလ်သန်းရွှေကိုယ်တိုင် မစ္စတာဂမ်ဘာရီနှင့်တွေ့ဆုံခိုက်မှာ ....

“မိမိကိုယ်တိုင် သူမနှင့်တိုက်ရိုက်တွေ့ဆုံစကားပြောမည်ဖြစ်ကြောင်း” ထုတ်ဖော်ပြောကြားလိုက်ရတဲ့ အနေအထားအထိ ရောက်ခဲ့ရပါတယ်။

ဒါပေမယ့် ဗိုလ်သန်းရွှေဟာ ဗိုလ်သန်းရွှေဖြစ်ပါတယ်။

စစ်အုပ်စုကတော့ ‘စိတ်လည်လာပြီ။ သဘောပေါက်လာပြီ။ အချိုးပြောင်းလာပြီ။ ပျော့ပြောင်းလာပြီ’ဆိုတာမျိုး အကောက်အယူလွဲသွားလို့ကတော့ သံသရာစင်ပါမှောက်သွားမှာဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုရင် စစ်အုပ်စုဟာ စစ်အုပ်စုအလွန်ကို သေချာနေလို့ပါပဲ။

စစ်အုပ်စုထိပ်သီးတစုရဲ့ အကျိုးစီးပွားအတွက်ဆိုရင် ဘယ်လိုစကားမျိုးကိုမဆိုပြောထွက်ပြီး ဘယ်လိုအလုပ်မျိုးကိုမဆို လုပ်ရဲတဲ့၊ ကမ်းကုန်အောင်ရူးသွပ်တဲ့သတ္တိထူးတွေ စစ်အုပ်စုမှာအပြည့်ရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် ဗိုလ်သန်းရွှေဟာ မစ္စတာဂမ်ဘာရီနှင့်တွေ့ဆုံစဉ်မှာ ....

“ကျနော်တို့အပေါ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် လုပ်ဆောင်နေသည့် အချက် (၄) ချက်ရှိကြောင်း၊ ၎င်းတို့မှာ ထိပ်တိုက်ရင်ဆိုင်ရေး Confrontation ၊ အလုံးစုံပျက်သုဉ်းရေး Utter devastation ၊ မြန်မာနိုင်ငံအား စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေးအပါအဝင် အလုံးစုံပိတ်ဆို့ရေးတို့ပင်ဖြစ်ကြောင်း၊ အဆိုပါဆောင်ရွက်ပိတ်ဆို့မှု (၄) ချက်ကို သူမအနေဖြင့် စွန့်လွှတ်ကြောင်းကြေညာရန်နှင့် ထိုသို့ကြေညာပါက မိမိကိုယ်တိုင် သူမနှင့်တိုက်ရိုက်တွေ့ဆုံစကားပြောမည်ဖြစ်ကြောင်း”

အပိုဒ်အဆို့တွေနှင့် နအဖရဲ့ကြေညာချက်အမှတ် ၁/၂၀၀၇ မှာ ရှုးသွပ်စွာပြောဆို လိုက်တာဖြစ်ပါတယ်။

‘တွေ့ဆုံဆွေးနွေးရေး’ကို ပြောင်မငြင်းဘူး။

ဒါပေမယ့် ဘယ်လိုမှအလုပ်မဖြစ်နိုင်တဲ့ ဈေးကို စပေးလိုက်တဲ့နည်းနှင့်ငြင်းတယ်။

တွေ့ဆုံဆွေးနွေးရေး မသွက်မလက်ဖြစ်နေတာ၊ နှောင့်နှေးတုန့်ဆိုင်းနေရတာတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဲဒီပြစ်ချက်တွေကြောင့်ဆိုတာမျိုး ထိုးချတဲ့နည်းနှင့် ကွေ့ရှောင်လိုက်တာဖြစ်ပါတယ်။

‘ဆက်ဆံရေးဝန်ကြီး’ဆိုတာမျိုးခန့်အပ်လိုက်တာ၊ စိမ်းလဲ့ကန်သာမှာခေါ်ပြီး ထွေရာလေးပါးစကားတခွန်းနှစ်ခွန်းပြောပြီး ဓာတ်ပုံရိုက်၊ သတင်းစာမှာ မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြလိုက်တာ စတာတွေကတော့၊ ကျောက်စိမ်းစကားနှင့်ပြောရရင် ဗိုလ်သန်းရွှေရဲ့ ‘ကွမ်ချက်’တွေ ဖြစ်ပါတယ်။

“ဒီကွမ်ချက်မှာ ဒီအရေလောက်ရှိတယ်ဆိုရင် အထဲမှာ ဘယ်လိုနေမလဲစဉ်းစားကြည့်တော့ပေါ့ဗျာ”ဆိုတဲ့ ထာပွဲက ကျောက်ပွဲစားရဲ့ အချိုးမျိုး၊ လေမျိုးတွေပဲဖြစ်ပါတယ်။

(၆)

ကဲ .... ကောင်းပြီ။

အဲဒီကွမ်ချက်ကလေး အခုလိုပြလာဖို့တောင် ကျနော်တို့အများကြီးရင်းခဲ့ကြရပြီ။

တတုံးလုံး စိမ်းသွားဖို့ဆိုရင် ....

ကျနော်တို့ အများကြီးဆက်ပြီး အားစိုက်ကြရလိမ့်မယ်။

အဲန်အယ်လ်ဒီဟာ အခုလိုတိုက်ပွဲတွေ မပေါ်ခင် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂) ရက်နေ့မှာကတည်းက လွတ်လပ်တန်းတူတဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ဆိုရင် ဒီအချက် (၆) ချက်ကို နအဖက အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရမယ်လို့ ကြေညာချက်အမှတ် ၂/၀၂/၀၆ မှာ အတိအလင်းထည့်သွင်းတောင်းဆိုခဲ့တာပါ။

“(၁) နေအိမ်များတွင် အကျယ်ချုပ်ခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန်။

(၂) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသား ခေါင်းဆောင်များကို အကျဉ်းချထားခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန်။

(၃) နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေကြရသော နိုင်ငံရေးသမားများအားလုံးကို ကန့်သတ်ချက်များမထားဘဲ အမြန်ဆုံးပြန်လည်လွှတ်ပေးရန်။

စာမျက်နှာ (၁၈) ကော်လံ (၁) သို့ ...

စက်တင်ဘာတော်လှန်ရေးကြီး ပြီးဆုံးသွားပြီ။ စစ်တပ်က အောင်မြင်စွာနှိမ်နင်းလိုက်နိုင်သည်ဟု နွားခြေရာခွက်ထဲက ဖားသူငယ်အတွေးမျိုး တချို့ကတွေးကောင်းတွေးကာ ပီတိဖြာနေနိုင်ပါသည်။

ရန်ကုန်မြို့နေလူငယ်လေးတဦးက "အခုတော့ ရန်ကုန်မြို့ကြီးက အေးချမ်းနေတယ်လို့ထင်ရပါတယ်။ ဒါပေမယ့် လူတွေရဲ့မျက်နှာတွေ၊ မျက်လုံးတွေမှာ ဝမ်းနည်းမှုတွေ၊ ဒေါသတွေ၊ နာကျည်းမှု၊ နာကျင်မှုတွေကို အနိုင်နိုင်မျိုသိပ်ထားရတာကတော့ အထင်အရှားပဲ"ဟုပြောပြသည်။ ရက်ပေါင်းအတော်ကြာအောင် အွန်လိုင်း (On line) မှာပျောက်နေခဲ့၍ ပျောက်ဆုံးစာရင်းထဲပါသွားပြီလားထင်မိလိုက်ရသည့် ကောင်ကလေး၏ စာမှာသွေး မျက်ရည်တွေစွန်းနေသလို ခံစားရသည်။

အရေးအခင်းအပြီး ချက်ချင်းရောက်လာသည့် ဆန္ဒပြပွဲအခွေများကိုကြည့်လိုက်တော့ လူငယ်လေးတွေ ဒူးထောက်လျက်၊ လက်အုပ်ချီလျက်၊ မေတ္တာပို့လျက် တရွေ့ရွေ့တိုးသွားနေတာကိုတွေ့ရသည်။ သူတို့နှင့်မျက်နှာချင်းဆိုင်မှာရော ....

ဒိုင်းတွေကိုင်ထားသည့် အပြာမှိုင်းမှိုင်းဝတ်စုံများကိုဝတ်ဆင်ထားသည့် လုံထိန်းများရှိနေသည်။ သူတို့လက်များတွင် ငွေရောင်တဖျပ်ဖျပ်လက်နေသောဒိုင်းများကို ကိုင်ဆောင်ထားကြသည်။ ထိုတောက်ပသောဒိုင်းများ၏နောက်တွင် ဘက်နက်တပ်ဆင်ထားသည့် သေနတ်ပြောင်းများရှိနေသည်။ သာသနာ့အလံကိုင်ထားသော ဘုန်းတော်ကြီးနှင့် တိုင်းပြည်၏သားကောင်းရတနာလေးများက ဆုတောင်းလျက်၊ လက်အုပ်ချီလျက် လက်နက်များရှိရာသို့ တရွေ့ရွေ့တိုးနေဆဲ။

❍

၁၉၈၉ ခုနှစ်တုန်းက ဧရာဝတီတိုင်းမှာ စစ်တပ်က ရှေ့တိုးလာရင်ပစ်မယ်ဟု အမိန့်ပေးစဉ် ဒေါ်အောင်ဆန်းစုကြည်က သူမနောက်မှ ဒီလိုင်းတမျှ ပြင်းထန်များပြားသည့်လူထုကြီးကို ခပ်တည်တည်လှည့်ကြည့်ပြီး "ဘယ်သူမှလိုက်မလာနဲ့။ ကျမတယောက်တည်းသွား မယ်"ဟု တည်တည်ကြည်ကြည်လေးလေးနက်နက်ပြောလိုက်သည်။ စည်းကမ်းသေဝပ်သောလူထုကြီးသည် သူတို့ခေါင်းဆောင်အတွက် ရင်နှင့်မမျှအောင် စိတ်ပူသော်ငြား အမိန့်ကိုမလွန်ဆန်ဘဲ ရောက်ရာနေရာမှာရပ်နေလိုက်ကြသည်။ ထို့နောက် သူမတယောက်တည်း သေနတ်မောင်းတင် ကာစောင့်နေသည့် စစ်သားများရှိရာသို့ တရွေ့ရွေ့တိုးကပ်သွားခဲ့လေသည်။

စစ်ဗိုလ်ပေါက်စတယောက်က ဒူးကိုအကျအနထောက်ကာ ဒေါ်အောင်ဆန်းစုကြည်အားတည့်တည့်ချိန်လိုက်သည်။ လူထုသည် အသက်ပင် ရဲရဲမရှူရဲ။ လက်ညှိုးကိုကွေးလိုက်စဉ်တွင် ဗိုလ်မှူးကြီးတယောက် ရုတ်တရက်ရှေ့ထွက်လာကာ သေနတ်ပြောင်းဝကို တွန်းဖယ်လိုက်သည်။ စစ်ဗိုလ်ပေါက်စသည် သူ့ပစ်ခွင့်အားနှောက်ယှက်လိုက်သည့်သူ့အထက်အရာရှိအားစိတ်ဆိုးပြီး ပခုံးပေါ်မှ အပွင့်များ၊ ဒေါက်များကို ဒေါသတကြီးဆွဲဆုတ်လွှတ်ပစ်လိုက်ခဲ့သည်။

အဲသည်တုန်းက ဗဟိုအမျိုးသမီးအဖွဲ့ဝင်တယောက်က သူမအား မေးခွန်းတခုထုတ်ခဲ့ဖူးသည်။ "အမ၊ အဲဒီတုန်းက မကြောက်ဘူးလား" သူမကလည်း ချက်ချင်းအဖြေပေးခဲ့ပါသည်။ "ကြောက်တော့ကြောက်တာပေါ့။ ဒါပေမယ့် လုပ်စရာရှိတာကိုတော့ ကြောက်ကြောက်နဲ့ပဲလုပ်ရတာပဲ" ဆက်လက်၍ သူမ၏ ခံယူချက်ကိုပြောပြရာတွင် "လုပ်ရဲတာကသတ္တိမဟုတ်ပါဘူး၊ ခံရဲတာကမှသတ္တိပါ"

❍

ပန်းစားလာခဲ့သည်။ လူငယ်များ၏နိုင်ငံချစ်စိတ်ကို မီးခဲပြာဖုံးဘဝမှ မှုတ်ထုတ်ပေးသော ပြက်လုံးများဟုပင် ဆိုလိုက်ချင်ပါသည်။ တခါကများ ပဲခူးမြို့တွင်အငြိမ့်ကရာ၌ ခွန်းထောက်စကားပြောရာ၌ လူရွှင်တော်များဆိုသည်မှာ ရှေးမြန်မာရှင်ဘုရင်များလက်ထက်ကပင် ဘုရင်နှင့်ပြည်သူအကြားက ပေါင်းကူးတံတားဖြစ်ခဲ့ကြောင်း၊ ပြည်သူတို့ မပြောရဲသော၊ ဘုရင်မကြားနိုင်လောက်သောနေရာက အ

(၈၈) အရေးအခင်းအပြီး နိုင်ငံရေးပါတီများတရားဝင်ဖွဲ့ခွင့်၊ လွတ်လပ်စွာစည်းရုံးဟောပြောခွင့်ကို ရထားကြသည့်အခိုက်အတန့်ကလေးအတွင်းမှာ ပြည်သူ့အချစ်တော် ဇာဂနာက "နင်တို့မှာ သေနတ်ရှိတယ်။ ငါတို့မှာ ပါးစပ်ရှိတယ်" ဟု ပြက်လုံးထုတ်ခဲ့ဖူးသည်။ နာကျင်ဖွယ်ကောင်းသော ပြက်လုံးဖြစ်၏။ ယခုတခါ ထိန်းသိမ်းထားခံရသည်မှ လွတ်လာသည်နှင့် ပြက်လုံးတခုကို

# ပြည်သူ့အတွက် ရွှေထီးအမှန်ကို
# ရည်ရွယ်ကြတဲ့ အာဇာနည်တွေ ...




**စည်းကမ်းသေဝပ်သောလူထုကြီးသည် သူတို့ခေါင်းဆောင်အတွက် ရင်နှင့်မမျှအောင် စိတ်ပူသော်ငြား အမိန့်ကိုမလွန်ဆန်ဘဲ ရောက်ရာနေရာမှာရပ်နေလိုက်ကြသည်။ ထို့နောက် သူမတယောက်တည်း သေနတ်မောင်းတင် ကာစောင့်နေသည့် စစ်သားများရှိရာသို့ တရွေ့ရွေ့တိုးကပ်သွားခဲ့လေသည် ...။**

လည်သတိရလာစေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအား ဗြိတိသျှတို့က ဝရမ်းထုတ်ထားချိန်။ အင်္ဂလန်မှ ဗိုလ်ချုပ်ကြီးတဦးက မြန်မာပြည်သို့ရောက်လာကာ အောင်ဆန်းနှင့်စကားပြောလိုသည်၊ မဖမ်းဘူးဟု ကတိပေးပါသည်ဆိုသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ထိုဗိုလ်ချုပ်ကြီးဖိတ်ကြားရာ ညစာစားပွဲသို့သွားခဲ့သည်။ ဗိုလ်ချုပ်ကြီးက ရဲရင့်သော၊ အကြောက်အလန့်ကင်းသော လူငယ်လေးကိုကြည့်ကာ "မောင်မင်းကို ကျွန်ုပ်အခုဖမ်းချင်ရင် ဖမ်းထားနိုင်တယ်ဆိုတာ မသိဘူးလား"ဟုမေးလိုက်သည်။ ဗိုလ်ချုပ်က "သိပါတယ်"ဟု ခပ်အေးအေးပင်ဖြေ၏။ ထိုအခါ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီးက "သိရင် ဘာဖြစ်လို့လာသလဲ"ဟုထပ်မေးသည်။ ဗိုလ်ချုပ်က "အင်္ဂလိပ်လူမျိုးတွေဟာ ကတိတည်တဲ့လူမျိုးတွေဖြစ်လို့ လာပါတယ်" ဟု ရိုးရိုးပင်အဖြေပေးလိုက်သည်။

ကျမတို့ကရော ကျမတို့၏တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်နေသည့် နအဖစစ်ဗိုလ်ချုပ်ကြီးများအား ဗိုလ်ချုပ်က အင်္ဂလိပ်လူမျိုးနယ်ချဲ့သမားများအပေါ် ယုံကြည်မှုပေးခဲ့သည့်အတိုင်း ယုံကြည်လိုက်ချင်လှပါသည်။ ထိုပွဲ၌မှာပင် ဗိုလ်ချုပ်အောင်ဆန်းအား အင်္ဂလိပ်စစ်ဗိုလ်ကြီးများက သွေးတိုးစမ်းသောစကားတခွန်းကိုမေးခဲ့သည်။

"တကယ်လို့ မင်းတို့တောင်းတဲ့အတိုင်းတို့က လွတ်လပ်ရေးမပေးဘူးဆိုရင်ကောကွာ"

ဗိုလ်ချုပ်အောင်ဆန်းက ထိုစစ်ဗိုလ်ချုပ်အား စေ့စေ့ကြည့်ကာ "တကယ်လို့ ခင်ဗျားအင်္ကျီအိတ်ကပ်ထဲကဖောင်တိန်ဟာ ကျုပ်ဟာဆိုပါစို့။ ပထမ ကျုပ်ပစ္စည်းကို ပြန်ပေးပါလို့ အသာတကြည်တောင်းပါမယ်။ တကယ်လို့ အသာတကြည်တောင်းလို့မပေးဘူးဆိုရင်တော့"

ဗိုလ်ချုပ်သည် စကားကို ခဏရပ်လိုက်ရုံမက စစ်ဗိုလ်ချုပ်ကြီးအိပ်ကပ်ထဲမှ ဖောင်တိန်ကို ဆတ်ခနဲဆွဲယူလိုက်ကာ ....

"ဟောဒီလိုပြန်ပြီး လုယူရပါလိမ့်မယ်" ဟုဆိုလိုက်သည်။ ဗိုလ်ချုပ်၏သရုပ်ပြကွက်က ပီပြင်လွန်းလှကာ စစ်ဗိုလ်ချုပ်၏ အင်္ကျီအိပ်ကပ်ပြဲသွားခဲ့ရလေသည်။

❍

"ဘုန်းတော်ကြီးတွေ အရိုက်ခံ၊ အသတ်ခံနေရတယ်။ ထောင်ပေါင်းများစွာသော ဒီမိုကရေစီရေးလှုပ်ရှားသူတွေလည်း အဖမ်းဆီးအနှိပ်စက်ခံနေကြရတယ်"ဟု အောက်တိုဘာလဆန်းပိုင်းကထုတ်ပြန်သော အိမ်ဖြူတော်ကြေညာချက်တွင် မစ္စတာဘုရှ်ကပြောဆိုလိုက်သည်။ ထို့မျှမက "သူတို့ရဲ့ ရက်စက်ယုတ်မာတဲ့လုပ်ရပ်တွေကို ရပ်ဖို့ပြောနေတဲ့ ကမ္ဘာလုံးဆိုင်ရာတောင်းဆိုမှုကို နအဖစစ်အုပ်စုက ထိပ်တိုက်တွေ့နေတာပဲ" ဟုလည်း ပြောခဲ့သည်။ "မြန်မာပြည်ရဲ့ကမ်းစပ်ဆီကို လွတ်လပ်ရေးဒီလှိုင်းတွေရောက်လာတော့မယ့် အချိန်သိပ်နီးလာပြီဆိုတာ ကျုပ်တို့ယုံကြည်တယ်"ဟုလည်း ထပ်လောင်းပြောကြားသွားသည်။

❍

(၈၈) အရေးအခင်းမတိုင်မီလေးတွင် ဇာဂနာ၏ နိုင်ငံရေးပြက်လုံးများ စတင်ရေဖြစ်အပျက်တို့အား လူရွှင်တော်များက ရယ်စရာမောစရာအဖြစ်နှင့် ဘုရင့်ရှေ့နားတော်ပေါက်ကြားအောင် ပြောပေးရလေ့ရှိကာ ထိုသို့ပြောခြင်းအား ဘုရင်ကိုယ်တိုင်က အပြစ်မယူသည့်အပြင် အနုပညာရှင်များအား "မင်းကြီးသက်တော်ရှည်"ရာထူးပေးကာ အသက်သတ်ခြင်းမှကင်းလွတ်ခွင့်ကို ပေးထားခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိအနေနှင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူအား ပြည်သူတို့၏ခံစားချက်များကိုပြောပြလိုကြောင်း၊ အများအယွင်း (သို့မဟုတ်) နားဝင်မချိုသောစကား များပါသွားမည်ဆိုပါက သည်းခံခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်လိုပါကြောင်း ယဉ်ကျေးသိမ်မွေ့စွာ စကားဦးသန်းလိုက်ပြီးမှ ရုတ်တရက် မျက်နှာကိုမော့၊ ရင်ကိုကော့လိုက်ပြီး "ခွင့်မလွှတ်ဘူးဆိုရင်လည်း ......... ဂရုမစိုက်ပါဘူး"ဟု လွှတ်ခနဲပြောထည့်ပစ်လိုက်သည်။ ပရိတ်သတ်၏ရယ်သံနှင့်လက်ခုပ်သံတို့မစဲတော့။

ပြက်လိုက်ပြန်သည်။

"သံဃံသရဏံ ဂန်းစာမိ"တဲ့။

❍

အခု ဒေါ်အောင်ဆန်းစုကြည်နှင့် ပဏာမဆွေးနွေးမှုများစတင်နေသည်။ ဒေါ်အောင်ဆန်းစုကြည်အား အမြဲတန်းဒေါ်စုကြည်ဟု ခေါ်နေခဲ့ရာက ဒေါ်အောင်ဆန်းစုကြည်ဟု ခေါ်တတ်လာသည်။ ဂျာနယ်များ၏ မျက်နှာဖုံးသတင်းမှာ ထည့်ခွင့်ပြုလာသည်။ ဘက်ပေါင်းစုံမှဖိအားကို ရှောင်ရှားလို၍ ဟန်ဆောင်နေခြင်းလား၊ တကယ်ပင် တပ်မတော်၏သဘောထားအမှန်လား သို့လော ....သို့လောဖြစ်ကြရသည်။ ခံရတာတွေများနေပြီဖြစ်၍ မယုံရဲတော့သည့် ပြည်သူများ၏ သံသယကို နအဖကမည်သို့ပြေလည်အောင် ဖြေရှင်းမည်လည်း သိလိုနေကြသည်။ သည်အခါမှာ ဗိုလ်ချုပ်အောင်ဆန်း၏ မော်ကွန်းထိုးလောက်သည့် တော်ဝင်စကားများကို ပြန်

ကမ္ဘာမှာ မြန်မာတနိုင်ငံတည်း၌သာရှိသည့် ကျောင်းသားတပ်မတော် (အေဘီအက်စ်ဒီအက်ဖ်) က (၁၉) နှစ်တာကာလပတ်လုံး လက်နက်ကိုမချခဲ့သည့်နည်းတူ ယခုငင်း၏ (၁၉) နှစ်မြောက်မွေးနေ့ကြေညာချက်တွင် လူထုတိုက်ပွဲနှင့်လက်နက်ကိုင်တိုက်ပွဲ ပေါင်းစပ်တိုက်ပွဲဝင်ရေးသည် မကဒတကိုင်စွဲထားသည့် ရပ်တည်ချက်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤသည်မှာ နအဖတွန်းပို့လိုက်သောလမ်းကြောင်းဖြစ်သကဲ့သို့ တိုင်းပြည်အတွက် မရှိမဖြစ်လုပ်ရမည့်တာဝန်တရပ်လည်းဖြစ်သည်ဟု အဆိုပါကြေညာချက်တွင်ရေးသားထားသည်။

ကရင့်တော်လှန်ရေးတပ်မှ ဗိုလ်ချုပ်စောအားစိန်ကလည်း "အရင်တုန်းကတော့ တိုင်းရင်းသားတွေမှာ ဗမာရယ်၊ ကရင်ရယ်ဆိုတဲ့ လူမျိုးခွဲခြားတဲ့အမြင်တွေရှိခဲ့တာ မှန်

စာမျက်နှာ (၁၄) ကော်လံ (၁) သို့ ...

## စစ်အစိုးရနှင့်လက်နက်ကိုင်အဖွဲ့များ၏အပစ်အခတ်ရပ်စဲရေးအပေါ် ကောင်းကျိုး၊ ဆိုးကျိုး ဆန်းစစ်ချက်စာတမ်းဖြန့်ချိ




စာတမ်းရှင်နှစ်ဦးဖြစ်သည့် ဦးဝင်းမင်း (ဝဲ) နှင့် ဦးဇော်ဦး (ယာ)

အောက်တိုဘာ (၄)

မြန်မာစစ်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား အပစ်အခတ်ရပ်စဲရေးရယူခဲ့မှု၏ ကောင်းကျိုး၊ ဆိုးကျိုးများကို သုတေသနပြုလုပ်ထားသည့် Assessing Burma's Ceasefire Accords အမည်ရှိစာတမ်းဖြန့်ချိပွဲကို ဘန်ကောက်မြို့တွင်ကျင်းပခဲ့သည်။

အပစ်အခတ်ရပ်စဲရေးများပြုလုပ်အပြီး (၁၇) နှစ်အကြာ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များအပေါ် သက်ရောက်မှု၊ ဒေသခံလူထုများနှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုအပေါ် သက်ရောက်မှုများကိုလေ့လာပြီး စာတမ်းရေးဖြစ်သွားခြင်းဖြစ်ကြောင်း၊ စာတမ်းတွင် အပစ်အခတ်ရပ်စဲရေး၏ ကောင်းကျိုး၊ ဆိုးကျိုးများကို တင်ပြထားကြောင်း သိရသည်။

ကောင်းကျိုးအနေဖြင့် အပစ်အခတ်ရပ်စဲရေးဒေသများတွင် အမှန်တကယ်ရက်စက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများနည်းပါးသွားခဲ့ပြီး ပစ်ခတ်သတ်ဖြတ်မှု၊ အိုးအိမ်များအားမီးရှို့ဖျက်ဆီးမှု၊ မုဒိမ်းကျင့်မှုများလုံးဝပပျောက်သွားခြင်းမရှိသည့်တိုင် အရေအတွက်လျော့နည်းသွားခြင်းကြောင့် လူထုအတွက်သက်သာရာရစေခဲ့သည်။ ဆိုးကျိုးအနေဖြင့် တိုင်းရင်းသားများလိုလားသည့် နိုင်ငံရေးအခွင့်အရေးများ ဆွေးနွေးခွင့်မရှိဘဲ လျစ်လျူရှုထားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအနေဖြင့် ၎င်းတို့၏ရည်မှန်းချက်များရရှိအောင် နိုင်ငံရေးနည်းဖြင့် ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပြီး ရည်ရွယ်ချက်များအပြည့်အဝမရရှိပါက မြန်မာနိုင်ငံ၌ လက်နက်ကိုင်အကြမ်းဖက်မှုများသည် ရှောင်လွှဲ၍မရနိုင်ဘဲ ဆက်လက်ဖြစ်နေဦးမည်ဖြစ်ကြောင်း စာတမ်းတွင်ကောက်ချက်ချထားသည်။

၁၉၈၉ ခုနှစ်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မြန်မာစစ်အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရယူခဲ့ရာ လက်ရှိအချိန်တွင် အပစ်ခတ်ရပ်အဖွဲ့ပေါင်း (၂၀) ခန့်ရှိပြီဖြစ်သည်။ အမျိုးသားညီလာခံပြီးသွားပြီးနောက်တွင် အပစ်ရပ်အဖွဲ့များအနေဖြင့် ဆက်လက်ရပ်တည်နိုင်ရန် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပြီး စစ်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အဓိကစိန်ခေါ်မှုတရပ်အဖြစ် ဆက်ရှိနေဦးမည်ဟု သိရှိရသည်။

တိုင်းရင်းသားခေါင်းဆောင် (၂၀) ဦးထက်မနည်း တွေ့ဆုံမေးမြန်းထားပြီး အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသည့် စာမျက်နှာ (၉၀) ကျော်ပါ ထိုစာတမ်းကို ဦးဇော်ဦးနှင့် ဦးဝင်းမင်းတို့က တနှစ်ကြာပြုစုထားပြီး နိုင်ငံတကာပဋိပက္ခများကို နှိုင်းယှဉ်လေ့လာသည့် အမေရိကန်ပညာရေးအဖွဲ့ East-West Center ၏အစီအစဉ်ဖြင့် အရှေ့တောင်အာရှလေ့လာရေးဌာန ISAS က ထုတ်ဝေထားခြင်းဖြစ်သည်။ ❖

### ရဲထွဋ် ဆောင်းပါးမှ ...

ကြည်မှုရှိလိုက်သလဲ။

အားလုံးသိကြပြီးတဲ့အတိုင်းပဲ။ ၁၉၈၉ ဩဂုတ်လမှာ ပီဒဗလျူဘိုသာဟာ နိုင်ငံတော်သမတအဖြစ်က နှုတ်ထွက်လိုက်ရတယ်။ ဗိုလ်သန်းရွှေဟာလည်း ဘိုသာလမ်းကြောင်းလိုက်ရမှာပါပဲ။ အသွင်သဏ္ဌာန်အရမတူသော်ငြားလည်း အနှစ်သာရအရတော့ မြန်မာပြည်ရဲ့ ဒီအပြောင်းအလဲကလည်း တောင်အာဖရိကလိုပဲ ဖြစ်ကိုဖြစ်လာမှာဖြစ်ပါတယ်။ အက်ဖ်ဒဗလျူဒီကလပ်ဟာ သမတဖြစ်လာပြီးနောက်ပိုင်းမှာ မင်ဒဲလားလွှတ်၊ တွေ့ဆုံဆွေးနွေးပွဲတွေဖြစ်ပြီး တောင်အာဖရိကမှာ ပြည်သူလူထုအကျိုးစီးပွားနဲ့ လျော်ညီတဲ့နိုင်ငံရေးအပြောင်းအလဲတွေဖြစ်လာခဲ့ပါတယ်။

စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနိုင်မှုဟာ အောင်မြင်မှုရဲ့သော့ချက်ဖြစ်တယ်ဆိုတဲ့ ဆိုရိုးရှိပါတယ်။ အရေးကြီးတာက ပြည်သူလူထုရဲ့အကျိုးစီးပွားပါ။ ဒါကို မျက်ခြေမပြတ် ဦးထိပ်ပန်ဆင်ထားတဲ့ဇွဲနဘဲမျိုး၊ စိတ်ရှည်သည်းခံမှုမျိုးရှိရပါမယ်။ အခွင့်အလမ်းလား၊ ထောင်ခြောက်လားဆိုတာတောင် မခွဲခြားတတ်တဲ့ခေါင်းဆောင်မှုမျိုးကို သမိုင်း အမှိုက်ခြင်းထဲထည့်လိုက်ဖို့ ပြည်သူလူထုက ဘယ်တုံးကမှမတွန့်ဆုတ်ခဲ့ပါ။ အဓိကကတော့ ရွှေဝါရောင်တော်လှန်ရေးကြီးရဲ့ တောင်းဆိုချက် (၃) ရပ်ကို လတ်တလောလုပ်ငန်းစဉ်အဖြစ် အမိအရကိုင်ဆွဲပြီး မပြီးဆုံးသေးတဲ့ ဒုတိယအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကြီးကိုလည်း လူထုတိုက်ပွဲနဲ့ပဲ ဆက်လက်ဆင်နွှဲသွားရမှာဖြစ်သလို ကုလသမဂ္ဂလုံခြုံရေး ကောင်စီရဲ့ကြေညာချက်မှာ ဖော်ပြထားတဲ့တောင်းဆိုချက်တွေကိုလည်း နည်းပရိယာယ်လုပ်ငန်းစဉ်အနေနဲ့ ကျွမ်းကျင်လိမ်မာစွာ သုံးစွဲကြရမှာဖြစ်ပါတယ်။ ❖

## တွေ့ဆုံဆွေးနွေးရေးဖြင့် ငြိမ်းချမ်းရေးမလိုလားသည့် နအဖအား ဘက်ပေါင်းစုံမှတိုက်မည်ဟု ကေအဲန်အယ်လ်အေ ဒုစစ်ဦးစီးချုပ်ပြောကြား



ဗိုလ်ချုပ်စောဖလဲခို့ (အော်လီဗာ)

အောက်တိုဘာ (၁၁)

မြန်မာနိုင်ငံအတွင်း အစိုးရအပြောင်းအလဲနှင့် နိုင်ငံရေးအပြောင်းအလဲဖြစ်စေရန် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ကေအဲန်အယ်လ်အေ) မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ စစ်မဟာမိတ်အဖွဲ့အစည်းများသည် အခြားမဟာမိတ်အဖွဲ့နှင့်ပူးပေါင်းကာ အရှိန်အဟုန်မြှင့် တိုက်ပွဲဝင်သွားမည်ဟု သိရသည်။

ကေအဲန်အယ်လ်အေစစ်ဌာနချုပ် (၆) လပတ်အစည်းအဝေးအပြီးတွင် ဒုစစ်ဦးချုပ် ဗိုလ်ချုပ်စောဖလဲခို့ (အော်လီဗာ) က ပြောက်ကျားစစ်အပါအဝင် နိုင်ငံရေး၊ သံတမန်ရေးတို့ကို တိုးမြှင့်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုင်းပြည်တွင်းပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးရေးမလိုလားသောနအဖအား လက်နက်ကိုင်နည်းလမ်းအပြင် အခြားနည်းလမ်းများဖြင့်လည်း ဖိအားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်စောဖလဲခို့ကပြောလိုက်သည်။

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးခွန်ဉက္ကာက “လက်နက်ကိုင်ဖြစ်တဲ့ နအဖဟာ သူ့ကိုလက်နက်နဲ့ဒုက္ခပေးနိုင်တဲ့လူကို ဂရုစိုက်အလေးထားတဲ့သဘောရှိတယ်။ သူတို့ကို ဘက်ပေါင်းစုံဖိအားပေးမှု အချိန်ကိုက်စွမ်းအားမြှင့်တဲ့အချိန်မှာ မလျော့တဲ့ဇွဲနဲ့ ကိုယ့်ဘက်ကတာဝန်ကျေကျေနဲ့ ဖိအားဆက်ပေးဖို့လိုတယ်”ဟု ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးဉက္ကဋ္ဌ ကိုသံခဲက “ဒီမိုကရေစီအရေး၊ အမျိုးသားရေးတန်းတူရေးအတွက်တိုက်ပွဲဝင်နေတဲ့ မဟာမိတ်အဖွဲ့တွေဟာ ဒီနေ့အခြေအနေမှာ အဖက်ဖက်ကနေပြီး အတူတကွ လက်တွဲဆောင်ရွက်နေတဲ့ကာလဖြစ်တော့ ကျနော်တို့အားလုံးဟာလည်း အရှိန်အဟုန်မြှင့်ပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်”ဟု ပြောခဲ့သည်။

ယခုလ (၇) ရက်မှ (၁၀) ရက်အထိ ကေအဲန်အယ်လ်အေအစည်းအဝေးကို အခြေခံဒေသတနေရာတွင်ကျင်းပခဲ့ပြီး တပ်မဟာအသီးသီးမှ တပ်မဟာမှူးများ၊ အဆင့်မြင့်အရာရှိများ၊ ဗဟိုအထူးတပ်ရင်းများမှ အရာရှိများ စုံညီစွာတက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေးမှ ခံစစ်ရှင်ပြောက်ကျားစနစ်ကို အရှိန်မြှင့်ဆောင်ရွက်သွားရန် ဆွေးနွေးသဘောတူညီခဲ့ကြသည်။ ကေအဲန်အယ်လ်အေရှေ့လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မဟာမိတ်အဖွဲ့အစည်းများမှလည်း သဘောထားများလည်းထုတ်ဖော်ခဲ့ကြသည်။ ❖

## သွေးစည်းကြောင်းပြကြသော ရှမ်းတိုင်းရင်းသားများ၏ဝတ်ပြုဆုတောင်းပွဲ

အောက်တိုဘာ (၁)

စက်တင်ဘာတော်လှန်ရေးအတွင်း သာသနာရေးနှင့်ပြည်သူ့အရေးအတွက် အသက်ပေးလှူသွားကြသော အာဇာနည်အရှင်သူမြတ်တို့အတွက် ပြည်ပရောက်ရှမ်းတိုင်းရင်းသားများက ဝတ်ပြုဆုတောင်းပွဲကျင်းပခဲ့သည်။ စစ်အုပ်စုသည် ၁၉၉၆ ခုနှစ်မှစ၍ ရှမ်းပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ရွာပေါင်း (၁၄၀၀) ကျော်အား စစ်ဆင်ရေးအတွက် အတင်းအကျပ်ရွှေ့ပြောင်းစေခဲ့ပြီး ထောင်ပေါင်းများစွာသော ရှမ်းသံဃာတော်များကို ဘုန်းကြီးကျောင်းများမှ အတင်းအဓမ္မစွန့်ခွာစေခြင်းဖြင့် ကျောင်းပေါင်း (၁) ထောင်ကျော် ပျက်စီးခဲ့ရကြောင်းကိုလည်း ထိုနေ့၌ပင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ကြေညာချက်တွင် စစ်အုပ်စု၏အကြမ်းဖက်ရက်စက်မှုလုပ်ရပ်များအား ရှမ်းလူထုက ပြင်းထန်စွာရှုတ်ချလိုက်ပြီး တော်လှန်ရေးအတွင်းအသက်ပေးလှူသွားကြသည့် ရဟန်းရှင်လူများနှင့်တကွ ရှမ်းပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ပြည်တွင်းစစ်များအတွင်းသတ်ဖြတ်ခံခဲ့ရသော ရှမ်းတိုင်းရင်းသားသံဃာတော်များအား ဦးညွှတ်ဂုဏ်ပြုကြောင်း၊ အမျှအတန်းပေးဝေပါကြောင်းတို့ကိုလည်းဖော်ပြထားသည်။ ရှမ်းတိုင်းရင်းသားအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဘာသာတရားကိုလည်း အလွန်ပင်ကိုင်းရှိုင်းသူများဖြစ်ကြသည်။ ဤဆုတောင်းပွဲကို ချင်းမိုင်တွင်ပြုလုပ်ခြင်းဖြစ်ပြီး အလားတူဆုတောင်းပွဲများကို နယ်စပ်ဒေသများဖြစ်သော မဲဟောင်ဆောင်၊ ပိန်းလုံ၊ မိန်းပန်ရှိ ရှမ်းဘုန်းတော်ကြီးကျောင်းများတွင်လည်း တချိန်တည်းပြုလုပ်ခဲ့ကြသည်။ ❖

### မျက်နှာဖုံးသတင်းမှ ...

ကောင်း၊ သာသနာရေးဝန်ကြီး ဗိုလ်ချုပ်သူရမြင့်မောင်နှင့်လည်းကောင်း အင်္ဂါနေ့က တွေ့ဆုံခဲ့သည်။ ဂမ်ဘာရီက သူအပါအဝင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရဘက်မှ တာဝန်ရှိသူတို့ပါဝင်သည့် သုံးပွင့်ဆိုင်ဆွေးနွေးရေးကမ်းလှမ်းခဲ့သော်လည်း စစ်အုပ်စုမှ ပယ်ချထားခဲ့သည်။

ဤသို့ငြင်းပယ်ခြင်းသည် ဂမ်ဘာရီ၏ ပထမအကြိမ်ခရီးစဉ်အပြီးတွင် အမေရိကန်၊ ဩစတြေးလျနှင့် ဥရောပအဖွဲ့တို့၏ပိတ်ဆို့မှုအသစ်များနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့မှ တဖက်သတ်ပုတ်ခတ်စွတ်စွဲမှုများကြောင့်ဖြစ်သည်ဟု နအဖအစိုးရသတင်းစာတွင် ရေးသားဖော်ပြထားသည်။ ဆက်၍ နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကလည်း မြန်မာပြည်အား နိုင်ငံတကာ၏ပိတ်ဆို့မှုများရပ်စဲပါမည့်အကြောင်း စစ်အုပ်စုသို့ ဝန်ခံကတိပြုရန်တောင်းဆိုထားမှုအား တာဝန်ယူမှုမရှိသေးကြောင်းလည်း ပြောခဲ့သည်။

မစ္စတာဂမ်ဘာရီ၏ ငါးရက်မြောက်နေ့အထိ တိုးတက်မှုတစုံတရာကို မတွေ့ရသေးသောကြောင့် အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စိုးရိမ်မိပါကြောင်းလည်း တရားဝင်ထုတ်ဖော်ပြောကြားလိုက်သည်။

မစ္စတာဂမ်ဘာရီ၏ မြန်မာပြည်တွင်း (၆)ရက်ခရီးစဉ်အတွင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း၊ စစ်အစိုးရ၏ တာဝန်ရှိသောဝန်ကြီးများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း ယူအဲန်မှ ကြေညာချက်ထုတ်ပြန်သည်။

ဤတကြိမ်သည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးလှုပ်ရှားသော ငြိမ်းချမ်းစွာဆန္ဒပြနေသူများအား စစ်တပ်မှ အကြမ်းဖက်နှိမ်နင်းခဲ့သော စက်တင်ဘာတော်လှန်ရေးနောက်ပိုင်း မစ္စတာဂမ်ဘာရီ၏ ဒုတိယမြောက် မြန်မာပြည်တွင်းခရီးစဉ်ဖြစ်သည်။ စစ်အစိုးရသည် မစ္စတာဂမ်ဘာရီအား နောက်သီတင်းပတ်အနည်းငယ်အတွင်း မြန်မာပြည်သို့ နောက်တခေါက် လာရောက်ရန်ဖိတ်ကြားထားခဲ့သည်။ ဗုဒ္ဓဟူးနေ့မနက်ပိုင်း ဘီဘီစီသတင်းတွင်မူ မြန်မာပြည်အတွင်းသို့ ၂၀၀၃ ခုနှစ်ကတည်းက ဝင်ခွင့်အပိတ်ခံထားရသော ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာပီညဲရိုးအား လာမည့် တနင်္ဂနွေနေ့ (၁၁) ရက်၊ နိုဝင်ဘာလတွင် လာရောက်ရန် ဖိတ်ကြားထားခဲ့ကြောင်း သိရသည်။

ဘန်ကီမွန်းက ဂမ်ဘာရီအား ဒီမိုကရေစီရေးလိုအပ်ချက်များကို ဆောင်ရွက်ရန်၊ ဖမ်းဆီးထားခံနေရသော ရဟန်းတော်များ၊ ကျောင်းသားများ၊ ပြည်သူလူထုအား ချက်ချင်းလွှတ်ပေးရန်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးရန်တို့ကို စစ်အစိုးရအား တိုက်တွန်းရန် မှာလိုက်ကြောင်းပြောသည်။

နအဖစစ်အုပ်စုသည် သုံးပွင့်ဆိုင်ဆွေးနွေးရေးကို ငြင်းပယ်ထားသော်လည်း ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ပါတီခေါင်းဆောင်ပိုင်းနှင့်တွေ့ဆုံရန်ကိုမူ ခွင့်ပြုကြောင်း ယမန်နေ့က တရားဝင်ကြေညာပေးခဲ့ပြီးဖြစ်သည်။

စက်တင်ဘာအကြမ်းဖက်မှုများအတွင်း စစ်အစိုးရက ဖမ်းဆီးထားသောလူပေါင်း (၃၀၀၀) ခန့်အား (၉၁) ယောက်မှလွဲ၍ အားလုံးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း စစ်အာဏာပိုင်များက ဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။ လူ့အခွင့်အရေးလှုပ်ရှားသူများကမူ အနည်းဆုံး (၆၀၀) ခန့် အကျဉ်းထောင်များတွင် ရှိနေဆဲဖြစ်ကြောင်းပြောဆိုလျက်ရှိသည်။

❖

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (၁၉) နှစ်ပြည့်အခမ်းအနားကျင်းပ နိုင်ငံရေးအင်အားစုများ နီးနီးကြားကြားရှိနေရန် တိုက်တွန်း



လူ့ဘောင်သစ်ပါတီ၏ (၁၉) နှစ်မြောက်မွေးနေ့အခမ်းအနား

အောက်တိုဘာ (၁၅)၊

သမိုင်းဝင်ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးမှ မွေးဖွားပေးလိုက်သည့် ကျောင်းသားလူငယ်များဖြင့်ဖွဲ့စည်းခဲ့သော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ (၁၉) နှစ်မြောက်မွေးနေ့ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ (၁၄) က ထိုင်းမြန်မာနယ်စပ်တနေရာတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

တော်လှန်ရေးတပ်ပေါင်းစုများနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ရင်း ကြမ်းတမ်းခက်ခဲသည့် တော်လှန်ရေးခရီးလမ်းကို လျှောက်လှမ်းဖြတ်သန်းခဲ့သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ကိုင်စွဲထားသည့်ဆောင်ပုဒ်မှာ “ပြည်သူသာအမိ၊ ပြည်သူသာအဖ”ဟူ၍ဖြစ်သည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ (၁၉) နှစ်မြောက်မွေးနေ့သည် ဗမာပြည်၏ သမိုင်းဆိုင်ရာ အရေးကြီးသည့် အလှည့်အပြောင်း၊ အချိုးအကွေ့ကာလတရပ်ကို ဖြတ်သန်းနေသည့်အချိန်နှင့်လည်း တိုက်ဆိုင်နေသည်။ လက်ရှိဖြစ်ပွားနေသည့် မြန်မာပြည်တွင်းဖြစ်ပွားနေသည့် ဆန္ဒပြလှုပ်ရှားမှုများနှင့်ပတ်သက်၍ အမျိုးသားသွေးစည်းညီညွတ်မှုပြိုကွဲ၍ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရသည့် ဖြစ်ရပ်သည် ယနေ့တိုင်းပြည်တွင် လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာအရပ်ရပ်၏ သမိုင်းဇစ်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်စဲ၍ အမျိုးသားသွေးစည်းညီညွတ်မှုကို ပြန်လည်တည်ဆောက်ရန်လိုအပ်ကြောင်း ပါတီမွေးနေ့အထိမ်းအမှတ် တင်ပြချက်တွင် ပါဝင်သည်။

ထို့ပြင် လက်ရှိဖြစ်ပွားနေသည့်ဖြစ်ရပ်များတွင် ဘာသာ၊ သာသနာကိုပင်မထောက်ကမ်းကုန်အောင်ရက်စက်ယုတ်မာခဲ့သည့် စစ်အာဏာရှင်စနစ်ကို အကုန်အစင်တိုက်ဖျက်ရေးအတွက် ပြည်သူလူထုအနေဖြင့် နောက်ပြန်ဆုတ်၍မရတော့သည့်အခြေအနေကို သိမြင်ရောက်ရှိလာခဲ့ပြီဖြစ်သည်။ မကြာမြင့်မီကာလအတွင်း စစ်အာဏာရှင်စနစ်ကို ပြုတ်ပြုတ်သားသား နောက်ဆုံးတိုက်ပွဲကြီးဆင်နွှဲရတော့မည်ဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းပြည်ပရှိနိုင်ငံရေးအင်အားစုများဘက်မှလည်း နီးနီးကြားကြားရှိနေရန်နှင့် အစွမ်းကုန်စည်းရုံးပြင်ဆင်ထားရန်အထူးလိုအပ်သည်။ ရှေ့သို့ပြင်ဆင်စည်းရုံးရာတွင်လည်း နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော သံဃာတော်များဦးစီးသည့် လူထုလှုပ်ရှားမှုအတွင်း ထိခိုက်ဒဏ်ရာရသူများ၊ သေဆုံးသူ၊ ပျောက်ဆုံးသူ၊ ဖမ်းဆီးထိန်းသိမ်းခံထားရသူများနှင့်ပတ်သက်၍ အဖြစ်မှန်ဖော်ထုတ်စုံစမ်းပြီး တာဝန်ရှိသူများကို ထိထိရောက်ရောက်အပြစ်ပေးအရေးယူရန် စသည့်ကြွေးကြော်သံ (၃) ရပ်ကို တည့်မတ်စွာဦးတည်ထား၍လုပ်သင့်ကြောင်းကိုလည်း တင်ပြထားသည်။

လူ့ဘောင်သစ်ဒီမိုကရေစီပါတီ၏ (၁၉) နှစ်မြောက်မွေးနေ့သို့ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD)၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)၊ မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) စသည့် ဒီမိုကရေစီအင်အားစုများမှလည်း သဝဏ်လွှာများပေးပို့ဂုဏ်ပြုခဲ့ကြသည်။

# ပအိုဝ်းတိုင်းရင်းသားများလည်းအာဏာရှင်ဆန့်ကျင်ရေးကိုထောက်ခံ

အောက်တိုဘာ (၂၁)

ထိုင်း–မြန်မာနယ်စပ်ရှိ မယ်ဟောင်ဆောင်တွင်ကျင်းပခဲ့သည့် ပအိုဝ်းအမျိုးသားများနှီးနှောဖလှယ်ပွဲတွင် သံဃာတော်များဦးဆောင်သော အကြမ်းမဖက်သောနည်းဖြင့် အာဏာရှင်အားဆန့်ကျင်ဆန္ဒပြပွဲကို အင်အားသုံးကာ တိုက်ခိုက်နှိမ်နင်းခဲ့သော နအဖစစ်အုပ်စု၏လုပ်ရပ်အပေါ် ပြင်းထန်စွာရှုတ်ချကြောင်း ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။

ယင်းကြေညာချက်တွင် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီက အောက်တိုဘာ (၁၁) ရက်နေ့စွဲဖြင့်ထုတ်ပြန်သော မြန်မာ့အရေးနှင့်ပတ်သက်သည့် ကြေညာချက်အားထောက်ခံကြိုဆိုကြောင်းလည်းပါဝင်သည်။ နအဖအနေနှင့် အင်အားသုံးအကြမ်းဖက်မှုများအားရပ်တန့်ပြီး သုံးပွင့်ဆိုင်ဆွေးနွေးရေးလမ်းစဉ်ဖြင့် မိမိတို့တိုင်းပြည်အရေးအား ငြိမ်းချမ်းစွာအဖြေရှာရန်ကိုလည်း တိုက်တွန်းတောင်းဆိုလိုက်သည်။

နအဖညီလာခံမှ ပအိုဝ်းအမျိုးသားတို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတခုကို သတ်မှတ်ပေးထားသော်လည်း ထိုအတုအယောင်ညီလာခံမှ ဆုံးဖြတ်သတ်မှတ်မှုသည် ပအိုဝ်းတိုင်းရင်းသားများအတွက် စစ်မှန်သောတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်မည်ဟု မယုံကြည်ပါကြောင်းကိုလည်း ကြေညာချက်တွင်ဖော်ပြထားသည်။ တဆက်တည်းမှာပင် ပအိုဝ်းအမျိုးသားတို့၏ စစ်မှန်သောတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သိရသည်။



မယ်ဟောင်ဆောင်တွင်ကျင်းပခဲ့သည့် ပအိုဝ်းအမျိုးသားများ နှီးနှောဖလှယ်ပွဲ

ထိုပအိုဝ်းအမျိုးသားများ နှီးနှောဖလှယ်ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သထုံမဲဆန္ဒနယ်အမှတ် (၁)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မြင့်ထွန်း၊ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO)၊ ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ ပအိုဝ်းအမျိုးသမီးသမဂ္ဂ (PWO)၊ ပအိုဝ်းလူငယ်အဖွဲ့ (PYO) နှင့် မယ်ဟောင်ဆောင်ဒေသအတွင်းရှိ ပအိုဝ်းကျေးရွာများမှ ပအိုဝ်းတိုင်းရင်းသားကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ခဲ့သည်။

❖

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (၁၉) နှစ်မြောက် မွေးနေ့အခမ်းအနား နယ်စပ်ဒေသတွင် အောင်မြင်စွာကျင်းပ



ဥက္ကဋ္ဌ ကိုသံခဲ

အောက်တိုဘာ (၃၁)

ကျောင်းသားတပ်မတော်ဟု လူသိများထင်ရှားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၁၉) နှစ်ပြည့်အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပခဲ့သည်။

မကဒတ၏ရပ်တည်ချက်နှင့် တိုက်ပွဲပုံသဏ္ဌာန်မှာ လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲပေါင်းစပ်တိုက်ပွဲဝင်ရေးဖြစ်သည်။ ထို့အပြင် ဒီမိုကရေစီနှင့်အခြေခံလူ့အခွင့်အရေးများ လုံးဝဆိတ်သုဉ်းနေသည့်အခြေအနေအောက်တွင် လူထုတိုက်ပွဲကို ဘက်



မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (၁၉) နှစ်မြောက်မွေးနေ့အခမ်းအနား

ပေါင်းစုံမှထောက်ခံပူးပေါင်းရင်း စစ်အာဏာရှင်အား လက်နက်ကိုင်တိုက်ပွဲအပါအဝင် တိုက်ပွဲသဏ္ဌာန်ပေါင်းစုံ ဖြင့်တိုက်ပွဲဝင်ရေးမှာ ပကတိလိုအပ်ချက်ဖြစ်ကြောင်းကို မကဒတ၏ ကြေညာချက်တွင်ဖော်ပြထားသည်။

စစ်အုပ်စုသည် စက်တင်ဘာ တော်လှန်ရေးကြောင့်ဖြစ်ပေါ်လာသည့် ပြည်တွင်းပြည်ပဖိအားများကို ရှောင်ရှားနိုင်ရန် ၁/၂၀၀၇၊ ၂/၂၀၀၇ နှင့် ၃/၂၀၀၇ အမိန့်များထုတ်ပြန်ခဲ့သည့်တိုင်အောင် ၎င်းတို့၏လမ်းပြမြေပုံ (၇) ချက်ကိုသာ အသေဆုပ်ကိုင်လျက် စစ်တပ်မှ တရားဝင်ဦးဆောင်မှုရရှိရေးကိုသာ အဓမ္မလုပ်ဆောင်နေဆဲဖြစ်ခြင်းကြောင့် တတိုင်းပြည်လုံးအတွက် အလုံးစုံပျက်သုဉ်းရေးလမ်းကိုသာရောက်စေမည်ဖြစ်ကြောင်းလည်း ထိုကြေညာချက်တွင်ပါဝင်သည်။

မကဒတသို့ ဥက္ကဋ္ဌရဲဘော်သံခဲပေးပို့လိုက်သော မွေးနေ့သဝဏ်လွှာတွင် “ရဲဘော်တို့၊ အခုလို ငါတို့နိုင်ငံရဲ့ အရေးကြီးတဲ့အခြေအနေမှာ ငါတို့ မကဒတကျောင်းသားတပ်မတော်အပေါ်မှာ မျှော်လင့်အားထားနေတဲ့အသံတွေ၊ တောင်းဆိုမှုတွေကြားနေရတယ်။ ဒါဟာအမှန်ပဲ။ ငါတို့အနေနဲ့ လူထုတိုက်ပွဲနဲ့ လက်နက်ကိုင်တိုက်ပွဲပေါင်းစပ်ရေးဆိုတဲ့ မဟာဗျူဟာကို မှန်ကန်စွာချမှတ်နိုင်ခဲ့ပေမယ့် လက်တွေ့လုပ်ငန်းစဉ်တွေကိုတော့ အခြေအနေအချက်အလက်မပြည့်စုံခဲ့လို့ အားမလိုအားမရဖြစ်ခဲ့ကြရတာ အမှန်ပါပဲ။ ဒါပေမယ့် အခုအချိန်မှာ ဒီအပေါ်မှာနောက်ဆုတ်တွေဝေဖို့မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ မကဒတကျောင်းသားတပ်မတော်ဟာ သမိုင်းအရ မွေးဖွားခဲ့တာဖြစ်သလို သမိုင်းက လက်တွေ့တောင်းဆိုနေတဲ့အလုပ်တွေကို လုပ်ဆောင်ဖို့တာဝန်ရှိတယ်။ လူထုကိုတန်ဖိုးထားသလို လူထုအတွက်အလုပ်တွေလုပ်ဖို့ အစွမ်းကုန်ကြိုးစားကြရမယ်ဆိုတာ ငါတို့အားလုံး ကောင်းကောင်းသဘောပေါက်ထားကြပြီဖြစ်တယ်။ ဒါဟာ ငါတို့အားလုံးအပါအဝင် တတိုင်းပြည်လုံးဆိုင်ရာ စိန်ခေါ်ချက်ဖြစ်တယ်” ဟု ပါဝင်သည်။

ကျောင်းသားတပ်မတော်၏ မွေးနေ့သို့ နယ်စပ်ဒေသရှိ အဖွဲ့အစည်းအသီးသီးမှ မွေးနေ့သဝဏ်လွှာများပေးပို့ကြရာတွင် စစ်အုပ်စုအား လက်နက်ကိုင်တိုက်ခိုက်ရေး အစဉ်အလာကြီးမားသောကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) လည်းပါဝင်သည်။

တိုင်းပြည်ကို အမှောင်ဖုံးစေခဲ့သည့် တိုင်းပြည်၏ဘုံရန်သူကို ပြည်တွင်းပြည်ပနှစ်ရပ်လုံးက ရှင်းရှင်းလင်းလင်း သိမြင်ခဲ့ပြီးသည့်နောက်တွင် တော်လှန်ရေးလှုပ်ရှားမှုသည် ရှေ့တဆင့်တိုး၍ အောင်ပွဲခံရန်သာကျန်ရှိပေတော့သည်။ တော်လှန်ရေးကြီးအောင်ပွဲဆင်နိုင် မဆင်နိုင်ဆိုသောအချက်မှာ ကာယကံရှင်အမျိုးသား၊ အမျိုးသမီးများ၊ ပြည်သူများ၊ ၎င်းတို့ကို ကိုယ်စားပြုသော နိုင်ငံရေးအဖွဲ့အစည်းများအပေါ်တွင် အဓိကတည်မှီလျက်ရှိသည်။ စိတ်ကူးယဉ်မှုနှင့် တပါးသူကို လုံးလုံးလျားလျားအားကိုးမှုသည် အောင်ပွဲနှင့်အလှမ်းဝေးစေရုံမက ကျဆုံးမှုပင်ဖြစ်စေကြောင်း သတိပြုရန် ကေအဲန်ယူ၏ သဝဏ်လွှာတွင်သတိပေးရေးသားထားသည်။

ကျောင်းသားတပ်မတော်၏ (၁၉) နှစ်မြောက်မွေးနေ့ကို နိုင်ငံတကာတွင်လည်း ကျင်းပခဲ့ကြသည်။ ❖

# မြန်မာ့အရေးနှင့်ပတ်သက်၍

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ထုတ်ပြန်ကြေညာချက်အပေါ်

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ လှိုက်လှဲစွာကြိုဆိုထောက်ခံ

အောက်တိုဘာ (၁၂)

ပြီးခဲ့သည့်ဆန္ဒပြပွဲများအား မြန်မာစစ်အစိုးရက အကြမ်းဖက်ဖြိုခွဲမှုများနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် (၁၅) နိုင်ငံလုံးက တညီတညွတ်တည်း အောက်တိုဘာ (၁၁) ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ဝေဖန်ရှုတ်ချကြောင်း ကြေညာချက်ကို အဲန်စီယူဘီမှ လှိုက်လှဲစွာကြိုဆိုထောက်ခံလိုက်သည်။

လုံခြုံရေးကောင်စီ၏ကြေညာချက်တွင် ငြိမ်းချမ်းစွာဆန္ဒပြခဲ့သည့် ရဟန်းသံဃာနှင့် ပြည်သူလူထုအား အကြမ်းဖက်နှိမ်နင်းခဲ့ခြင်းကိုကန့်ကွက်ရှုတ်ချကြောင်း၊ ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများအား အမြန်ဆုံးလွှတ်ပေးစေလိုကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ငြိမ်းချမ်းစွာအဖြေရှာသွားရန် စစ်အုပ်စုအပါအဝင် အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်ပါဝင်စေလိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း စစ်မှန်ရိုးသားသည့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်စေလိုကြောင်း စသည့်အချက်များသည် အမှန်တကယ်ဖြစ်သင့်သည့် လိုအပ်ချက်များဖြစ်ကြောင်း သုံးသပ်ပြခဲ့သည်။

မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံပေါင်းစုံမှ ဤသဘောတူညီချက် ချမှတ်နိုင်ခဲ့ခြင်းသည် ပြီးခဲ့သည့် စက်တင်ဘာသပိတ်တိုက်ပွဲအတွင်းက ရဟန်းရှင်လူပြည်သူအပေါင်း၏ ကြိုးပမ်းဆောင်ရွက်မှုမှ ထွက်ပေါ်လာသည့် အကျိုးဆက်ဖြစ်သည်ဟု အဲန်စီယူဘီမှအလေးအနက်ခံယူကြောင်းလည်း သိရသည်။

စက်တင်ဘာလှုပ်ရှားမှုအတွင်း အသက်ပေးလှူခဲ့သည့် ရဟန်းရှင်လူများ၊ စစ်အုပ်စု၏ နှိပ်စက်ညှဉ်းပန်းမှုကို ခံစားနေရသည့် အကျဉ်းထောင်အသီးသီးရှိ အာဇာနည်ခေါင်းဆောင်များ၊ ယင်းလှုပ်ရှားမှုကြီးအတွင်း နောက်ဆက်တွဲအကျိုးဆက်အဖြစ် ယနေ့ထိတိုင်ဖမ်းဆီးနှိပ်စက်ခံနေရသူများနှင့် မိမိတို့၏ မိသားစုအသိုင်းအဝိုင်းများဖြင့် ခွဲခွာ၍ပုန်းရှောင်နေကြရသည့် သူရဲကောင်းအပေါင်းတို့အား ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ဂုဏ်ပြုအပ်ပါကြောင်းလည်း ကြေညာချက်တွင်ဖော်ပြထားသည်။

နအဖစစ်အုပ်စုခေါင်းဆောင်များအနေဖြင့်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည့်တောင်းဆိုချက်များအတိုင်း အမြန်ဆုံးတိကျစွာလိုက်နာဆောင်ရွက်ရန်ကိုလည်း အလေးအနက်တိုက်တွန်းထားသည်။

ထို့အပြင် နအဖအနေဖြင့် ၎င်းတို့၏ အာဏာတည်မြဲရေးအတွက် အဓမ္မအကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါကလည်း မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအနေဖြင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်း၍ မြန်မာအာဏာရှင်စစ်အစိုးရ အမြန်ဆုံးပြုတ်ကျနိုင်ရေးကို အပြင်းအထန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းကိုလည်း ကြေညာချက်တွင်ဖော်ပြခဲ့သည်။

❖

# အထွေထွေအတွင်းရေးမှူး၏ အမေရိကန်နှင့် ဥပရောပပါလီမန်များ ခရီးစဉ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတရပ်ကျင်းပ



အထွေထွေအတွင်းရေးမှူး၏ခရီးစဉ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတရပ်ကျင်းပနေစဉ်

အောက်တိုဘာ (၂၆)

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) မှ သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နယ်စပ်တနေရာတွင်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် အထွေထွေအတွင်းရေးမှူး၏ အမေရိကန်နှင့် ဥရောပပါလီမန်တို့နှင့် သွားရောက်တွေ့ဆုံမည့်ကိစ္စနှင့် ပတ်သက်သော အကြိုလုပ်ငန်းအစည်းအဝေးတွင် ဤသို့သုံးသပ်လိုက်ခြင်းဖြစ်သည်။

နအဖကိုယ်စားလှယ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏တွေ့ဆုံမှုသည် နိုင်ငံတကာနှင့် ပြည်တွင်းသို့ ဟန်ပြသဘောဆောင်သည့် ပြယုဂ်တခုသာဖြစ်ကြောင်းနှင့် ယနေ့ကာလတွင် အမျိုးသားကောင်စီအပေါ် နိုင်ငံတကာ၏ထောက်ခံမှုရရှိရေးသည် အထူးအရေးကြီးလာသည့်အလျောက် ထောက်ခံမှုများအခိုင်အမာရရှိအောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်းလည်း ဆုံးဖြတ်ချက်တွင်ပါဝင်သည်။

မြန်မာပြည်တွင်း၌ ပြည်သူလူထုအပေါ် ဖိနှိပ်မှုများဆက်လက်ရှိနေသေးကြောင်းနှင့် မိမိတို့အဲန်စီယူဘီနှင့်နိုင်ငံတကာမှ မြန်မာ့စစ်အာဏာရှင်တစုတို့အပေါ် ဖိအားပေးနေသည်ဆိုခြင်းမှာ တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်လာစေရေးအတွက်သာလျှင်ဖြစ်ကြောင်းတို့ကိုလည်း ဖော်ပြထားသည်။ ဆက်လက်၍ လူမျိုးစုများအပေါ်စစ်ဆင်နေမှုများကို အမြန်ဆုံးရပ်ဆိုင်းပေးရန်လိုကြောင်း၊ လုံခြုံရေးကောင်စီမှလည်း မြန်မာ့စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များအပေါ် အရေးယူဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ပေးရန်လိုအပ်နေသေးကြောင်းတို့ကိုလည်း ထည့်သွင်းဆွေးနွေးသွားခဲ့သည်။

အစည်းအဝေးဆုံးဖြတ်ချက်တွင် အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့ပြည်တွင်းရေး တိုးတက်သောပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာစေရေးအတွက်သော်လည်းကောင်း၊ လက်ရှိလုပ်ဆောင်နေသည့် ပြင်ဆင်မှုလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်သွားရန်နှင့် အမျိုးသားကောင်စီ၏ အဓိကအဖွဲ့အစည်း (၂) ခုဖြစ်သည့် အဲန်ဒီအက်ဖ်၊ ဒီအေဘီတို့၏ခေါင်းဆောင်မှုအတွင်း ဆက်လက်ညှိနှိုင်းသွားရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နှင့် လွှတ်တော်ကိုယ်စားလှယ်များမှလည်း လုပ်ဆောင်ဆဲလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်သွားရန်တို့ကို အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

စက်တင်ဘာလူထုအုံကြွမှု၏အရင်းခံအကြောင်းသည် မြန်မာပြည်တွင်းစီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့၌ ဆိုးဝါးစွာဆုတ်ယုတ်နေမှုကြောင့်ဖြစ်ခဲ့ရသော်လည်း စစ်အုပ်စုအနေဖြင့် ပြောင်းလဲပြင်ဆင်မည့်အရိပ်လက္ခဏာမတွေ့ရပေ။ ❖

# မြန်မာပြည်နှင့်ချစ်ကြည်ရင်းနှီးစွာဆက်ဆံလိုသော ဘင်္ဂလားဒေ့ရှ်၏မူဝါဒကိုကျင့်သုံးမည့်အချိန်အား ရွှေ့ပေးစေလိုကြောင်း

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကြေညာချက်တစောင်ထုတ်ပြန်

အောက်တိုဘာ (၁၉)

ဘင်္ဂလားဒေ့ရှ်ပြည်သူများအနေနှင့် မိမိတို့အစိုးရကိုယ်တိုင်ပြဋ္ဌာန်းကြေညာထားသည့် နိုင်ငံခြားရေးရာအခြေခံမူဝါဒများအား ထောက်ခံအားပေးပါရန်နှင့် မြန်မာစစ်အာဏာရှင်တစုနှင့် လတ်တလောပတ်သက်ဆက်ဆံနေသည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေခြင်းများအား အဆုံးသတ်ပေးပါရန် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကြေညာချက်တစောင်ထုတ်ပြန်၍ တောင်းဆိုလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ဤကြေညာချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးအထူးအရာရှိ မစ္စတာ Iftekhar Ahmed Chowdhury ၏ မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးဟု ရည်ညွှန်းထုတ်ပြန်လိုက်သည့်ကြေညာချက်ထွက်ပေါ်လာပြီးနောက် မကြာမီထုတ်ပြန်လိုက်သောကြေညာချက်ဖြစ်သည်။

မြန်မာပြည်တွင် စစ်အာဏာရှင်တစုသည် ရာပေါင်းများစွာသော ပြည်သူလူထုအား သတ်ဖြတ်မှု၊ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်မှုများကို အတောမသတ်ပြုကျင့်နေဆဲဖြစ်သည်။ မြန်မာပြည်သူလူထုအနေနှင့်လည်း မိမိတို့၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ တိုးတက် ပြောင်းလဲလာစေရေးအတွက် ခက်ခဲစွာရုန်းကန်ကြိုးစားနေကြရဆဲအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနှင့် စစ်အစိုးရအား ကုန်သွယ်စီးပွားဖက်ပြုလိုက်ခြင်းသည် မြန်မာပြည်မှ သွေးစွန်းနေသည့်ငွေကြေးများကို မိမိတို့အိပ်ကပ်ထဲသို့ ထည့်နေရာကျနေသည့်အပြင် စစ်အစိုးရက ပြည်သူလူထုအား ပိုမိုညှဉ်းပန်းနှိပ်စက်သတ်ဖြတ်နိုင်ရန်အတွက် လိုအပ်သောလက်နက်များဝယ်ယူရန် ငွေကြေးဖြည့်တင်းထောက်ပံ့ပေးရာလည်းကျနေကြောင်း ထိုကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာစစ်အုပ်စုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ နည်းမှန်လမ်းကျသော ဆုံးဖြတ်ဆောင်ရွက်ချက်များကိုလည်း ဂရုမထားလစ်လျူရှုလျက်ထင်ရာစိုင်းလျက်ရှိနေသည်။ ၎င်းသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး၏ကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီက ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသော မြန်မာနိုင်ငံသားတို့အပေါ် ပြုမူခဲ့သည့် လူမဆန်သောလုပ်ရပ်များအား ဝေဖန်ပစ်တင်ခြင်းတို့ကိုလည်းဆန့်ကျင်က ပြစ်မှုတို့ကို ဆက်လက်ကျူးလွန်မြဲကျူးလွန်နေသည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ငြိမ်းချမ်းစွာအဖြေရှာရေးနည်းကိုပင် အမှုမထား ဂရုမပြုသော၊ ရက်စက်ယုတ်မာပြီး တရားဝင်မှုလည်းမရှိသော စစ်အစိုးရအား ဘင်္ဂလားဒေ့ရှ်အပါအဝင် အခြားနိုင်ငံခြားတိုင်းပြည်များက ဘဏ္ဍာရေးကိုဖွံ့ဖြိုးစေရန် ထောက်ပံ့နေခြင်းဖြင့် စစ်အာဏာသက်ရှည်စေရန် တနည်းတလမ်းအားဖြင့် အားပေးကူညီရာကျနေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူသားအားလုံးအတွက် အာမခံထားသည့် "လူသားတိုင်း မိမိတို့နှစ်သက်သလို ကိုယ်ပိုင်လွတ်လပ်သောလူ့အဖွဲ့အစည်းကိုလည်းကောင်း၊ စီးပွားရေးနှင့်နိုင်ငံရေးစနစ်တို့ကိုလည်းကောင်း မိမိတို့နှစ်သက်ရာနည်းလမ်းဖြင့် ဆုံးဖြတ်ရွေးချယ်နိုင်ရန်နှင့် ထူထောင်နိုင်ရန်၊ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိစေရန်"ဟူသော မိမိတို့ကိုယ်တိုင်ချမှတ်ပြဋ္ဌာန်းထားသည့် အခြေခံမူဝါဒကို သွယ်ဝိုက်သောနည်းအားဖြင့် ဖောက်ဖျက်ခြင်းဖြစ်ကြောင်း ထိုကြေညာချက်တွင်ဖော်ပြထားသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ့ပြည်သူများအား သွေးထွက်သံယိုနှိပ်ကွပ်မှုများကို သွယ်ဝိုက်သောနည်းဖြင့် အားပေးကူညီရာရောက်နေသည့် မြန်မာအစိုးရနှင့် စီးပွားကုန်သွယ်မှုပြုနေခြင်းအား အမြန်ဆုံးရပ်တန့်ပေးပါရန် အနူးအညွတ်မေတ္တာရပ်ခံကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားရေးရာအခြေခံမူဝါဒသဘောထားများနှင့်အညီ ဘင်္ဂလားဒေ့ရှ်အစိုးရအားလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူများအားလည်းကောင်း၊ မြန်မာပြည်တွင် လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေးတို့တွင် လွတ်လပ်၍ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရှိလာမည်ဖြစ်သော အချိန်တခုသို့ရောက်သည့်တိုင်အောင် မြန်မာပြည်နှင့် ရင်းနှီးချစ်ကြည်စွာဆက်ဆံရေးအစီအစဉ်ကို ဆိုင်းငံ့ပေးပါရန် အလေးအနက်တိုက်တွန်းတောင်းဆိုလိုက်ကြောင်းလည်း ထိုကြေညာချက်တွင်ပါဝင်သည်။

❖

# မာရ်နတ်ရန်သူ...အောင်တော်မူ



ဂါမဏိ

ထိုရောအခါ လောကသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးကြရန် တက္ကသိုလ်ပြည်မှ ပညာရှိသုခမိန်များက တွန်းဆော်ကြသည်။ အင်အားကြီးမားလှသော မာရ်နတ်မင်းကို လေးစားအသိအမှတ်ပြုလျက်၊ ကျွန်းကြီးလေးကျွန်းကိုစိုးမိုးရသော စကြာဝတေးမင်းအဖြစ်သို့ရောက်ရှိကာ မဇ္ဈိမဒေသတခွင်လုံးဖွံ့ဖြိုးတိုးတက် သာယာဝပြောမည့်လမ်းပြမြေပုံအတိုင်း (၇) သချောင်နှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရန်မာရ်နတ်တမန်များနှင့်လူပြန်တော်ပညာရှိများက ပတ်ချွဲနပ်ချွဲလျှောက်ထားကြသည်၊ နှစ်ဖက်စလုံးမှ ထိန်းထိန်းသိမ်းသိမ်းပြုကြရန် ဂန္ဓာရတိုင်းမှနဂါးမင်းကလည်းတိုက်တွန်းခဲ့သည်၊

အချိန်ကား မဟာသက္ကရာဇ် (၁၀၃) ခုဖြစ်၏။ ဘုရားလောင်းသိဒ္ဓတ္ထသည် ကဆုန်လဆန်း (၁၄) ရက်၊ အင်္ဂါနေ့ညတွင် ထူးခြားသော အိပ်မက်ကြီးငါးခုကို မြင်မက်တော်မူ၏။ အိပ်မက်ငါးရပ်ကား ....

(၁) ဟိမဝန္တာတောင်ကိုခေါင်းအုံးလျက်၊ မြေပြင်ကို အိပ်ရာပြု၊ အရှေ့နှင့်အနောက် သမုဒ္ဒရာပေါ် လက်ထား၊ တောင်သမုဒ္ဒရာ၌ ခြေထောက်ထားအိပ်စက်ရသည်ဟု အိပ်မက်ခြင်း။

*နိုင်ငံတော်အာဏာအရပ်ရပ်ကို သိမ်းပိုက်ရန် မျှော်မှန်းချက်ဖြစ်သည်ဟု ဗြဲတိုက်တော်အမှုထမ်းများက အဓိပ္ပာယ်ကောက်ကြသည်။*

(၂) အနီရောင်မြက်ပင်သည် ချက်မှ ဖောက်၍ ကောင်းကင်တိုင်အောင်တက်သည်ဟု အိပ်မက်ခြင်း။

*ဩကာသလောကဖြိုခွဲရန် သမ္မာသမဂ္ဂဝါဒီတို့နှင့် ပူးပေါင်းကြံရွယ်ချက်ဖြစ်သည်ဟု ၎င်းဗြဲတိုက်အမှုတော်ထမ်းများက ကောက်ယူသည်။*

(၃) အဖြူရောင်ပိုးများ ခြေထောက်မှ လွှမ်း၍တက်လာသည်ဟု အိပ်မက်ခြင်း။

*လောကသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲဖျက်ဆီးရန်ကြံဆောင်မှုအဖြစ် အဓိပ္ပာယ်ဖွင့်ကြသည်။*

(၄) အရောင်အမျိုးမျိုးရှိသည့်ငှက်များ အရပ်လေးမျက်နှာမှလာ၍ ခြေရင်း၌ အားလုံးအဖြူရောင်ဖြစ်သွားသည်ဟု အိပ်မက်ခြင်း။

*အလုံးစုံပျက်သုဉ်းရေးကို အားထုတ်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ပြန်သည်။*

(၅) ကြီးမားသည့် မစင်တောင်ပေါ် တက်၍လမ်းလျှောက်သော်လည်း ပေကျံခြင်းမရှိဟု အိပ်မက်ခြင်း။

*စီးပွားရေးပိတ်ဆို့၍ အချုပ်အခြာအာဏာကိုပျက်ပြားရန်ကြံစည်ခြင်းဖြစ်သည်ဟု ဖွင့်ဆိုကြပြန်သည်။*

ဘုရားလောင်းတမူကား ဤအိပ်မက်များကိုဆင်ခြင်တော်မူလျှင် "ငါသည် ယနေ့စင်စစ် ဘုရားဖြစ်အံ့"ဟု ကြံရည်ဆုံးဖြတ်ကာ မိုးသောက်ယံ၌ ဆွမ်းခံချိန်ကိုစောင့်လင့်တော်မူလျက် သေနရွာအနီး ညောင်ပင်ကြီးခြေရင်း၌ နေတော်မူ၏။ ထိုအခါ၌ ယင်းသေနရွာမှ သူဌေးသမီးသုဇာတာသည် ဘုရားလောင်းအား အထူးကြည်ညိုလေးမြတ်လှသဖြင့် မိမိကိုယ်တိုင် ထူးကဲစွာဖော်စပ်ချက်လုပ်ထားသော ဃနာနို့ဆွမ်းကို ဘုရားလောင်းအား ဆက်ကပ်ပူဇော်၏။

*ဤသည်မှာ ပြင်ပအကူအညီကိုယူခြင်းဖြစ်သည်၊ ပြင်ပမှစွက်ဖက်မှုဖြစ်သည်ဟု မဇ္ဈိမအလင်းသတင်းစာဆောင်းပါးများက ဆိုသည်။*

ဘုရားလောင်းသည် ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုနေရဥ္စရာမြစ်အနီး အင်ကြင်းတော၌ နေ့ကုန်စေ၍ မူလကမ္မဋ္ဌာန်းစီးဖြန်းပြီး၊ ညချမ်းသောအခါ မဟာဗောဓိပင်သို့ ကြွတော်မူပြီး အရှေ့သို့လှည့်လျက် မြက်ရှစ်ဆုပ်ကြဲ ရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူကာ အာနာပါနစျာန်ကိုဝင်စား၍ "ဘုရားမဖြစ်သမျှ ဤနေရာက ငါမထပြီ" ဟု ဝီရိယထုတ်လေ၏။

*ဤကား ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းအတိုင်းလျှောက်ခြင်းဖြစ်သည်ဟု မဇ္ဈိမအလင်း သတင်းစာဆောင်းပါးရှင်များကလည်းကောင်း၊ ပညာကျော်ပုဏ္ဏားဟူးရားများကလည်းကောင်း စွပ်စွဲကြသည်။*

ဤအခါ၌ သိကြားမင်းသည်လည်းကောင်း၊ နဂါးမင်းသည်လည်းကောင်း၊ ဗြဟ္မာမင်းသည်လည်းကောင်း၊ သန္တုသိတနတ်မင်းကြီးသည်လည်းကောင်း၊ ပဥ္စသိခ်နတ်မင်းသည်လည်းကောင်း၊ များစွာသောနတ်တို့သည်လည်းကောင်း အထူးထူးသော ပူဇော်သက္ကာရဖြင့် ပူဇော်ကြကုန်၏။

*တရားမဝင်လူစုလူဝေးမှုများ ကျူးလွန်နေသဖြင့် လူစုခွဲရန် ရွာသော်များက လိုက်လံဟစ်ကြွေး သတိပေးခဲ့သည်။*

ထို့နောက်၌ကား ဝသဝတ္တီ မာရ်နတ်မင်းသည်လာလတ်၍ လက်ဝဲ (၁၂) ယူဇနာ၊ လက်ယာ (၁၂) ယူဇနာ၊ နောက်မျက်နှာက စကြာဝဠာတံတိုင်းထိ၊ အထက်ကို (၉) ယူဇနာရှိသော ကြောက်မက်ဖွယ်အသွင်အမျိုးမျိုးဆောင်သည့် နတ်စစ်သည်ဗိုလ်ပါအပေါင်း *(အင်အား ၄ သိန်း)* ဝန်းရံလျက် ယူဇနာ (၁၅၀) ရှိ ဂီရိမေခလာ *(နျူကလီးယား)* ဆင်ကိုစီး၍ *(အမ်အိုင်ဂျီ-၂၉၊ အမ်အိုင်-၂၄၊ ၁၀၅ မမ၊ ၁၂၀ မမ၊ ၆၀ မမ၊ ၄၀ မမ၊ အာရ်ပီဂျီ၊ အမ်အေ-၁၊ အမ်အေ-၂၊ အမ်-၁၆၊ မျက်ရည်ယိုဗုံး၊ ရာဘာကျည်ဆံ၊ ဝါးရင်းတုတ်၊ လေးဂွ၊ ကြိုးကွင်း၊ အကျဉ်းထောင်၊ လျှပ်စစ်ကျဉ်စက်၊ ရဲဘက်စခန်းတို့ပါဝင်သည့်)* လေပွေမိုး၊ ကျောက်ခဲပူမိုး၊ လက်နက်မိုး၊ မီးကျီးခဲမိုး၊ ပြာပူမိုး၊ သဲပူမိုး၊ ရွှံ့ညွန်မိုး၊ မိုက်မှောင်စက်လက်နက် စသော လက်နက် (၁၀) ပါးနှင့် (၉) ယူဇနာအလျားရှိ *(စကဒ်ဒုံးကျည်၊ ဆမ်-၇ ဒုံးကျည်၊ စတာလင်ဒုံးကျည်)* လေးမြား၊ ပုဆိန်၊ လှံလက်နက်မျိုးစုံကိုင်စွဲသော လက်ရုံးတထောင် ဖန်ဆင်းလျက် တိုက်ဖျက်လေ၏။

*ဤအမှုကား ဩကာသလောက၏ ပြည်တွင်းရေးသက်သက်ဖြစ်၍ မဟာစကြာဝဠာ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ကမ္ဘာစောင့်နတ်မင်းကြီးများမှ မစွက်ဖက်သင့်ကြောင်းဖြင့် ဥတ္တရမြောက်ကျွန်းပိုင်နတ်မင်းကြီးနှင့် ဂန္ဓာရတိုင်းမှ နဂါးမင်းတို့က တချက်လွှတ်ဗီတိုအာဏာဖြင့် အမိန့်တော်မှတ်လိုက်သည်။ ထိုရောအခါ လောကသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးကြရန် တက္ကသိုလ်ပြည်မှ ပညာရှိသုခမိန်များက တွန်းဆော်ကြသည်။ အင်အားကြီးမားလှသောမာရ်နတ်မင်းကို လေးစားအသိအမှတ်ပြုလျက်၊ ကျွန်းကြီးလေးကျွန်းကိုစိုးမိုးရသော စကြာဝတေးမင်းအဖြစ်သို့ရောက်ရှိကာ မဇ္ဈိမဒေသတခွင် ဖွံ့ဖြိုးတိုးတက် သာယာဝပြောမည့် လမ်းပြမြေပုံအတိုင်း (၇) သချေင်္ျနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရန် မာရ်နတ်တမန်များနှင့် လူပြန်တော်ပညာရှိများက ပတ်ချွဲနပ်ချွဲလျှောက်ထားကြ သည်။ နှစ်ဖက်စလုံးမှ ထိန်းထိန်းသိမ်းသိမ်းပြုကြရန် ဂန္ဓာရနဂါးမင်းက တိုက်တွန်းခဲ့သည်။*

ဘုရားလောင်းလည်း မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှုကိုသာ ပြုမြဲအတိုင်း ပြုကျင့်လေရာ သိန်းပေါင်းများစွာသော မာရ်နတ်စစ်သည်များမှာ တဟုန်ထိုးသော မေတ္တာရေအလျဉ်၌ မျောပါလွင့်ပျောက်သွား၍ နေမဝင်မီ၌ပင် မာရ်နတ်မင်းအပေါ်အောင်တော်မူ၏။

*အလုံးစုံသောလောကကိုဆောင်နိုင်သည့်မာရ်နတ်မင်း ပျက်သုဉ်းလျှင် မဇ္ဈိမဒေသတခွင်နှင့်တကွ ဩကာသလောကတခုလုံး ဖရိုဖရဲကစဉ့်ကလျား ခေးယို့စ်ဖြစ်သွားလျက် ဥပဒေကင်းမဲ့ အကြမ်းဖက်ဆူပူစစ်ပွဲများဖြစ်လတ္တံ့ဟု တက္ကသိုလ်ပြည်မှ ပညာရှိများ၊ (၁၀၁) ပါးသောနိုင်ငံတို့မှ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုများ၊ ပြုဗ္ဗာကျွန်း၊ ဂေါယာကျွန်းနှင့် အဆိယဒေသမှ သူကြွယ်ကုန်သည်များက နိမိတ်ဖတ်ကြားပြန့်ပွားကြသည်။*

ဘုရားလောင်းသည် ညဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကိုရ၍ မိုးသောက်ထသောအခါ စကြာဝဠာတိုက်တသောင်းလုံးကို တုန်လှုပ်စေလျက် ပဋိစ္စသမုပ္ပါဒ်မှစ၍ အာနာပါနစတုတ္ထစျာန်ကို ဝင်စားပြီး ဝိပဿနာကိုပွားစေသည်တွင်၊ အစဉ်အတိုင်းရအပ်သော အာသဝက္ခယဉာဏ်ဖြင့် ကိလေသာအပေါင်းကို ထောင်းထောင်းပိုင်းဖြတ်လျက် မဂ်လေးတန်ကို အစဉ်အတိုင်းရ၍၊ ထိုရအပ်သော မဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိ (၁၉) ချက်၏အဆုံး၌ အလုံးစုံသောတရားကို သိတတ်သော သဗ္ဗညုတဉာဏ်ကိုရ၍ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အကုန် နေအရုဏ်တက်သည်နှင့် တပြိုင်နက် လောကသုံးပါး၏အထွတ်အထိပ် သဗ္ဗညုဗုဒ္ဓဂေါတမဘုရားရှင်အဖြစ်သို့ ကောင်းစွာရောက်တော်မူသတည်း။ ဘုရားအဖြစ်ကို ရရှိအောင်မြင်ချိန်၌ အလုံးစုံသောပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် လျှင်လှုပ်ခါပြီး မော်ကွန်းတင်လေ၏။

*"သမီးတော်တို့၊ ဤကား လောကအလုံးကို ဆူပူခြောက်ခြားစေခြင်းပင်တည်း။ ဤဂေါတမရဟန်းတုသည် ငါမှန်းထားသော ရွှေပလ္လင်ဝယ် ငါ့အလျင် ဘုရားလုပ်ချေပြီ။ ဤရဟန်းတု၊ ရဟန်းယောင်၏ ပျက်စီးကြောင်းကိုကြံပါသော်လည်း မကြံနိုင်၍ တွေ့မှိုင်ရတော့သည်" ဟု မာရ်နတ်က တဏှာ၊ အရတီ၊ ရာဂမည်သော သမီး (၃) ယောက်ကို ပြောဆိုရာ စွမ်းအားရှင်သမီး (၃) ယောက်က "သမီးတို့ မိန်းမမာယာအစွမ်းဖြင့် ဤရဟန်းဆိုးကိုဖျောင်းဖျ၍ ဗောဓိညောင်ပင်မှ ဖယ်ခွာစေကာ ဖခင်၏ညောင်နှစ်ပင်သို့ ပါအောင်ပြုပါအံ့"ဟု ကတိပေးလျက်တယောက်ကား ပဌမဝတီ (၁၃) နှစ်အရွယ်၊ တယောက်ကား ကလျာဏီ (၁၈) နှစ်အရွယ်၊ တယောက်ကား ကလေးတခါမွေးပြီးသော ဂဗ်ဘာရီမိန်းမအရွယ်ဖြင့် တင့်တယ်စွာတန်ဆာဆင်ပြီး ဘုရားရှင်ခြေတော်ရင်း၌အလုပ်အကျွေးပြုလိုကြောင်း တောင်းပန်လာ၏။*

"ငါဘုရားသည် ကိလေသာတရားတို့ကို ပယ်ရှားအောင်မြင်အပ်ပြီဖြစ်၍ သင်တို့အား သုသာန်၌စွန့်ပစ်အပ်သော သူကောင်ပုပ်ကဲ့သို့ စက်ဆုပ်တော်မူသည်" ဟု ဘုရားရှင်က နတ်သမီး (၃) ယောက်ကို ကဲ့ရဲ့တော်မူရာ နတ်သမီးတို့လည်း မာရ်နတ်မင်း ထံပြန်ကြရတော့သည်။ ထို့နောက်တွင်ကား ဥပကမထေရ်၊ ပဥ္စဝဂ္ဂီငါးပါး၊ ယသသူဌေးသားပါ (၅၅) ဦး၊ ဘဒ္ဒဝဂ္ဂီမင်းသားညီနောင် (၃၀) စသဖြင့် သံဃာ့အသင်း ပွားများစည်ပင်လာပြီး ဗုဒ္ဓသာသနာမှာ ကမ္ဘာတွင် အခိုင်အခန့် အေးဆေးဖြစ်တည်လာရာ ယခုအခါ နှစ်ပေါင်း ၂၅၉၅ နှစ်တိုင်ပြီ ဖြစ်တော့သတည်း။

ရည်ညွှန်း။ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ 'ဇိနတ္ထပကာသနီကျမ်း'

ဂါမဏိ

❖

# ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီ၏

## မြန်မာပြည်အရေးကိစ္စ အာရှ (၆) နိုင်ငံခရီးစဉ်မှတ်တမ်း



### မစ္စတာဂမ်ဘာရီက ဒီမိုကရေစီရေးလှုပ်ရှားနေသူများအား ဆက်လက်ဖမ်းဆီးနေခြင်းသည် ကုလသမဂ္ဂနှင့်စစ်အုပ်စုကြား နားလည်မှုများကို ဖျက်ဆီးရာရောက်လိမ့်မည်ဖြစ်ကြောင်း နအဖစစ်အုပ်စုအား သတိပေး ...

❑ **အောက်တိုဘာ (၁၅) ရက်။**

အာရှဒေသ (၆) နိုင်ငံခရီးစဉ်ဖြင့် ထိုင်းနိုင်သို့ ရောက်ရှိနေသော မစ္စတာဂမ်ဘာရီက ဒီမိုကရေစီရေးလှုပ်ရှားနေသူများအား ဆက်လက်ဖမ်းဆီးနေခြင်းသည် ကုလသမဂ္ဂနှင့်စစ်အုပ်စုကြား နားလည်မှုများကို ဖျက်ဆီးရာရောက်လိမ့်မည်ဖြစ်ကြောင်း နအဖစစ်အုပ်စုအား သတိပေးပြောဆိုလိုက်သည်။ သတင်းထောက်တဦးက "အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ဒီထက်ပို၍ ဘာလုပ်ပေးနိုင်ဦးမလဲ"ဟု မေးရာတွင် မစ္စတာဂမ်ဘာရီက "ပိုလုပ်နိုင်လိမ့်မယ်လို့ ယုံကြည်လို့ အခုလို ခရီးထွက်တိုက်တွန်းနေတာပါ။ ကျနော်တို့ ပိုပြီးလုပ်ပါလိမ့်မယ်။ ထိုင်းတနိုင်ငံတည်းမကဘူး၊ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှားနဲ့ယူအဲန်အပါအဝင် အားလုံးပူးတွဲဆောင်ရွက်ဖို့လိုနေပါသေးတယ်"ဟု ဖြေကြားသွားခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ဆုလာယုကလည်း ကုလသမဂ္ဂအနေနှင့် အာဆီယံ၊ တရုတ်၊ အိန္ဒိယတို့နှင့် မြန်မာ့အရေးဆွေးနွေးအဖြေရှာသင့်ကြောင်း၊ မြောက်ကိုရီးယားပြဿနာကဲ့သို့ အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းဆွေးနွေးမှုများလုပ်သင့်ကြောင်း အကြံပေးပြောကြားခဲ့သည်။

❑ **အောက်တိုဘာ (၁၆) ရက်။**

မြန်မာ့နိုင်ငံရေးပြဿနာအဆုံးသတ်စေရန် ကုလသမဂ္ဂမှဦးစီး၍ တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများပါဝင်သည့် ဒေသတွင်းဆွေးနွေးပွဲတခု ကျင်းပရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနှင့်တွေ့ဆုံစဉ် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဆူရာယွတ်ချူလာနွန်က အကြံပြုခဲ့သည်။

အမေရိကန်နှင့်အခြားနိုင်ငံများမှ မြောက်ကိုရီးယားပဋိပက္ခကို ဖြေရှင်းပေးသကဲ့သို့ မြန်မာစစ်အစိုးရကိုလည်း အကူအညီအပေးရန်နှင့် သက်ဆိုင်သူများအားလုံး ဆွေးနွေးပွဲစကားဝိုင်းသို့ ရောက်ရှိလာစေရေးအတွက် အကြံပြုခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံသို့ အမြန်ဆုံးဝင်ခွင့်ပေးရန်နှင့် လုပ်ငန်းတာဝန်များအထမြောက်အောင် ဆောင်ရွက်ပြီးချိန်အထိ မြန်မာနိုင်ငံ၌နေခွင့်ပေးရန် တောင်းဆိုသည့်စာတစောင်ကိုလည်း ယခု သီတင်းတပတ်အတွင်း မြန်မာအစိုးရထံပေးပို့မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ကပြောခဲ့သည်။

ထိုင်းနိုင်ငံ၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် မစ္စတာဂမ်ဘာရီက "ထိုင်း၊ တရုတ်၊ အင်ဒိုနီးရှားနိုင်ငံများအပါအဝင် ကျနော်တို့အားလုံး လုပ်နိုင်သလောက်အကောင်းဆုံးလုပ်နေပါတယ်။ ပြီးတော့ မြန်မာအစိုးရက လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနဲ့ မြန်မာပြည်သူတွေရဲ့ သာယာဝပြောမှုကို အပြည့်အဝလေးစားလိုက်နာဖို့တောင်းဆိုပါတယ်"ဟုလည်း ပြောခဲ့သည်။

မစ္စတာဂမ်ဘာရီ၏ ဒုတိယခရီးစဉ်ဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာတွင် သတင်းထောက်များကိုပြောကြားရာ၌ မြန်မာ့စစ်ခေါင်းဆောင်များသည် ဒီမိုကရေစီရေးပြောင်းလဲမှုများဖြစ်ပေါ်လာရေးအတွက် စဉ်းစားသင့်ပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။ ဆက်လက်၍ အီဘရာဟင်ဂမ်ဘာရီကပြောရာတွင် စစ်အုပ်ချုပ်မှုကို ဆက်လက်သက်ဆိုးရှည်စေမည့် အဖြစ်မျိုးကိုမရောက်စေရအောင် နိုင်ငံတကာ၏လုပ်ပိုင်ခွင့်အာဏာများကို သုံးသွားရမည်ဟု အကြံပြုပြောကြားသွားသည်။

❑ **အောက်တိုဘာ (၁၇) ရက်။**

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆယက်ဟာမစ်အယ်လ်ဘာက မြန်မာ့နိုင်ငံရေးပြဿနာများကို ကုလသမဂ္ဂမှတဆင့် ဖြေရှင်းခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်မည်ဖြစ်ကြောင်းနှင့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲသည် မြန်မာနိုင်ငံတွင်း၌သာဖြစ်ပေါ်လာရမည်ဟု ပြောကြားလိုက်သည်။ မစ္စတာဂမ်ဘာရီသည် မလေးရှားနိုင်ငံသို့ရောက်ရှိနေပြီး မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီနှင့် တွေ့ဆုံရန်စီစဉ်ထားချိန်တွင် ဤသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ဆက်လက်၍ ၎င်းက မြန်မာနိုင်ငံနှင့်ဆက်လက်ညှိနှိုင်းရန်လိုအပ်သော်လည်း ခြိမ်းခြောက်မှုမျိုးကိုမှ လုပ်လိမ့်မည်မဟုတ်ဟုလည်း ပြောဆိုလိုက်သည်။ မလေးရှားနိုင်ငံသည် အာဆီယံအဖွဲ့ထဲသို့ မြန်မာနိုင်ငံဝင်ရောက်နိုင်ရေးကို ထောက်ခံအားပေးခဲ့သောနိုင်ငံများအနက် တနိုင်ငံဖြစ်သည်။

❑ **အောက်တိုဘာ (၂၂) ရက်။**

ယမန်နေ့ မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့အသွား စင်္ကာပူလေဆိပ်တွင် စင်္ကာပူနိုင်ငံခြားရေးဌာန အဆင့်မြင့်အရာရှိများက မစ္စတာဂမ်ဘာရီအား သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့သွားရောက်တွေ့ဆုံအပြီးတွင် မြန်မာ့အရေးဖြေရှင်းရာ၌ မစ္စတာဂမ်ဘာရီ၏ကြိုးပမ်းမှုကို အပြည့်အဝထောက်ခံသွားမည်ဖြစ်ကြောင်း စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

မြန်မာ့အရေးနှင့်ပတ်သက်၍ အိန္ဒိယသို့ မစ္စတာဂမ်ဘာရီလာရောက်သော ဤခရီးစဉ်မှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမခရီးစဉ်ကတည်းကပင် အိန္ဒိယသည် မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတကာချဉ်းကပ်မှုလမ်းကြောင်းသို့ ရောက်သွားပြီဟု နားလည်ကြောင်း အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးတဦးဖြစ်သူ ဒေါက်တာ တင့်ဆွေက ပြောသည်။ အိန္ဒိယအစိုးရအနေနှင့်မူ မစ္စတာဂမ်ဘာရီ၏ခရီးစဉ်နှင့်ပတ်သက်၍ တစုံတရာဝေဖန်ပြောကြားခြင်းမရှိခဲ့ပေ။

❑ **အောက်တိုဘာ (၂၃) ရက်။**

အိန္ဒိယနိုင်ငံ နယူးဒေလီသို့ရောက်နေသည့် မစ္စတာဂမ်ဘာရီက အိန္ဒိယအစိုးရနှင့် ဆွေးနွေးရသည်မှာ ကျေနပ်မှုအပြည့်ရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ကုလသမဂ္ဂ၏ကြားဝင်ဖြေရှင်းရေးသံတမန် မစ္စတာဂမ်ဘာရီသည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ နိုင်ငံခြားရေးဝန်ကြီး ပရာနပ်မူခါဂျီးတို့နှင့် မြန်မာနိုင်ငံအကြပ်အတည်း ဖြေရှင်းရန်ဆွေးနွေးခဲ့ကြသည်။

❑ **အောက်တိုဘာ (၂၄) ရက်။**

မြန်မာစစ်အုပ်စုအား ဖိအားပေးရန်ကိစ္စတွင် ထာဝစဉ်လက်ရှောင်ခဲ့သော တရုတ်အစိုးရသည် ယခုအခါ၌ မစ္စတာဂမ်ဘာရီ၏ မြန်မာ့အရေးဆောင်ရွက်ချက်များကို ထောက်ခံလိုက်သည်။ မြန်မာပြည်၏ အရင်းနှီးဆုံးဆက်ဆံနေသည့် နိုင်ငံတခုအနေနှင့်လည်းကောင်း၊ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအနေနှင့်လည်းကောင်း၊ တရုတ်နိုင်ငံသည် မြန်မာပြည်တွင်းရေးများတိုးတက်သည့်ပြောင်းလဲမှုဖြစ်ပေါ်လာရေးအတွက် အာဆီယံနိုင်ငံများအားတွန်းအားပေးနိုင်သည့် အဓိကအခန်းကရှိနေသည်။

❑ **အောက်တိုဘာ (၂၅) ရက်။**

အိမ်နီးချင်းမြန်မာနိုင်ငံမှ ဖြစ်ပျက်နေသော စိတ်မချမ်းမြေ့ဖွယ်ရာအခြေအနေများ အဆုံးသတ်စေရေးအတွက် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ရီက ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီအားပြောသည်။ ကုလသမဂ္ဂမှကြိုးပမ်းဆောင်ရွက်နေသော "မြန်မာ့အရေးငြိမ်းချမ်းစွာအဖြေရှာရေး"အားအစိုးရအနေနှင့် ဆက်လက်၍အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း တရားဝင်ဆွေးနွေးပွဲမတိုင်မီတွင် ဝမ်ကပြောခဲ့ခြင်းဖြစ်သည်။

မစ္စတာဂမ်ဘာရီသည် မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့်အခြားနိုင်ငံများအား မြန်မာပြည်တွင် ဒီမိုကရေစီထွန်းကားရေးသို့ ဦးတည်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် စစ်အစိုးရအား ဖိအားပေးစေရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ တရုတ်သည် မြန်မာပြည်၏အရင်းနှီးဆုံး မဟာမိတ်ဖြစ်ပြီး အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံလည်းဖြစ်သည်။

❑ **အောက်တိုဘာဘာ (၂၆) ရက်**

နှစ်ပေါင်းနှစ်ဆယ်အတွင်း အကြီးမားဆုံးသောဆန့်ကျင်ဆန္ဒပြမှုများကို မြန်မာစစ်အုပ်စုက အကြမ်းဖက်ဖြိုခွဲခဲ့မှုများအတွက် မြန်မာစစ်အုပ်စုအပေါ် နိုင်ငံတကာ၏ပြစ်တင်ဝေဖန်မှုများသည် တနေ့တခြားပိုမိုပြင်းထန်လာခဲ့သည်။ ဂမ်ဘာရီက ယမန်နေ့က ဘီဂျင်းတွင် တရုတ်နိုင်ငံ၏လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ He Yafei နှင့်တွေ့ဆုံရာတွင် အလွန်ပင်အဆင်ပြေကောင်းမွန်သောဆွေးနွေးပွဲဖြစ်ပါကြောင်း ဝမ်အားပြောခဲ့သည်။ ဂမ်ဘာရီသည် တရုတ်၏နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အဆင့်မြင့်အရာရှိ Tang Jiaxuan နှင့်လည်း ယနေ့ထပ်မံတွေ့ဆုံမည်ဖြစ်ကြောင်းသိရသည်။

ဤအတောအတွင်းတွင် လန်ဒန်၊ ပဲရစ်၊ ဘန်ကောက်နှင့် ဝါရှင်တန်မြို့ကြီးများအပါအဝင် ကမ္ဘာအဝှမ်း၌ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရန် ဆန္ဒပြတောင်းဆိုပွဲများလည်း ဆက်တိုက်ဖြစ်ပွားလျက်ရှိနေသည်။

ဂျပန်လွှတ်တော်အမတ် မစ္စတာဆုရဲမဆုစံက မြန်မာစစ်အစိုးရက ၎င်း၏ပြည်သူများအပေါ် အကြမ်းဖက်နှိမ်နင်းသည့်လုပ်ရပ်များကို နောက်ထပ်လုပ်မလာစေရန်နှင့် စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ဂျပန်လွှတ်တော် သမဂ္ဂကလည်း လိုလားသည်ဆိုသောအချက်အပေါ် မစ္စတာဂမ်ဘာရီအနေနှင့်လည်းသဘောတူကြောင်း၊ စစ်အစိုးရသည် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ဆက်လက်ငြင်းပယ်နေပြီး ၎င်းတို့၏ လမ်းပြမြေပုံအတိုင်းဆက်သွားနေခြင်းမျိုးကို ဂျပန်လွှတ်တော်သမဂ္ဂမှ မလိုလားကြောင်းအား မစ္စတာဂမ်ဘာရီကိုယ်တိုင်လည်း လက်ခံသဘောတူကြောင်းတို့အား ပြောသည်။

မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေသော တိုကျို–မြန်မာရေးရာရုံးတာဝန်ခံ ဒေါက်တာမင်းညိုက "မစ္စတာဂမ်ဘာရီမတိုင်ခင် မစ္စတာရာဇာလီခေတ်ကတည်းက ဂျပန်အစိုးရလမ်းစဉ်က စစ်တပ်ချည်းပဲသွားတာမဟုတ်ဘဲ စစ်တပ်ခေါင်းဆောင်တွေနဲ့ ကျနော်တို့ ဒီမိုကရေစီခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးတဲ့လမ်းကြောင်းမှာ အတူတကွ လက်တွဲသွားတာမြင်စေချင်တာအမှန်ပဲ။ ဒီလမ်းကြောင်းကိုမရောက်သေးတဲ့အတွက် သူတို့တွေလည်း တော်တော်ခက်နေတယ်။ စစ်အစိုးရက ကုသမဂ္ဂရဲ့လမ်းကြောင်းအတိုင်း လျှောက်မယ်ပြောပြီးတော့ တကယ်ကျတော့ နိုင်ငံတကာရဲ့ဥပဒေနဲ့အညီ တခုမှလုပ်ခဲ့တာမဟုတ်တာကြောင့်မို့ တကယ်လို့မလုပ်ဘူးဆိုရင်တောင် ဂျပန်အစိုးရကလည်း အရင်တုန်းက အနောက်နိုင်ငံတွေနဲ့ အယူအဆပေါ့လေ ဗမာပြည်နဲ့ပတ်သက်ရင် မတူဘူး။ မတူဘူးပြောနေတာ ပန်းနဲ့ခေါင်းဖြစ်လာလိမ့်မယ်လို့ ယူဆရပါတယ်"ဟုပြောသည်။

❑ **အောက်တိုဘာ (၃၀) ရက် ။**

မြန်မာစစ်အုပ်စုအား စီးပွားရေးပိတ်ဆို့ရေးတွင် သဘောထားကွဲလွဲမှုများရှိနေသည့်တိုင် အာဆီယံနှင့်အီးယူနှစ်ဖွဲ့လုံးသည် မစ္စတာဂမ်ဘာရီ၏ မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်မှုများကိုမူ တညီတညွတ်တည်းအားပေးထောက်ခံကြမည်ဖြစ်ကြောင်း စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ယိုးနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဘားနတ်ကို့ချ်နာတို့က ပူးတွဲပြောဆိုလိုက်သည်။

မစ္စတာဂျော့ယိုးက "မြန်မာနိုင်ငံမှာ အမျိုးသားရင်ကြားစေ့ရေးအတွက် မစ္စတာဂမ်ဘာရီရဲ့ အားထုတ်ကြိုးပမ်းမှုအတွက် အထောက်အကူရအောင် ကျနော်တို့ပူးတွဲဆောင်ရွက်နိုင်ပါတယ်"ဟု ပြောသည်။ ဂျော့ယိုးနှင့် ကို့ချ်နာတို့နှစ်ဦးစလုံးသည် အာရှ (၆) နိုင်ငံခရီးလှည့်နေခဲ့သော မစ္စတာဂမ်ဘာရီနှင့် (၂၉) ရက်နေ့က မြန်မာ့အရေးကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

"မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ကျနော်တို့ဟာ မစ္စတာဂမ်ဘာရီနဲ့အတူရှိကြရမှာဖြစ်ပြီး အကောင်းဆုံးအကြံဉာဏ်တွေပေးကြရမှာပါ။ ဒါပေမယ့် အကြံသစ်ဉာဏ်သစ်တွေ စိတ်ကူးဖို့လည်း လိုပါတယ်"ဟု ပြောခဲ့သည်။ စင်္ကာပူသည် နိုဝင်ဘာလလည်တွင်ကျင်းပမည်ဖြစ်သော အာဆီယံအစည်းအဝေးတွင် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရမည်ဖြစ်သည်။

အီးယူနိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံအား စီးပွားရေးတိုးချဲ့ပိတ်ဆို့မှုအသစ်အဖြစ် ကျောက်မျက်ရတနာနှင့် သတ္တုတို့ဝယ်ယူခြင်းအားလည်းကောင်း၊ စစ်အစိုးရနှင့် ၎င်းတို့၏မိသားစုဝင်စုစုပေါင်း (၃၇၅) ယောက်တို့အား ပြည်ဝင်ခွင့်ဗီဇာပိတ်ခြင်း၊ ဥရောပတွင်ရှိသော ၎င်းတို့၏ပိုင်ဆိုင်ခွင့်များကိုထိန်းချုပ်ခြင်းတို့ကို အတည်ပြုလိုက်ပြီးဖြစ်သည်။

❑ **နိုဝင်ဘာ (၁) ရက်။**

မစ္စတာဂမ်ဘာရီသည် မြန်မာ့အရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့်ဆွေးနွေးရေး တလကြာခရီးစဉ်ပြီးဆုံးပြီးနောက် လာမည့်တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်တော့မည်ဖြစ်သည်။ သူ၏ရည်ရွယ်ချက်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်အုပ်စုတို့ကြား စားပွဲဝိုင်းဆွေးနွေးပွဲဖြစ်မြောက်လာစေရေး တွေ့ဆုံပေးရန်ဖြစ်သည်။ ဤအတောအတွင်းတွင် ယမန်နေ့က ပခုက္ကူမြို့တွင် သံဃာတော်များ၏ ငြိမ်းချမ်းစွာမေတ္တာပို့ကြွချီ၍ ဆန္ဒပြပွဲတခုကို အောင်မြင်စွာဆောင်ရွက်တော်မူခဲ့ကြသည်။











## မြန်မာပြည်အတွင်း မငြိမ်သက်မှုများကြောင့် ဒေသတွင်းခရီးသွားလုပ်ငန်းများထိခိုက်

အောက်တိုဘာ (၁၂)

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများအား အကြမ်းဖက်နှိမ်နင်းခဲ့မှုများကြောင့် ကမ္ဘာ့လှည့်ခရီးသည်များ ၎င်းတို့၏ မြန်မာနိုင်ငံသို့ခရီးစဉ်များကို မိမိတို့သဘောအလျောက်ဖျက်သိမ်းလိုက်သဖြင့် MAI (Mya-nmar Airway Internatioanl) မြန်မာ့လေကြောင်းလိုင်း၏ ခရီးစဉ်များအား ယာယီရပ်ဆိုင်းလိုက်သည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်သို့ပျံသန်းသည့် ထိုခရီးစဉ်များကိုပယ်ဖျက်လိုက်သည့်အတွက် ထိုင်းနိုင်ငံမှဒေသတွင်းခရီးသည်လုပ်ငန်းများလုပ်ကိုင်နေကြသည့် Orent Express, Asia Trails စသည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ လုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးမှုများရှိခဲ့သည်။

မြန်မာနိုင်ငံနှင့်ဆက်သွယ်လုပ်ကိုင်နေသည့် ထိုင်းခရီးသွားလုပ်ငန်းများအနေဖြင့် ယခုနှစ် စတုတ္ထ (၃) လပတ်အတွင်း (၆၀) ရာခိုင်နှုန်းအထိကျဆင်းသွားနိုင်သည်ဟု ဘန်ကောက်အခြေစိုက် သုတေသနအဖွဲ့တခုဖြစ်သည့် Ka Sikorn Research Center (KRC) ထုတ်ပြန်ချက်ကိုကိုးကားပြီး တီအန်အေသတင်းတွင်ဖော်ပြခဲ့သည်။

တိုင်းပြည်အခြေအနေမငြိမ်မသက်ဖြစ်မှုကြောင့် မြန်မာပြည်မှထွက်သည့်ခရီးသည်အပြင် မြန်မာပြည်သို့ဝင်သည့်ခရီးသည်အရေအတွက်လည်း သိသိသာသာနည်းပါးသွားသည့်အတွက် စီးပွားရေးအရ အနည်းငယ်အခက်အခဲဖြစ်သွားကြောင်း၊ နိုင်ငံခြားသားခရီးသွားများအနေဖြင့်လည်း လုံခြုံမှုမရှိသည့်ခရီးစဉ်ကိုမသွားရောက်လိုကြောင်း အမည်မဖော်လိုသည့် မြန်မာလူမျိုးခရီးသွားလုပ်ငန်းလုပ်ကိုင်သူတဦးက ပြောပြခဲ့သည်။ မြန်မာနိုင်ငံအတွင်း၌ လေယာဉ်ခရီးသွားလာမှုတွင် နိုင်ငံခြားသားခရီးသွားများကိုသာ အားထားနေရခြင်းဖြစ်ကြောင်းလည်းပြောပြခဲ့သည်။

ယခင်လက စစ်အုပ်စု၏အကြမ်းဖက်ပစ်ခတ်မှုများအတွင်း ဂျပန်လူမျိုးတဦးသေဆုံးခဲ့မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ ထိုင်းလူမျိုးများပြန်လာနိုင်ရန်အတွက် ထိုင်းအစိုးရ စစ်ဘက်လေယာဉ်များစီစဉ်ခဲ့သော်လည်း စေလွှတ်သည့်အဆင့်သို့မှု မရောက်ခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံသားများ မြန်မာနိုင်ငံသို့သွားမည်ဆိုပါက သတိထားရန် ထိုင်းနိုင်ငံက သူ့နိုင်ငံသားများအား သတိပေးခြင်းများလည်းရှိခဲ့သည်။

မြန်မာနိုင်ငံတွင်ဆန္ဒပြမှုများ ပြင်းထန်စွာဖြစ်ပွားနေစဉ်အတွင်း ထိုင်း–မြန်မာနယ်စပ်၊ မြဝတီ–မဲဆောက်ကုန်သွယ်ရေးဂိတ်များမှ ထိုင်းကုန်ပစ္စည်းတင်ပို့မှု ဘတ်ငွေသန်း (၃၀၀) ဖိုးခန့်ကျဆင်းသွားကြောင်း တပ်ခရိုင်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဘန်ဖွန်းကျန်ချိုင်းရလေ့ဒ်က ပြောခဲ့သည်။ ❖

### ခွာညို ဆောင်းပါးမှ ...

ပါတယ်။ အခုအချိန်မှာတော့ ဒီလိုမဟုတ်တော့ဘူး။ တကယ်တော့ စစ်အာဏာရှင်ရဲ့လုပ်ရပ်ကို အားလုံးအတူတူခံနေရတယ်ဆိုတာ သိလာကြတယ်။ အခု အရေးအခင်းဖြစ်လိုက်တော့ လူတွေက ပိုပြီးသိလာကြတယ်။ ဗမာတွေနဲ့အတူတူပဲ စစ်အာဏာရှင်ကိုတိုက်ဖို့စိတ်တူလာတယ်''ဟု ဆိုသည်။

အတွင်းမှ ပြည်သူများက ဆန္ဒပြပွဲများကို ငြိမ်းချမ်းစွာဆင်နွဲနေချိန်တွင် ဆက်လက်၍လည်း လက်နက်ကိုင်အင်အားစုများ တညီတညွတ်တည်းစုစည်းမိကာ တော်လှန်လိုက်မည်ဆိုပါက စစ်အစိုးရအနေဖြင့် မည်သို့မျှခံနိုင်တော့မှာမဟုတ်ကြောင်းကိုလည်း ဆက်လက်ပြောပြသွားခဲ့သည်။ ဗိုလ်ချုပ်စောအားစိန်၏အဆိုအရ ၂၀၀၇ ခုနှစ်အတွင်းမှာပင် ကေအဲန်ယူတပ်မဟာ (၂) တပ်ရင်းတခုတည်းနှင့် နအဖ၏တပ်တို့အကြား ရာနှင့်ချီသောတိုက်ပွဲများဖြစ်ပွားခဲ့ပြီး စစ်အုပ်စုဘက်မှ (၇၀၀) ကျော်ကျဆုံးခဲ့သော်လည်း မိမိတို့ဘက်မှကျဆုံးစာရင်းမှာ ဆယ်ဂဏန်းမျှသာဖြစ်ကြောင်းကိုလည်း ပြောကြားသွားသည်။

❍

ပြီးခဲ့သည့်စက်တင်ဘာသပိတ်တိုက်ပွဲတွင် ရဟန်းပျိုအချို့နှင့် လူငယ်အချို့က လက်နက်ကိုင်ဆောင်ထားသော လုံထိန်းတပ်ဖွဲ့ရှိရာသို့ ဒူးထောက်လက်အုပ်ချီလျက် တိုင်းပြည်အေးငြိမ်းချမ်းသာရေး ပြည်သူနှင့်လက်တွဲလာစေလိုကြောင်း ခယတောင်းပန်ခဲ့ကြသည်။ ဤသို့ချီသောလက်အုပ်သည် ကြောက်ရွံ့၍၊ နောက်တွန့်၍ မိမိတယောက်တည်းအတွက် အသက်ချမ်းသာပါစေကြောင်း တောင်းပန်ခယခြင်းမဟုတ်။ တိုင်းပြည်သာကောင်းစားမည်ဆိုပါက ဘာမဆိုလုပ်မည်ဆိုခြင်းအား ပြသလိုက်ခြင်းသာလျှင်ဖြစ်သည်။

အိပ်ကပ်ပြဲအောင်မလုချင်သေး၍ အသာတကြည်တောင်းခံနေသော၊ သည်းခံနိုင်စွမ်းမြင့်မားသော အာဇာနည်စိတ်ဓာတ်ဖြင့် ထောက်ခဲ့သည့်ဒူးတွေဖြစ်သည်။ လက်နက်ရှိ၍ သတ်ရဲခြင်းသည် သတ္တိမဟုတ်၊ လက်ဗလာနှင့် လက်နက်ရှိရာသို့ ရဲရဲရင့်ရင့်လှမ်းတိုးသွားရဲခြင်းသည်သာလျှင် သတ္တိဖြစ်သည်။ တိုင်းပြည်အတွက်၊ လူမျိုးအတွက် အသက်ကိုပေးလှူလိုသည့် သူရဲကောင်းဇာနည်တွေဖြစ်သည့်အားလျော်စွာ ဘယ်သောအခါမှအဆုံး မသတ်ရသေးသည့်တိုက်ပွဲကိုလည်း ကျောခိုင်းစွန့်ခွာကြမည်မဟုတ် ....

သို့သော် ဒေါ်အောင်ဆန်းစုကြည်နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးပွဲများမှတဆင့် တိုင်းရင်းသားလူမျိုးပေါင်းစုံအဖွဲ့အစည်းများနှင့်ပါ စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးနိုင်မည့်အဆင့်ကိုမူ အားလုံးမျှော်လင့်နေကြပါသည်။

ခွာညို
အောက်တိုဘာ (၃၁) ၊ ၂၀၀၇။

❖

## အတုအယောင်ထောက်ခံပွဲအတွက် လူထုအင်အားကို အဓမ္မတောင်းခံနေဦးမည်ဆိုပါက အလုပ်သမားများက အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂသို့တိုင်ကြားမည်

အောက်တိုဘာ (၂၁) ရက်။

မြန်မာနိုင်ငံစက်မှုဇုံများအလုပ်သမားသမဂ္ဂ (ယာယီ) မှ စစ်အုပ်စုသို့ရည်ညွှန်းထုတ်ပြန်သည့်ကြေညာချက်တွင် အလုပ်သမားများအား ညောင်နှစ်ပင်ညီလာခံထောက်ခံပွဲများသို့ မတက်မနေရ ခြိမ်းခြောက်တက်ရောက်စေခြင်းများကို မရပ်တန့်ပါက အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (အိုင်အယ်လ်အို) သို့ တိုင်ကြားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ကြေညာချက်အမှတ် (၂/၂၀၀၇) ၏ ဖော်ပြချက်အရ အောက်တိုဘာလ (၁၃) ရက်နေ့က သုဝဏ္ဏဘောလုံးကွင်းတွင်ပြုလုပ်ခဲ့သော လူထုဆန္ဒခံယူပွဲတက်ရောက်ရန်အတွက် ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်တို့မှအလုပ်သမားများအား ၎င်းတို့၏ဆန္ဒမပါဝင်ဘဲ သက်ဆိုင်ရာ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (ရယက) များမှတဆင့် အတင်းအဓမ္မခေါ်ယူခဲ့သည်။

အလုပ်သမားတို့၏ဆန္ဒအမှန်ကို သံဃာတော်များဦးဆောင်သည့် ပြီးခဲ့သော စက်တင်ဘာတော်လှန်ရေးကာလများအတွင်းက ငြိမ်းချမ်းစွာချီတက်ဆန္ဒပြခြင်းဖြင့် ဖော်ထုတ်ပြသခဲ့ပြီးဖြစ်သည်ဟု ထိုကြေညာချက်တွင် ဖော်ပြထားသည်။ ဆက်လက်၍ အလုပ်သမားများ၏သဘောဆန္ဒမပါဝင်ဘဲ ဤသို့ ဖိအားပေးခြိမ်းခြောက်၍ အတုအယောင်ညီလာခံကို တက်ရောက်စေခြင်းသည် အလုပ်သမားများ၏အခွင့်အရေးကို ချိုးဖောက်နေခြင်းဖြစ်သည်ဟုဆိုသည်။ အလားတူလုပ်ရပ်မျိုးများအား နောက်နောင်တွင် နအဖစစ်ဗိုလ်ချုပ်ကြီးများမှ လုံးဝမပြုလုပ်ရန် မေတ္တာရပ်ခံထားကြောင်းသိရသည်။

ဒီဗွီဘီမှဆက်သွယ်မေးမြန်းရာတွင် ''သူတို့အဲလို အတင်းအဓမ္မခေါ်ဆောင်ခြင်းဖြင့် လူထုစည်းဝေးပွဲတွေပြုလုပ်မယ်ဆိုလို့ရှိရင် ကျမတို့အလုပ်သမားသမဂ္ဂက အိုင်အယ်လ်အိုကိုတိုင်ကြဖို့ စီစဉ်ထားပါတယ်'' ဟု ဖြေကြားခဲ့သည်။ ဆက်လက်၍ အိုင်အယ်လ်အိုသို့တိုင်ကြားပါက ထိရောက်မှုရှိမည်ဟုမျှော်လင့်ကြောင်းကိုလည်း အဆိုပါ အမျိုးသမီးကဆက်လက်ပြောကြားသွားသည်။



သုဝဏ္ဏအားကစားကွင်းအတွင်းက အတုအယောင်ထောက်ခံပွဲ

၁၉၃၀ ခုနှစ်မှစ၍ အတင်းအကျပ်စေခိုင်းခြင်းဆိုင်ရာနိုင်ငံတကာဥပဒေကို နိုင်ငံပေါင်း (၁၅၀) မှ ပြဋ္ဌာန်းအတည်ပြုခဲ့ပြီးဖြစ်သည်။ ထိုဥပဒေအရ ၁၉၅၇ ခုနှစ်မှစ၍ အတင်းအကျပ် အလုပ်စေခိုင်းခြင်းအား ဖျက်သိမ်းသောဥပဒေတရပ်ကို အမှတ် (၁၀၅) အရ ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်သည်။ ❖

## နအဖ၏ ဝါဒဖြန့်ဆိုင်းဘုတ်များ နေရာအနှံ့အပြားတွင် စိုက်ထူလာ




မြန်မာပြည်နေရာအနှံ့တွင် တွေ့မြင်နေရသည့် ဝါဒဖြန့်ဆိုင်းဘုတ်

အောက်တိုဘာ (၂၃)

မြန်မာပြည်တွင် စက်တင်ဘာသပိတ်တိုက်ပွဲများနောက်၌ စီးပွားရေးကြော်ငြာဆိုင်းဘုတ်များအကြားတွင် ဝါဒဖြန့်ကြော်ငြာဆိုင်းဘုတ်မျိုးစုံကို နအဖစစ်အုပ်စုမှ နေရာအနှံ့စိုက်ထူလာခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များက ဆိုင်းဘုတ်ထောင်၍ ကြော်ငြာခြင်းများကို ရပ်ဆိုင်းထားလိုက်ကြသည်။

စီးပွားရေးလုပ်ငန်းရှင်များမှ မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ငွေပေးပြီး ကြော်ငြာရသည့် မိမိတို့၏စီးပွားရေးဆိုင်းဘုတ်များနှင့်အတူ နအဖ၏ဝါဒဖြန့်ဆိုင်းဘုတ်များကို ယှဉ်တွဲမမြင်လိုသဖြင့် ယခုကဲ့သို့ ရပ်ဆိုင်းထားခြင်းဖြစ်သည်ဟု တေးစီးရီးထုတ်လုပ်သူတဦးကပြောသည်။

''ကမ္ဘာအေးဘုရားလမ်းနဲ့ ဆရာစံလမ်းထောင့်မှာဆို အမေရိကန်အားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြဆိုတဲ့ အမေရိကန်အစိုးရကို နာမည်တပ်ပြီး ဆန့်ကျင်ပုတ်ခတ်ရေးထားတဲ့ဆိုင်းဘုတ်မျိုးကိုတွေ့နိုင်တယ်'' ဟု ရန်ကုန်မြို့ခံတဦးမှ ပြောခဲ့သည်။

နအဖပိုင်မီဒီယာများတွင်လည်းကောင်း၊ ပုံနှိပ်တိုက်မှထုတ်ဝေခွင့်တင်ကာ တရားဝင်ထုတ်သည့်စာအုပ်များ၌လည်းကောင်း၊ အလားတူ ဝါဒဖြန့်ကြွေးကြော်သံများဖြစ်သည့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဟန့်တားသူများအား ဆန့်ကျင်ကြဆိုသည့်စာပုဒ်များကို စာအုပ်၏ရှေ့ဆုံးတွင် မဖြစ်မနေထည့်ပေးရသည့်မှာ နအဖစစ်အုပ်စုထွင်ထားသည့် ယဉ်ကျေးမှုတခုဖြစ်နေသည်။

ယခုအခါ နအဖကိုအမွှန်းတင်သော၊ နအဖကိုဝေဖန်သည့် အမေရိကန်အပါအဝင် ပြည်ပတိုင်းပြည်များအား အပုတ်ချသော ဝါဒဖြန့်ဆိုင်းဘုတ်မျိုးစုံကိုလည်း ရန်ကုန်မြို့တော် နေရာအနှံ့အပြားတွင်တွေ့မြင်နေရပြီး ပြည်တွင်းရှိ ပုဂ္ဂလိကဂျာနယ်များတွင်လည်း ၎င်းတို့၏ ဝါဒဖြန့်သတင်းဆောင်းပါးများကို အတင်းအဓမ္မရေးခိုင်းပြီး မထည့်မနေရ ဖော်ပြခိုင်းခြင်းများလည်း ပြုလုပ်နေကြောင်းသိရသည်။ ❖

## မြန်မာ့စစ်အုပ်စုနှင့်ဆက်စပ်နေသည့်အစုရှယ်ယာများရုပ်သိမ်းရန် ကျောင်းသားများကတောင်းဆို

နိုဝင်ဘာလ (၈) ရက်။

စကော့တလန်၊ အေဒင်ဘတ်ဂ်တက္ကသိုလ်မှကျောင်းသားများသည် တက္ကသိုလ်၏အစုရှယ်ယာများအား မြန်မာစစ်အုပ်စုနှင့်ဆက်သွယ်နေသော ပြင်သစ်ပိုင်တိုတယ်လ်ရေနံကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံခြင်းမပြုရန်မဲခွဲဆုံးဖြတ်ခဲ့ကြသည်။

ကျောင်းသားများ၏ နှစ်ပတ်လည်အထွေထွေညီလာခံ၏လှုပ်ရှားဆောင်ရွက်မှုက ဥရောပအဖွဲ့ဝင်တိုတယ်လ်ရေနံကုမ္ပဏီက နအဖစစ်အုပ်စုအတွက် ဘဏ္ဍာရေးထောက်ပံ့မှုကိုအမြင့်ဆုံးဖြစ်နေစေသည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကဝေဖန်ထားခဲ့သောအချက်အပေါ်တွင် ကိုယ်စားပြု၍ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြန်မာ့အရေးလှုံ့ဆော်ဆောင်ရွက်နေသောအဖွဲ့၏ တိုတယ်လ်ရေနံကုမ္ပဏီကကျူးလွန်ထားသည့် လူ့အခွင့်အရေးဖောက်ဖျက်မှုများအကြောင်း အစီရင်ခံစာအရလည်းဖြစ်သည်ဟုဆိုသည်။ တက္ကသိုလ်မှ တိုတယ်လ်ရေနံကုမ္ပဏီနှင့်အဆက်အသွယ်ဖြတ်ရန် ဖိအားပေးရေးအတွက် ထောက်ခံမဲ (၃၆၀) တွင် ကန့်ကွက်မဲ (၃) မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ထိုလှုပ်ရှားမှုအားဦးဆောင်သူ၊ Student Green Party ၏ဆော်ဩရေးမှူး ဒူးရစ်ရှ် ဘာဇာဇီ (Dariush Bazazi) က တိုတယ်လ်ရေနံကုမ္ပဏီ၏ မြန်မာနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံငွေ ပေါင် (၂၂၅) သန်းအနက် ထက်ဝက်ခန့်မှာ စစ်အုပ်စုအား တရားမဝင် တံစိုးလက်ဆောင်ပေးရခြင်းအခွန်ငွေအတွက်ဖြစ်ပြီး ကျန်ထက်ဝက်မှာ စစ်အသုံးစရိတ်အတွက် အသုံးပြုနေခြင်းဖြစ်သည်ဟုပြောသည်။ အေဒင်ဘတ်ဂ်တက္ကသိုလ်သည် တိုတယ်လ်ရေနံကုမ္ပဏီတွင် ယခုလက်ရှိ အစုရှယ်ယာပေါင်း (၁၆၆၄၀) ပိုင်ဆိုင်ပြီး ထိုရှယ်ယာများ၏ ကာလပေါက်ဈေးမှာ ပေါင် (၆၄၇,၂၁၉) ဖြစ်သည်။ ❖

# စက်တင်ဘာတော်လှန်ရေး၊ တောက်ပြောင်ထူးချွန်သော မြန်မာလူငယ်ထု၏အရည်အသွေး၊ နအဖ၏ ရှုံးနိမ့်မှုတို့ နှင့် အဲန်အယ်လ်ဒီ၏ရပ်တည်ချက်များအကြောင်း အဖွဲ့ချုပ်၏ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ခွန်မြင့်ထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း



တိုးတက်နေတဲ့ အိုင်တီခေတ် ကြီးထဲမှာ ကမ္ဘာကြီးကို ကျနော်တို့ထက် လူငယ်တွေကပိုသိနေ၊ မြင်နေကြတယ်။ ကမ္ဘာကြီးနဲ့အမျှ သူတို့ဖြစ်ချင်တာ ဖြစ်ခွင့်မရတဲ့ ကြိုးစားချင်သလို ကြိုးစားခွင့်မရတဲ့ဘဝကို မကျေမနပ် နာကျည်းစိတ်ကတော့ လူငယ်တိုင်းမှာရှိတယ်။ အဲဒီအခြေခံနာကျည်းစိတ်အပေါ်မှာ လတ်တလောခံစားလိုက်ရတဲ့ နအဖရဲ့ ကမ်းကုန်အောင် ရက်စက်မှုအပေါ် နာကျည်းစိတ်ကို ပေါင်းထည့်လိုက်တော့ ပေါက်ကွဲသွားတယ်။ ကျနော်တို့ရဲ့တော်လှန်ရေးဟာ သူတို့ရဲ့ တော်လှန်ရေးပဲဆိုတာကို သူတို့ရှင်း ရှင်းလင်းလင်း သိသွားကြတာပေါ့ ...။

*မိုးကြိုး ။ ။ လူထုလှုပ်ရှားမှုကြီးကို နအဖက အောင်အောင်မြင်မြင်ချေမှုန်းလိုက်နိုင်ပြီလို့ပြောနေကြတယ်။ ဒါကို ဘယ်လိုသဘောရသလဲ။*

ခွန်မြင့်ထွန်း ။ ။ ဒီနေ့လူထုတော်လှန်ရေးဟာ ဒုံသမိမြစ်ရေလိုပါပဲ။ ဒုံသမိမြစ်ရဲ့ အပေါ်ယံရေပြင်ဟာ ငြိမ်သက်နေတတ်ပေမယ့် မြစ်ကြမ်းခင်းမှာ စီးဆင်းနေတဲ့ရေစီးဟာ အရှိန်အဟုန်နဲ့၊ အင်နဲ့အားနဲ့ နားကွဲလုမတတ် အပြင်းအထန်စီးဆင်းနေပါတယ်။ နအဖကို အောင်မြင်သူပြောတဲ့သူဟာ ဒုံသမိမြစ်ထဲ ဘုမသိ ဘမသိ ခုန်ဆင်းမိသလိုဖြစ်နေမှာပါပဲ။

လူထုကို ကမ်းကုန်အောင်ရက်စက်ပြီး အကြမ်းဖက်နှိမ်နင်းလိုက်ရတာကိုက နအဖအတွက်ရှုံးနိမ့်မှုဖြစ်ပြီး လူထုရဲ့အောင်မြင်မှုပါ။ နိုင်ငံရေးအရသာမက နယ်ပယ်ပေါင်းစုံ၊ မျက်နှာစာပေါင်းစုံမှာပါ နအဖရှုံးနိမ့်သွားတာပါ။ စက်တင်ဘာတိုက်ပွဲမှာ အရင်းအနှီးကြီးကြီးပေးပြီးတော့ နအဖရဲ့ နိုင်ငံရေးအသက်ကို လူထုလှုပ်ရှားမှုက ဆွဲထုတ်နိုင်ခဲ့ပါတယ်။

စက်တင်ဘာတိုက်ပွဲမတိုင်ခင်တုန်းက ဆိုရင် နိုင်ငံရေးသမားတွေအပါအဝင် ပြည်တွင်း ပြည်ပပုဂ္ဂိုလ်ကြီးတွေကအစ "တိုင်းပြည်ရဲ့ ကံကြမ္မာကို နအဖကလွဲပြီး ဘယ်သူမှ ဦးဆောင်မကယ်တင်နိုင်တော့ဘူး။ နအဖနောက်ကိုပဲ လိုက်ချင်ချင်၊ မလိုက်ချင်ချင် လိုက်ကြပါတော့"လို့ တိုက်တိုက်တွန်းတွန်း ပြောခဲ့ကြတဲ့အထိ လူအထင်ကြီးအောင် နအဖကလုပ်ပြထားနိုင်ခဲ့ပါတယ်။ နယ်ပယ်အသီးသီး၊ မျက်နှာစာအသီးသီးက ပုဂ္ဂိုလ်အမျိုးမျိုးကို ငါကမနတင်၊ ပွဲထုတ်ပေးပြီးတော့ တဆင့်ခံ၊ ကြားခံနည်းတွေနဲ့ လူထုကို စနစ်တကျ ဖျားယောင်းသွေးဆောင်နေခဲ့ပေမယ့် နအဖ တည်ဆောက်ခဲ့သမျှ အရာရာကို သံဃာတော်တွေဦးဆောင်တဲ့ စက်တင်ဘာလူထုတိုက်ပွဲက နင်းချေဖျက်ဆီးနိုင်ခဲ့ပါတယ်။

*မိုးကြိုး ။ ။ ပြီးခဲ့တဲ့ ဩဂုတ်၊ စက်တင်ဘာလများမှာဖြစ်ပွားခဲ့တဲ့ လူထုလှုပ်ရှားမှုနဲ့ စပ်လျဉ်းပြီး ကိုခွန်မြင့်ထွန်းရဲ့အမြင်နဲ့ သဘောထားကို ပြောပြပေးပါလား။*

ခွန်မြင့်ထွန်း ။ ။ လူထုခေါ်တဲ့ တိုက်ပွဲနောက်ကို တော်လှန်ရေးအင်အားစုတွေက အချိန်မီမီ ဟန်ချက်ကျကျ မလိုက်နိုင်ခဲ့ဘူး။ ပြင်ဆင်မှုတွေအားနည်းခဲ့တယ်။ တိုက်ပွဲသဏ္ဍာန်ပေါင်းစုံနဲ့ ဘက်ပေါင်းစုံကနေ စစ်ကူမပေးနိုင်ခဲ့ဘူး။ အထူးသဖြင့် NLD၊ CRPP နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် တွေ့ဆုံဆွေးနွေးရေးကို ထိုင်စောင့်နေလို့ မရဘူးဆိုတဲ့ အဖြေပေးသွားတယ်။ "နအဖနဲ့တည့်အောင်ပေါင်းမှ တွေ့ဆုံဆွေးနွေးရေး ဖြစ်မယ်။ နအဖကို စည်းရုံးသိမ်းသွင်းရမယ်"ဆိုတဲ့ အယူအဆဟာ မဖြစ်နိုင်ဘူးဆိုတာ ရှင်းသွားတယ်။ လူထုက လျှော့တော့မှာမဟုတ်ဘူး။ အခွင့်သာတာနဲ့ ထပ်တိုက်ဦးမှာပါပဲ။ နောက်ထပ်ပေါ်ပေါက်လာမယ့် လူထုတိုက်ပွဲတွေကို တော်လှန်ရေးအင်အားစုတွေအားလုံးက ဘက်ပေါင်းစုံကနေဝန်းရံပြီး ပူးပေါင်းတိုက်ပွဲဝင်ဖို့၊ ဟန်ချက်ညီဖို့ပဲလိုပါတယ်။ အဲဒီလိုမဟုတ်ရင်တော့ မထူးဇာတ်ခင်းထားတဲ့ နအဖကလည်း ကမ်းကုန်အောင် ရက်ရက်စက်စက် အကြမ်းဖက်ဦးမှာပါပဲ။ လူထုတိုက်ပွဲတွေနောက်ကို အချိန်မီလိုက်ပါနိုင်ဖို့ကတော့ ကျနော်တို့အားလုံးတာဝန်ပါ။

*မိုးကြိုး ။ ။ လူထုလှုပ်ရှားမှုမှာ အဓိကအားဖြင့် ဆယ်ကျော်သက်ရွယ် လူငယ်တွေ တက်တက်ကြွကြွပါလာတာတွေ့ရတယ်။ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုမြင်သလဲ။*

ခွန်မြင့်ထွန်း ။ ။ သူတို့ဘဝအတွက် သူတို့ရဲ့တော်လှန်ရေးကို သူတို့ကိုယ်တိုင် ရှာတွေ့သွားတယ်လို့ပြောရပါမယ်။ စက်တင်ဘာလူထုတိုက်ပွဲထဲ ပါဝင်ဆင်နွှဲကြသူတွေထဲမှာ (၈၀) ရာခိုင်နှုန်းလောက်ဟာ အသက် (၃၀) အောက်လူငယ်တွေလို့ ခန့်မှန်းကြပါတယ်။ အဲဒီထဲမှာ ဆယ်ကျော်သက်တွေအများအပြား တက်တက်ကြွကြွပါဝင်ခဲ့ကြတယ်။ သူတို့ရဲ့ပါဝင်မှုကိုကြည့်ပြီး ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်။ ကျနော်တို့ရဲ့ တူ၊ တူမ၊ သားသမီးတွေအပါအဝင် ဆယ်ကျော်သက်တွေဟာ ကျနော်တို့ရဲ့ နိုင်ငံရေးဘဝဖြတ်သန်းမှုကို လေးစားရကောင်းမှန်းတော့သိပါတယ်။ ဒါပေမယ့် အားမကျဘူး။ တော်လှန်ရေးနဲ့ သူတို့မပတ်သက်ချင်ဘူး။ ဒုက္ခမရောက်ချင်ဘူး။ "ဝဝစားပြီး ဝေးဝေးသွားမယ်၊ ဝင်မပါဘူး" ဆိုတဲ့ အတွေးဆိုးတွေဟာ လူကြီးတွေသာမကဘူး။ လူငယ်တွေထဲမှာပါ တစတစ ဝင်နေခဲ့တ ကြာပါပြီ။

ဒါပေမယ့် တိုးတက်နေတဲ့ အိုင်တီခေတ်ကြီးထဲမှာ ကမ္ဘာကြီးကို ကျနော်တို့ထက် လူငယ်တွေကပိုသိနေ၊ မြင်နေကြတယ်။ ကမ္ဘာကြီးနဲ့အမျှ သူတို့ဖြစ်ချင်တာ ဖြစ်ခွင့်မရတဲ့ ကြိုးစားချင်သလို ကြိုးစားခွင့်မရတဲ့ဘဝကို မကျေမနပ် နာကျည်းစိတ်ကတော့ လူငယ်တိုင်းမှာရှိတယ်။ အဲဒီအခြေခံနာကျည်းစိတ်အပေါ်မှာ လတ်တလောခံစားလိုက်ရတဲ့ နအဖရဲ့ ကမ်းကုန်အောင်ရက်စက်မှုအပေါ် နာကျည်းစိတ်ကို ပေါင်းထည့်လိုက်တော့ ပေါက်ကွဲသွားတယ်။ ကျနော်တို့ရဲ့တော်လှန်ရေးဟာ သူတို့ရဲ့တော်လှန်ရေးပဲဆိုတာကို သူတို့ ရှင်းရှင်းလင်းလင်း သိသွားကြတာပေါ့။ ၂၀၀၇ မျိုးဆက်သစ်ကို တော်လှန်ရေးကရလိုက်ပါတယ်။

> **... ပြည်ထောင် စုထဲကခွဲထွက်တာဟာ ပြည်ထောင်စုပြိုကွဲရေးဖြစ်ပါတယ် ....။**
>
> **ပြည်ထောင်စု စစ်စစ်ကို မဖော်ဆောင်နိုင်ခဲ့တာဟာလည်း ပြည်ထောင်စုပြိုကွဲစေတဲ့ အကြောင်းတရားတခု ဖြစ်ပါတယ် ...။**

*မိုးကြိုး ။ ။ စက်တင်ဘာလူထုလှုပ်ရှားမှုမှာ အထူးသဖြင့် အဲန်အယ်လ်ဒီရဲ့လှုပ်ရှားဆောင်ရွက်မှုတွေအပေါ် ဘယ်လိုမြင်သလဲ။*

ခွန်မြင့်ထွန်း ။ ။ အဖွဲ့ချုပ် (ဗဟို) က လူထုတိုက်ပွဲစီမံချက်ရေးဆွဲချပြပြီး အကောင်အထည်ဖော်ပေးတာမျိုး မရှိခဲ့ပေမယ့် လူထုတိုက်ပွဲ ပေါ်ပေါက်လာရေးအတွက် ကိုယ့်အသိနဲ့ကိုယ် ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ အဖွဲ့ချုပ်အဖွဲ့ဝင်တွေ လူငယ်တွေဟာ ရန်ကုန်မှာသာမကဘူး၊ တပြည်လုံးမှာရှိပါတယ်။ ပြီးတော့ ဗဟိုရုံးကလည်း တိုက်ပွဲဝင်သူတွေအတွက် စုရပ်၊ ဆုံရပ်ဖြစ်ခဲ့ပါတယ်။ နအဖရဲ့ ဓားစက်အောက်မှာ ရင်ဆိုင်လှုပ်ရှားရတဲ့ အကန့်အသတ်က အလွန်ကြီးပေမယ့် အဖွဲ့ချုပ်အဖွဲ့ဝင်တွေက နေရာပေါင်းစုံ၊ ဒေါင့်ပေါင်းစုံကနေ လူထုတိုက်ပွဲထဲမှာ "စ၊ လယ်၊ ဆုံး" ပါဝင်ဆင်နွှဲနေကြပါတယ်။

*မိုးကြိုး ။ ။ တချို့က Gradualist တဖြည်းဖြည်းပြောင်းလဲတဲ့ဖြစ်စဉ်က မြန်မာပြည်အတွက်အကောင်းဆုံးဖြေရှင်းမှုလို့ ပြောနေကြတယ်။ ကိုခွန်မြင့်ထွန်းရဲ့ အယူအဆကရော။*

ခွန်မြင့်ထွန်း ။ ။ Gradualist ကို ရေလဲအမျိုးမျိုးနဲ့ နအဖပြောခဲ့တာ အနှစ်နှစ်ဆယ်နီးပါးရှိခဲ့ပါပြီ။ အဲဒါက Road Map အသက်ပြန်ဝင်လာဖို့အတွက် ကိုယ်ကျိုးစီးပွားကိုပဲကြည့်တဲ့ နိုင်ငံတကာအသိုင်းအဝိုင်းအချို့ရဲ့ သွေးဆောင်မှုစကားလုံးပါ။ Gradualist စကားလုံးနဲ့ တွေ့ဆုံဆွေးနွေးရေးလုပ်နေသယောင် ဗန်းပြထားပြီး နအဖက သူ့လမ်းပြမြေပုံကို ဆက်လုပ်နေတယ်။ ပြည်တွင်းမှာ တရားဝင်ဖြစ်မှု (Internal Legitimacy) ကို မရရတဲ့နည်းနဲ့ယူပြီးရင် နိုင်ငံတကာမှာ တရားဝင်ဖြစ်မှု (External Legitimacy) ရဖို့လွယ်သွားပြီလို့ နအဖက ယူဆထားတယ်။

အခု လူထုတိုက်ပွဲကနေ နအဖရဲ့ Road Map ကို နင်းချေလိုက်နိုင်တယ်။ မြန်မာပြည်လူထုက ဒီမိုကရေစီနဲ့မထိုက်တန်သေးလို့ gradualist လုပ်ပါလို့ ပြောနေကြသူတွေကို ဒီမိုကရေစီနဲ့ ဘယ်လောက်ထိုက်တန်တယ်ဆိုတာ ၂၀၀၇ မှာ လူထုကထပ်ပြီး သက်သေပြခဲ့ပြီးပါပြီ။ ဒီစကားလုံးထဲမှာ မျက်စိမလည်ဘဲ "သူ့အလုပ်သူလုပ်နေသလို ကိုယ်ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်" ဖို့ပဲလိုပါတယ်။

*မိုးကြိုး။ ။ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်တယောက်အနေနဲ့ အနာဂတ်အတွက် မြန်မာပြည်ကိုဖွဲ့စည်းရင် အကောင်းဆိုးဖြစ်မယ်လို့ယူဆပါသလဲ။*

ခွန်မြင့်ထွန်း ။ ။ နအဖစစ်အုပ်စုနဲ့ တိုင်းရင်းသားတွေ၊ ဒီမိုကရေစီအင်အားစုတွေအကြား အဓိကကွာဟချက်ကတော့ နအဖက စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေဖို့အတွက် "ပြည်ထောင်စု"ဆိုတဲ့ အမည်နာမကို လိုချင်တယ်။ အနှစ်သာရကိုတော့ မလိုချင်ဘူး။ တိုင်းရင်းသားတွေ၊ ဒီမိုကရေစီအင်အားစုတွေက ပုံသဏ္ဍာန်ရော အနှစ်သာရပါပြည့်ဝတဲ့ ပြည်ထောင်စုစစ်စစ်ကို လိုချင်တယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက "ပြည်ထောင်စုထဲကခွဲထွက်တာဟာ ပြည်ထောင်စုပြိုကွဲရေးဖြစ်ပါတယ်။ .... ပြည်ထောင်စု စစ်စစ်ကို မဖော်ဆောင်နိုင်ခဲ့တာဟာလည်း ပြည်ထောင်စုပြိုကွဲစေတဲ့အကြောင်းတရားတခု ဖြစ်ပါတယ်"လို့ ပြောခဲ့ဖူးပါတယ်။ NLD နဲ့ UNLD ရဲ့ ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက် ၁၉၉၃ ခုနှစ်၊ အမျိုးသားညီလာခံမှာတင်သွင်းခဲ့တဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့စာတန်းတွေ၊ အဖွဲ့ချုပ်နဲ့ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ စာတန်းတွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရဲ့ သဘောထားကြေညာချက်တွေအားလုံးကလည်း အေးအတူ၊ ပူအမျှ အတူလက်တွဲနေထိုင်ကြမယ်ဆိုတဲ့ "ပြည်ထောင်စုစစ်စစ်မှု"ကိုပဲ ပြောခဲ့ဆိုခဲ့ ဖော်ပြခဲ့ကြပါတယ်။

နအဖက ပင်လုံစိတ်၊ ပင်လုံအခြေခံပေါ်မှာ ထူထောင်ရမယ့်ပြည်ထောင်စုစစ်စစ်မှုကို လက်မခံပါဘူး။ ပင်လုံမှုကိုပစ်ပယ်တယ်။ ဘယ်ခေတ်ဘယ်အခါမှာပဲရေးရေး၊ ရေးသမျှ ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာ "ပင်လုံစိတ်၊ ပင်လုံအခြေခံ"တွေကို လမ်းညွှန်မှုအဖြစ် ခံယူရရပါမယ်။ ပင်လုံစိတ်၊ ပင်လုံအခြေခံတွေပေါ်မှာပဲ ပြည်ထောင်စုစစ်စစ်ကို ထူထောင်နိုင်ဖို့ကြိုးစားရပါမယ်။ လူမျိုးအမည်ကို အခြေခံတဲ့ အမျိုးသားပြည်နယ်တွေနဲ့ လူမျိုးစုံစုပေါင်းရောနှောနေထိုင်ရာဒေသအမည်ကိုအခြေခံတဲ့ အမျိုးသားပြည်နယ်တွေကိုပါ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တွေအဖြစ် သတ်မှတ်ခံယူရရပါမယ်။ ပြည်နယ်သစ်တွေလည်း ပေါ်ထွန်းခွင့်ရှိတဲ့ ပြည်ထောင်စုစစ်စစ်ဖြစ်ရပါမယ်။ ❖

## သတင်းတို

### မြို့ လယ်ခေါင်တွင် စစ်ဗိုလ်ချုပ်ကြီးများ ခွေးများနှင့်အတူပြေးနေ၍ ကြံ့ဖွံ့နှင့် မီးသတ်များလိုက်လံဖမ်းဆီး

အောက်တိုဘာ ၁၂

ရန်ကုန်မြို့ လူစည်ကားရပ်လမ်းမများပေါ်တွင် ခွေးများကို နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့၏ ရုပ်ပုံများကိုချိတ်ဆွဲပြီး လူထုထုရှိရာသို့မောင်းလွှတ်သည့်လှုပ်ရှားမှုတရပ်ပြုလုပ်နေသည်။

“ရွှေဂုံတိုင်မီးပွိုင့်နားမှာ ခွေးလေးငါးကောင်ရဲ့လည်ပင်းမှာ အပေါက်ဖောက်ပြီး ပုံတွေဆွဲထားတာကို တွေ့တာ။ လေးငါးကောင်ကတော့ လည်ပင်းမှချိတ်မထားဘူး။ ပုံတွေကို ပလတ်စတစ်တောင်လောင်းထားသေးတယ်။ မီးသတ်တွေကခွေးတွေကိုလိုက်ဖမ်းတော့ ကားတွေ၊ လူတွေအကုန်ယောက်ယက်ခတ်သွားတယ်”ဟု ရန်ကုန်မြို့ခံတဦးက ပြောပြခဲ့သည်။ တောင်ဥက္ကလာပ၊ လှိုင်သာယာ၊ ဒေါပုံနှင့် သာကေတမြို့နယ်များတွင်လည်း အလားတူခွေးလွှတ်ပွဲများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် ဓာတ်ပုံများချိတ်ဆွဲထားသည့် ခွေးလွှတ်ဆန္ဒပြမှုများအပြီးတွင် လည်ပတ်အနီပတ်ထားသည့်ခွေးများကိုလည်း ရန်ကုန်မြို့တွင်တွေ့ရှိနေရပြီး ကြံ့ဖွံ့အဖွဲ့ဝင်များက လိုက်လံဖမ်းဆီးနေလျက်ရှိသည်။ စက်တင်ဘာလအတွင်းက ဆန္ဒပြသံဃာတော်များကို လည်ပတ်နီပတ်ထားသည့် စစ်တပ်နှင့်လုံထိန်းများက ရက်စက်စွာနှိမ်နင်းခဲ့ခြင်းအထိမ်းအမှတ်ဖြင့် လူအချို့က ဤသို့သောဆန္ဒထုတ်ဖော်ပွဲမျိုးကို လက်သည်မပေါ်ဘဲ ကျင်းပနေခြင်းဖြစ်ပုံရကြောင်း ဒေသခံများကပြောသည်။၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာကျောင်းသားလှုပ်ရှားမှုကို စစ်အစိုးရက အကြမ်းဖက်နှိမ်နင်း၍ ကျောင်းသားများအား ဖမ်းဆီးထောင်ချခဲ့စဉ်ကလည်း အဆိုပါလှုပ်ရှားမှုမျိုးကို ကျောင်းသားတချို့ကလုပ်ဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးကို စစ်တပ်ကအကြမ်းဖက်ဖြိုခွဲခဲ့သည့်နောက်တွင်လည်း ကျောင်းသားတချို့က စည်ပင်သာယာပိုင် မိလ္လာကားများတွင် တပ်မတော်ရိက္ခာဟူသည့်စာများလည်း ကပ်ခဲ့ကြဖူးကြောင်းသိရရှိရသည်။ ❖

### သန်းရွှေ လူသတ်သမား

အောက်တိုဘာ ၂၉

ပဲခူးတိုင်း၊ ဇီးကုန်းမြို့နယ် ရဲစခန်းနှင့်ကပ်လျက်ရှိသည့် ဘုရားလမ်းပေါ်တွင် “သန်းရွှေလူသတ်သမား”ဆိုသည့် စာတမ်းများကို ကားလမ်းမပေါ်တွင် ဆေးဖြူများဖြင့် အပြည့်ရေးဆွဲထားသည်ကို တွေ့ရှိရသည်ဟု ဒေသခံတဦးမှအပြောအရသိရသည်။ စုစုပေါင်း ၅ နေရာခန့်တွင် ရေးထားခြင်းဖြစ်ပြီး မည်သူရေးထားသည်ကို ယခုအချိန်အထိ မသိရှိရသေးဟုလည်းသိရသည်။ ထို့ပြင် သန်းရွှေလူသတ်သမားဟုရေးထားသည့်စာရွက်များကိုလည်း ဘုရားလမ်းနှင့် ရဲစခန်းအနားတွင် ချထားခဲ့ကြောင်းလည်းသိရသည်။ ယခုကဲ့သို့ရေးသားထားခြင်းကို အာဏာပိုင်များကတွေ့ရှိခဲ့ပြီး ရဲအထူးသတင်းတပ်ဖွဲ့မှ ဓာတ်ပုံရိုက်မှတ်တမ်းတင်ကာ ဖျက်ဆီးပစ်လိုက်ကြောင်းလည်း သိရသည်။ ၎င်း ရဲစခန်းနှင့်ကပ်လျက်ရှိသည့် ဘုရားလမ်းမပေါ်တွင် ယခင်ကလည်း “သန်းရွှေ၊ မောင်အေး၊ စိုးဝင်း လူသတ်သမား”ဆိုသည့် စာများ ဆေးများဖြင့် ကားလမ်းမပေါ်တွင်ရေးသားသည့် အဖြစ်အပျက်များဖြစ်ခဲ့ဖူးကြောင်းလည်း ဒေသခံ၏အဆိုအရသိရှိရသည်။ ယခုဖြစ်ရပ်သည် ပြီးခဲ့သည့်လပိုင်းအတွင်းက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သည့် သံဃာတော်နှင့်အပြစ်မဲ့ပြည်သူများအား အာဏာပိုင်တို့က အကြမ်းဖက်နှိမ်နင်းခဲ့သည်ကို မခံမရပ်နိုင်သည့်သူများက လုပ်ခြင်းဖြစ်နိုင်ကြောင်း ဒေသခံပြည်သူများကပြောဆိုနေကြသည်။ ❖

### ဆန္ဒပြပွဲသတင်းနှင့် ဓာတ်ပုံများအားဖော်ပြသည့် နိုင်ငံတကာစာနယ်ဇင်းများကို စစ်အစိုးရပိတ်ပင်

အောက်တိုဘာ ၁၇

ပြီးခဲ့သည့် ဆန္ဒပြပွဲနှင့်ပတ်သက်ဆက်နွှယ်သည့် ဓာတ်ပုံ၊ သတင်းများပါရှိသည့် နိုင်ငံတကာသတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများကို စစ်အစိုးရမှ ပေးသွင်းခြင်းမပြုပဲပိတ်ပင်ထားသည်ဟုသိရသည်။ မြန်မာနိုင်ငံအတွင်းသို့ ပုံမှန်တင်သွင်းလေ့ရှိသည့် Time, News Week, Reader's Digest အပါအဝင် နိုင်ငံတကာသတင်းစာနှင့်မဂ္ဂဇင်းတချို့တွင် ဆန္ဒပြပွဲသတင်းများပါဝင်သည့် အပတ်စဉ်ထုတ်သတင်းစာများ ကို ရန်ကုန်မြို့ရှိ အင်းဝစာအုပ်ဆိုင်ကဲ့သို့သောအရောင်းဆိုင်ကြီးများတွင် ရောင်းချခြင်းမရှိဟုလည်း သိရသည်။ ထို့ပြင် တက္ကသိုလ်တွင် သုတေသနစာတမ်းများအတွက်အသုံးပြုမည့် နိုင်ငံတကာစာအုပ်စာတမ်းများကိုပါ တင်သွင်းခွင့်မပြုခြင်းကြောင့် ကျောင်းသားများအခက်အခဲဖြစ်နေကြရသည်ဟုလည်းဆိုသည်။

၎င်းတို့ပိတ်ပင်ထားသည့် သတင်းမီဒီယာနှင့်အင်တာနက်ဝက်ဘ်ဆိုက်များကို တက်ရောက်ဖတ်ရှုသည်ကိုတွေ့ရှိပါကလည်း ထောင်ဒဏ်နှစ် (၂၀) ကျခံရမည်ဖြစ်ကြောင်းသိရှိရသည်။ ❖

### အဓိကရုဏ်းနှိမ်နင်းရေးသင်တန်းများ စစ်တိုင်းနယ်မြေများအတွင် ပြုလုပ်နေ

အောက်တိုဘာ ၃၀။

တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ခေါ်) တယကဥက္ကဋ္ဌ စစ်တိုင်းမှူးများ၏အစီအစဉ်ဖြင့် လုံထိန်းရဲတပ်ဖွဲ့ဝင်များဦးစီးကာ အဓိကရုဏ်းနှိမ်နင်းရေးလေ့ကျင့်မှုများကို စစ်တိုင်းနယ်မြေများအတွင်း သင်တန်းပေးလျက်ရှိသည်ဟုသိရသည်။ လုံထိန်းရဲ၊ စစ်တပ်နှင့် စွမ်းအားရှင်စသည့်အဖွဲ့များကို ယခုလလယ်ပိုင်းအတွင်းမှစတင်၍ ပူးတွဲသင်တန်းများပေး၍ လေ့ကျင့်နေပေးနေခြင်းဖြစ်သည်ဟု စစ်တပ်နှင့်နီးစပ်သူတဦးမှသိရှိရသည်။ အနောက်မြောက်ပိုင်းတိုင်း (နမခ) စစ်ဌနချုပ်အခြေစိုက်ရာ စစ်ကိုင်းတိုင်း၊ မုံရွာမြို့ရှိ ဝါစက်ရုံဝန်းအတွင်းတွင် လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ပြီး သင်တန်းသားဦးရေ (၁၀၀) ခန့်ရှိသည်ဟုသိရသည်။ ရန်ကုန်၊ မန္တလေး၊ ပဲခူးမြို့များအပါအဝင် စစ်တွေ၊ မော်လမြိုင်စသည့်မြို့များတွင်လည်း လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ စက်တင်ဘာလူထုဆန္ဒပြပွဲများအပြီးတွင် ထပ်မံဖြစ်ပွားလာပါက နှိမ်နင်းရန်အတွက် ယခုကဲ့သို့လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်ကြောင်းလည်းသိရသည်။❖




## ဂျပန်လူမျိုးတို့အပေါ်တွင် သဘောထားကြီးကြီး ထားခဲ့ပါသည်ဆိုသော နအဖစစ်အုပ်စု၊ သေဆုံးသွားသော ဂျပန်သတင်းထောက် နာဂါအိသည် မရိုးမသားလုပ်ခဲ့သည်ဟု ပြောဆို



ဂျပန်သတင်းထောက် မစ္စတာနာဂါအိ၏ ဈာပနအခမ်းအနား

အောက်တိုဘာလ (၁၃) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် ကျော်မင်းလူ (ရွှေပြည်သာ) ဆိုသူက အကယ်၍ ဂျပန်သတင်းထောက်နာဂါအိသာ ရိုးသားမည်ဆိုလျှင် ဤသို့ဝမ်းနည်းဖွယ်ရာအဖြစ်မျိုး ကြုံတွေ့ခဲ့ရလိမ့်မည်မဟုတ်ဟု အတိအလင်း ဝေဖန်ရေးသားထားသည်။

၎င်း၏အဆိုအရ မြန်မာနိုင်ငံတွင် ဂျပန်ဖက်ဆစ်များနှင့်ပတ်သက်လာလျှင် နာစရာအပြည့်ရှိနေခဲ့ကြောင်း၊ ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ပြည်သူများမှာ ဒဏ်ရာများ တင်းကြမ်းထပ်နေကြောင်း၊ သို့သော် အနာဟောင်းကို ပြန်မဆွတော့ဘဲ ရာဇဝင်ထဲမှာထားခဲ့ပြီဖြစ်ကြောင်း၊ တရုတ်နှင့်ကိုရီးယားနိုင်ငံများက ကမ္ဘာစစ်အတွင်းက ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းမှုများနှင့်ပတ်သက်၍ ဝန်ချတောင်းပန်ရန်တောင်းဆိုခံနေရချိန်တွင် မိမိတို့က ဂျပန်နိုင်ငံအား ကြည်ဖြူခွင့်လွှတ်နိုင်ခဲ့သည်မှာ တော်ရုံစိတ်သဘောထားပြည့်ဝဖြူစင်မှုမဟုတ်ကြောင်း၊ မြန်မာပြည်တွင် ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ခဲ့သည့် မတ်လ (၂၇) ရက်အား တပ်မတော်နေ့အဖြစ်ပြောင်းလဲလိုက်သည့် အဓိကအကြောင်းရင်းသည်ပင်လျှင် ဂျပန်မုန်းတီးရေးအရှည်မဖြစ်စေလိုသည့်ဆန္ဒကြောင့် ဖြစ်ကြောင်းတို့ကို ရေးသားထားသည်။

ဂျပန်–မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးမှာ မိတ်ဝတ်မပျက် အပြန်အလှန်လေးစားမှုရှိနေဆဲဖြစ်ပြီး ဂျပန်အစိုးရအနေနှင့်ရော၊ အဲန်ဂျီအိုအပိုင်းကပါ မိမိတို့နိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီအပါအဝင် လူမှုရေး၊ ပညာရေးအကူအညီများ ပေးနေဆဲဖြစ်ပြီး ပြည်ပအသံလွှင့်ဌာနများက မစ္စတာနာဂါအိသေဆုံးမှုအား အခွင့်ကောင်းယူလျက် ဂျပန်–မြန်မာချစ်ကြည်ရေးပျက်ပြားရန်၊ အကူအညီပေးမှုများ လျှော့ချရန်၊ ဒဏ်ခတ်ပိတ်ဆို့မှုများစဉ်းစားလာအောင်လုပ်နေကြခြင်းသာဖြစ်ကြောင်းတို့ကို ရေးသားထားသည်။

မစ္စတာနာဂါအိသည် မြန်မာနိုင်ငံအတွင်းသို့ အေအက်ဖ်ပီသတင်းထောက်အနေဖြင့် တရားဝင်အကြောင်းကြားကာ ဝင်ရောက်ခြင်းမဟုတ်ဘဲ ကမ္ဘာလှည့်တိုးရစ်ဗီဇာနှင့် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ရေးထားသည်။ ဆက်လက်၍ “အမှန်တော့ သတင်းထောက်တယောက်ဟာ Journalist Visa နဲ့သာ ဝင်လာခဲ့တယ်ဆိုကတည်းက သူ့အကြံရိုးဖြောင့်မှုရှိ၊ မရှိ ပြောစရာမလိုတော့ပါဘူး။ ဝင်လာခဲ့တဲ့အချိန်ကာလကိုကြည့်ရင်လည်း ပြည်တွင်းဆူပူလိုသူတွေနဲ့ လက်ဝါးချင်းရိုက်ထားပြီးသားဖြစ်မယ်ဆိုတာ မပြေးသော်၊ ကန်ရာရှိဖြစ်နေပါပြီ”ဟု ရေးထားသည်ကို တွေ့ရသည်။

ဂျပန်သတင်းထောက်သေဆုံးမှုသည် မတော်တဆသာဖြစ်ကြောင်းနှင့် မိမိတို့ဘက်မှ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုများအား သဘောထားပြည့်ဝစွာဖြင့် ခွင့်လွှတ်ထားကြောင်း စစ်အုပ်စုပိုင် မြန်မာ့အလင်းသတင်းစာ၌ ထည့်သွင်းရေးသားသည်။

မြန်မာစစ်အုပ်စုက မစ္စတာနာဂါအိနှင့်ပတ်သက်၍ လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးလိုက်ပါသည်ဟုဆိုစေကာမူ ကွယ်လွန်သူ၏ပစ္စည်းဖြစ်သော ဆိုနီကင်မရာကို ပြန်မရကြောင်းနှင့် တရားဝင်တောင်းဆိုလျက်ရှိသည်။ ❖

## စားဝတ်နေရေးလိုအပ်ချက်အရ မြန်မာတောင်သူများ လွတ်လပ်စွာစိုက်ပျိုးခွင့်မရှိ။ အာဏာပိုင်နှင့်ဌာနဆိုင်ရာတို့ပူးပေါင်း၍သစ်တောဥပဒေဖြင့်အကွက်ဆင်ဖမ်းဆီး

အောက်တိုဘာ (၁၀)

မိမိတို့၏ စားဝတ်နေရေးလိုအပ်ချက်အရ နှစ်ရှည်သီးနှံကိုမစိုက်လိုသည့် တောင်သူများအား သစ်တောဥပဒေဖြင့်လည်းကောင်း၊ ဝတ္တရားနှောက်ယှက်မှုဖြင့်လည်းကောင်း အမှုဆင်ဖမ်းဆီးပြီး (၂၄) နာရီအတွင်း ထောင်ဒဏ်တနှစ်စီ ချမှတ်လိုက်သည်။

၁၉၉၀ ခုနှစ်တွင် နအဖ၏ စိမ်းလန်းစိုပြည်ရေးစီမံကိန်းအရ အောင်လံမြို့နယ်ရှိ သမ္ဘူလ–ရွှေပန်းတောကားလမ်းနံဘေး ညောင်ပင်ဝိုင်းရွာမြောက်ဘက်၊ ရေပေါ်ရွာအရှေ့ဘက်ရှိ တောင်သူလယ်သမားများ၏ ဘိုးဘွားပိုင်မြေများကို သစ်တောဌာနက သိမ်းယူပြီး ယူကလစ်ပင်များစိုက်ပျိုးထားခဲ့သည်။ ယခုအခါ ထိုမြေများကို သကြားစက်ရုံသို့လွှဲပြောင်းပေးထားပြီး သကြားစက်ရုံပိုင်မြေကွက်များ၌ တောင်သူလယ်သမားများအား တဧကလျှင် (၃) ထောင်ကျပ်မှ (၅) ထောင်ကျပ်အထိပေးကာ ပြန်လည်အငှားချ၍ အတင်းအဓမ္မ ကြံစိုက်ခိုင်းခြင်းဖြစ်သည်။

ဒေသခံတဦးက "တောင်သူတွေက ကြံကိုစိတ်မဝင်စားကြဘူး။ ပဲတီစိမ်းတို့၊ ဝါတို့၊ ပဲစိုက်ချင်တာကိုး။ လတိုသီးနှံဆိုတော့ စားစရာသောက်စရာရှိတာပေါ့။ ကြံက တနှစ်စောင့်ရမယ်ဆိုတော့ တောင်သူတွေ ထမင်းငတ်သေဖို့ပဲရှိတယ်"ဟု ပြောသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးတဦးအပါအဝင် အမျိုးသမီး (၇) ဦးနှင့် (၁၈) နှစ်အောက် လူငယ်များအပါအဝင် အမျိုးသား (၂၄) ဦး၊ စုစုပေါင်း ဒေသခံတောင်ယာစိုက်ပျိုးသူ (၃၁) ဦးအား နအဖအစိုးရပိုင် ရုံးတံဆိပ်အမှတ် (၅) သကြားစက်ရုံနှင့် သစ်တောဌာန၊ ခရိုင်ရဲများ၊ အောင်လံမြို့နယ်မှူးနှင့် မီးသတ်ဌာနပါမကျန်ပူးပေါင်းပြီး ယခုလ (၃) ရက်နေ့ည (၁၂) နာရီခန့်တွင် ညောင်ပင်ဝိုင်းရွာသို့ဝင်စီးပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများ၏အဆိုအရသိရှိရသည်။

လွန်ခဲ့သည့်နှစ်လခန့်ကတည်းက ကြံစိုက်မည့်မြေပေါ်မှ ယူကလစ်ပင်များအား ၎င်းတို့ကိုယ်တိုင် မြေထိုးစက်ကြီးများသုံးကာ တွန်းထိုးဖို့လှဲထားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ခုတ်လှဲထားသည့် အလေအလွင့်အပြတ်များကို တောင်သူများက မိမိတို့အိမ်တွင် ထင်းအဖြစ်အသုံးပြုခဲ့မိခြင်းအပေါ် သစ်တောဥပဒေနှင့်ညီစွန်းသည်ဟုဆိုကာ ဖမ်းဆီးခြင်း ပိုစ်အမှုဆင်ခဲ့ခြင်းဖြစ်သည်။ ❖

## မြန်မာပြည်မှငါးသန်းသောပြည်သူများအငတ်ဘေးကြုံနေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးကထုတ်ဖော်ပြောဆို



နေ့တဓူဝရင်ဆိုင်နေရသည့် မြန်မာပြည်သူလူထု၏ အငတ်ဘေးပြဿနာ

အောက်တိုဘာ (၁၉)

ဆန်စပါးနှင့်လယ်ယာထွက်သီးနှံများ ကြွယ်ဝလာနိုင်သည့်အခြေအနေရှိသော်လည်း (၅) သန်းသော ပြည်သူလူထုမှာ နေ့တဓူဝ အငတ်ဘေးနှင့်ရင်ဆိုင်နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

မြန်မာနိုင်ငံ၏လူဦးရေ သန်း (၅၀) ခန့်တွင် ပြည်သူ (၅) သန်းခန့်မှာ တနေ့တာအတွက် စားစရာမရှိဖြစ်နေပြီး ကျန်လူဦးရေအများစုမှာလည်း ဆင်းရဲတွင်းထဲ နစ်မွန်းနေကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ဒေသန္တရဒါရိုက်တာတဦးဖြစ်သူ တိုနီဘန်ဘူရီကပြောဆိုခဲ့သည်။

ဤသို့အငတ်ဘေးကြုံတွေ့နေရခြင်းသည် တိုင်းပြည်ကိုအုပ်ချုပ်နေသည့် နအဖစစ်အုပ်စုမှ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် ငြင်းဆန်နေခြင်းကြောင့်လည်းဖြစ်သည်ဟု ဆက်လက်၍ ဝေဖန်ထားသည်။

ယခင်က အရှေ့တောင်အာရှ၏ စပါးကျီကြီးအဖြစ်တင်စားခံခဲ့ရသော မြန်မာပြည်မှပြည်သူများသည် ယနေ့တွင် တနေ့တာ စားဝတ်နေရေးအတွက် အလွန်ပင်ခက်ခက်ခဲခဲ ရုန်းကန်နေရကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။ ဒုက္ခတွေ့နေသော မြန်မာပြည်သူ (၅) သန်းကိုထောက်ပံ့ပေးနေသည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ထောက်ပံ့ငွေကြေးတွင်လည်း အကန့်အသတ်များရှိနေသောကြောင့် အစားအစာပမာဏများအား ယခုထက်ပို၍ ထောက်ပံ့ဝေငှပေးနိုင်ခြင်းမရှိသေးကြောင်းလည်း ပြောဆိုခဲ့သည်။

မြန်မာပြည်သူများ၏ စားဝတ်နေရေး ဖွံ့ဖြိုးတိုးတက်လာရန် လူသားချင်းစာနာသည့် အထောက်အကူများ အပြည့်အဝလုပ်ဆောင်ပေးနိုင်မည်မဟုတ်သောကြောင့် မြန်မာစစ်အုပ်စုအနေဖြင့် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ အမြန်ဆုံးအကောင်အထည်ဖော်သင့်ကြောင်းကို ဆက်လက်အကြံပြုပြောဆိုသွားခဲ့သည်။

❖

## စက်တင်ဘာသပိတ်တိုက်ပွဲမှကျဆုံးသွားသူများအတွက် အောက်မေ့ဖွယ်လွမ်းသူ့ ပန်းစည်းများချ

အောက်တိုဘာ (၄)

ပြီးခဲ့သည့် သပိတ်တိုက်ပွဲအတွင်းတွင် နအဖစစ်အုပ်စု၏ အကြမ်းဖက်ပစ်ခတ်မှုများအတွင်းကျဆုံးခဲ့ရသည့် ရဟန်းရှင်လူ၊ ပြည်သူများအားရည်စူး၍ ရန်ကုန်မြို့လူစည်ကားရာနေရာများဖြစ်သော ဗိုလ်ချုပ်ဈေး၊ တာမွေဈေးရှေ့ကားမှတ်တိုင်၊ ယုဇနပလာဇာနှင့်ယောက်လမ်းရှိ ရှိုင်ရယ်ပတ်ဗျူးဟိုတယ်ရှေ့တို့တွင် (၈၈) မျိုးဆက်ကျောင်းသားများနှင့် မျိုးဆက်သစ်ကျောင်းသားများက လွမ်းသူ့ပန်းစည်းများချခဲ့ကြောင်းသိရသည်။

"ကျဆုံးသွားသော ရဟန်းအာဇာနည်များ၊ ပြည်သူ့အာဇာနည်များ၊ ကျောင်းသား အာဇာနည်များအတွက် (၈၈) မျိုးဆက် ကျောင်းသားများ၏ လွမ်းသူ့ပန်းစည်း" ဟူသောစာတန်းများနှင့် "စစ်အာဏာရှင် ကျဆုံးရမည်"ဟူသောစာများကို အဝါရောင် စာရွက်များပေါ်တွင်ရေးသား၍ ပန်းစည်းများချခဲ့ခြင်းဖြစ်သည်။ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် မြေပဒေသာကျွန်းအနီးတွင်လည်း ပန်းစည်းချသည့်လှုပ်ရှားမှုများရှိခဲ့သည်။

သံဃာတော်များနှင့် လူထု၏တောင်းဆိုချက်များမရမချင်း ရဟန်းရှင်လူအားလုံးပါဝင်သည့် လူထုလှုပ်ရှားမှုကြီးပေါ်ပေါက်လာစေရေးအတွက် ဆက်လက်၍အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း (၈၈) မျိုးဆက်ကျောင်းသားများကပြောဆိုခဲ့သည်။

နအဖစစ်အစိုးရက ပြီးခဲ့သည့်သပိတ် တိုက်ပွဲအတွင်းတွင် (၁၀) ဦးသေဆုံးကြောင်း တရားဝင်သတင်းထုတ်ပြန်ခဲ့သော်လည်း လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူများက ရဟန်းရှင်လူ ရာနှင့်ချီ၍သေဆုံးနိုင်ဖွယ်ရှိကြောင်းခန့်မှန်းထားသည်။ ❖



ပေါင်းလှုပ်ဝင်း (မြင်းခြံ)

## နို့ရည်အခိုးခံရတဲ့ည ...

"ရင်သွေးရဲ့အာဟာရ
ချိုမြနို့ရည်သာ
အကောင်းဆုံးပါ"
ကြေညာနေတဲ့အခိုက် ...
ကလေးအမေရဲ့အာဟာရ
အခိုးခံရတဲ့ကာလ
မထွက်နို့နဲ့
"စို့လေ ...
စို့လေ ..."
အမေနို့တိုက်
မျက်ရည်ဖြိုက်ဖြိုက်
ခေါင်းငိုက်စိုက်။

## ဗိုလ်ချုပ်ပုံပါသည့်ငွေစက္ကူကိုင်ဆောင်မှုဖြင့် လူငယ်တဦး အဖမ်းအဆီးခံရ

အောက်တိုဘာ (၁)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၈) မိုင်လမ်းဆုံအနီးတွင် ဗိုလ်ချုပ်အောင်ဆန်းပုံပါသည့် တဆယ်ကျပ်တန်ငွေစက္ကူကိုင်ဆောင်မှုဖြင့် ယနေ့နံနက် (၁၀) နာရီခွဲအချိန်က လူငယ်တဦးအား စစ်တပ်ကဖမ်းဆီးခဲ့သည်။

ယခုအခါတွင် ရှားပါးနေပြီဖြစ်သော်လည်း တရားဝင်ဖျက်သိမ်းထားခြင်းမရှိသေးသည့် ငွေစက္ကူကိုကိုင်ဆောင်ခြင်းကြောင့် ဖမ်းဆီးခံခြင်းမှာ မတရားအနိုင်ကျင့်ခြင်းသာဖြစ်ကြောင်း မရမ်းကုန်းမြို့ခံတဦးက ပြောသည်။

၎င်းက "မကောင်းဘူးပေါ့ရှင်။ ဒီပိုက်ဆံဆိုတာကတော့ လူတွေမှာရှိနေကြမှာပဲလေ။ အိတ်ထဲမှာနော် ပါလာကြမှာပဲ။ အဲ့ဒါ လူတိုင်းကို အဲလိုမျိုးလိုက်လုပ်တာတော့ အတော်လွန်တယ်ရှင်။ တရားဝင်လည်း မဖျက်သိမ်းထားတော့ လူတွေမှာရှိနေမှာပဲလေ။ လူတွေက အကုန်အထိတ်ထိတ် အလန့်လန့်ဖြစ်ကုန်တာပေါ့။ အဲ့ဒါတော်တော် မတရားဘူးထင်တယ်ရှင်" ဟုပြောဆိုခဲ့သည်။

တော်လှန်ရေးကောင်စီအစိုးရခေါ် ဗိုလ်ချုပ်နေဝင်း၏ စစ်အစိုးရအာဏာလွှဲပြောင်းယူချိန်မှစ၍ မြန်မာပြည်၏လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကိုသုံး၍ ငွေစက္ကူထုတ်ခြင်းမရှိတော့ဘဲ ဗိုလ်ချုပ်ဓာတ်ပုံများအစား သခင်ဖိုးလှကြီး၊ ဆရာစံ စသည့်အလုပ်သမား၊ လယ်သမားခေါင်းဆောင်များ၏ ရုပ်ပုံများကိုလဲလှယ်သုံးစွဲလာခဲ့သည်။ ထို့မှတဖန် မြန်မာပြည်တွင် ငွေစက္ကူများကို တရားမဝင်ကြောင်း အကြိမ်ကြိမ်ကြေညာခဲ့ပြီးနောက်တွင် စစ်တပ်၏ အမှတ်တံဆိပ်အဖြစ် ခြင်္သေ့ရုပ်များကိုသာ သုံးစွဲလာခဲ့သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံပါ ငွေစက္ကူများကိုမူ တရားဝင်ကြေညာချက်ထုတ်ကာ ဖျက်သိမ်းခဲ့ခြင်းမရှိသေးပေ။

ယခုကဲ့သို့ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေခြင်းကြောင့် လူစည်ကားရာနေရာတွင် တခုအပါအဝင်ဖြစ်သည့် (၈) မိုင်လမ်းဆုံအပါအဝင် ရန်ကုန်မြို့၏ လူစည်ကားရာနေရာများ၌ လူအသွားအလာကင်းမဲ့ပြီး ခြောက်ကပ်ကပ်ဖြစ်နေကြောင်းလည်း သိရသည်။

ထို့ပြင်အလားတူ ရန်ကုန်တိုင်း၊ သံလျင်တံတားနှင့် သံလျင်မြို့အဝင်အထွက်ဂိတ်များတွင် လုံခြုံရေးကို ရေတပ်၊ ကြည်းတပ်များဖြင့် လုံခြုံရေးကို ပိုမိုတင်းတင်းကြပ်ကြပ်ချထားပြီး၊ ရှာဖွေစစ်ဆေးမှုများလည်း ယခင်ကထက် ပိုမိုပြုလုပ်လျက်ရှိသည်ဟု ဒေသခံပြည်သူတို့က ပြောဆိုခဲ့သည်။ ❖

# နအဖစစ်အုပ်စုကိုနည်းပညာနှင့်လက်နက်ပစ္စည်းများရောင်းချခဲ့သည့် ဒေဝူးကုမ္ပဏီအရာရှိများအား အပြစ်ရှိကြောင်းဆုံးဖြတ်



ဒေဝူးကုမ္ပဏီအား ဆန့်ကျင်ဆန္ဒပြနေသည့်သူများ

အောက်တိုဘာ (၂၃)၊

မြန်မာစစ်အစိုးရအား စစ်လက်နက်ပစ္စည်းရောင်းချခဲ့ခြင်းနှင့်ပတ်သက်၍ တရားစွဲဆိုခံထားရသော ဒေဝူးကုမ္ပဏီ၏တာဝန်ရှိသူများအား ဆိုးလ်မြို့တော်တရားရုံးက အမှုကို တနှစ်ကျော်ကြာနာစစ်ဆေးပြီးနောက် အပြစ်ရှိကြောင်းဆုံးဖြတ်လိုက်သည်။

ကိုရီးယားနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းက မြန်မာစစ်အစိုးရကို လက်နက်ရောင်းချမှုများနှင့် နည်းပညာအကူအညီပေးမှုများရှိခဲ့သည်ဆိုသည့်စွဲချက်များ စတင်ပေါ်ထွက်လာခဲ့ချိန်မှစ၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ယခုနောက်ဆုံးအဆင့်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဤတရားခွင်ကို စောင့်ကြည့်လေ့လာနေသည့် ကိုရီးယားနိုင်ငံမှ မြန်မာ့အရေးလှုပ်ရှားသူ ကိုဇော်မိုးအောင်ပြောသည်။

"ဒီနေ့ ကိုရီးယားစံတော်ချိန် နေ့လယ်နှစ်နာရီက ကိုရီးယားနိုင်ငံရဲ့တရားရုံးချုပ်မှာပေါ့နော်၊ တရားစီရင်ခန်းမထဲမှာ ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီက မြန်မာနိုင်ငံစစ်အစိုးရဆီမှာ တရားမဝင်စစ်လက်နက်ပစ္စည်း စက်ရုံများတည်ဆောက်ပြီးစီးတဲ့အပြင် ဒီစစ်လက်နက်ပိုင်းပညာပိုင်းဆိုင်ရာကိုလည်း ကိုရီးယားကိုခေါ်ပြီးတော့ သင်ကြားပေးခဲ့တယ်ပေါ့နော်။ အဲဒီဟာက ၂၀၀၂ ခုနှစ်က နအဖစစ်အစိုးရနဲ့ လက်မှတ်ရေးထိုးပြီးတော့ ၂၀၀၃ ခုနှစ်အစပိုင်းလောက်မှာ သူတို့ ဒီစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံတည်ဆောက်တယ်ခင်ဗျ။

တည်ဆောက်ပြီးတဲ့ ၉၀ ရာခိုင်နှုန်းနီးပါးလောက်ပြီးတဲ့အခါကျမှ ကိုရီးယားရဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့က သိရှိသွားပြီးတော့ ၂၀၀၆ ခုနှစ် (၁၂) လပိုင်းကစပြီးတော့ စတင် စစ်ဆေးတယ်ခင်ဗျ။ စစ်ဆေးတော့ သူတို့က တကယ်ကို ကိုရီးယားနိုင်ငံရဲ့ ပြည်ပရင်းနှီးမှုဥပဒေကို ချိုးဖောက်တာဖြစ်တဲ့အတွက် ဒီလူတွေ တရားရင်ဆိုင်နိုင်ရန်အတွက်ဆိုပြီးတော့ ကိုရီးယားနိုင်ငံရဲ့တရားရုံးချုပ်ကို စွဲချက်တင်ပြီးတော့ တရားစွဲခဲ့တာပါ။ ဒီနေ့ နေ့လည် (၂) နာရီထိုးမှာ တရားစစ်ဆေးတာ အားလုံးပြီးစီးသွားပြီဖြစ်တဲ့အတွက်ကို ကျနော်တို့လာမယ့် (၁၁) လပိုင်း (၁၃) ရက်နေ့ မနက် (၁၀) နာရီမှာ သူတို့ကို တရားစီရင်ချက်ချမယ်ဆိုတဲ့အကြောင်းကို တရားသူကြီးက ဒီနေ့ပြောဆို စီရင်ချက်ချပါတယ်ခင်ဗျ" ဟု ပြောခဲ့သည်။

တရားရုံး၏အပြစ်ရှိသည်ဟူသော ဆုံးဖြတ်ချက်အပေါ်တွင် ဒေဝူးကုမ္ပဏီအရာရှိများက မိမိတို့မှားယွင်းမိကြောင်းဝန်ခံ၍ ပြစ်ဒဏ်လျှော့ပေါ့ချမှတ်ပေးရန် အသနားခံခဲ့ကြောင်းလည်းသိရသည်။

ဤသို့ ဒေဝူးကုမ္ပဏီအရာရှိများက တောင်းပန်ခဲ့သော်လည်း မြန်မာ့အရေးလှုပ်ရှားသူများက ဒေဝူးကုမ္ပဏီအနေနှင့် နအဖစစ်အုပ်စုနှင့်ဆက်စပ်လုပ်ကိုင်နေသော ၎င်းတို့၏ မြန်မာပြည်တွင်းမှလုပ်ငန်းများကို ရပ်တန့်ရန်၊ ဒေဝူးကုမ္ပဏီ၏လုပ်ရပ်များနှင့်ပတ်သက်၍ မြန်မာပြည်သူလူထုအား တောင်းပန်ရန် ဆိုးလ်မြို့ တရားရုံးချုပ်ရှေ့တွင် စုရုံးတောင်းဆိုခဲ့ကြကြောင်းလည်း သိရသည်။ ❖

# ဟာသရုပ်ဆောင် ဇာဂနာ၏ပြက်လုံး ပြည်သူများအတွင်းရေပန်းစား

အောက်တိုဘာ ၂၃

ပြီးခဲ့သည့် ဖမ်းဆီးထိမ်းသိမ်းခံနေရာမှ ပြန်လည်လွတ်မြောက်လာခဲ့ပြီးနောက် ပြင်ပမီဒီယာများနှင့် အင်တာဗျူးလုပ်ခဲ့စဉ် ပြောကြားခဲ့သည့် သရုပ်ဆောင်ဒါရိုက်တာ မောင်သူရခေါ် ဇာဂနာ၏ပြက်လုံးတခုမှာ ပြည်သူလူထုအတွင်းပျံ့နှံ့နေကြောင်း ရန်ကုန်မြို့ခံများထံမှ သိရှိရသည်။

ယင်းအင်တာဗျူးတွင် ဇာဂနာက မြန်မာလူမျိုး ဗုဒ္ဓဘာသာများအနေဖြင့် မွေးဖွားစဉ်မှ သေဆုံးချိန်အထိ "ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ" ဆိုပြီး ရွတ်ဆိုပူဇော်ကြရကြောင်း၊ စစ်အစိုးရ၏ ပြုမူပုံများအရ ယခုအခါ နောက်ဆုံးစာပိုဒ်ဖြစ်သည့် "သံဃာသရဏံ ဂစ္ဆာမိကို သံဃာသရဏံ ဂန်းစာမိဟူ၍ ပြောင်းလဲရွတ်ဆိုရမလိုဖြစ်နေကြောင်း ရဟန်းသံဃာများအား အကြမ်းဖက်ဖြိုခွင်းပစ်ခတ်နှိမ်နင်းခဲ့မှုနှင့်ပတ်သက်၍ ပြက်လုံးထုတ်ခဲ့ခြင်းဖြစ်သည်။



ဟာသသရုပ်ဆောင် ဇာဂနာ

အဆိုပါပြက်လုံးသည် ရန်ကုန်မြို့ပေါ်ရှိ တက္ကစီဒရိုင်ဘာများ၊ လက်ဖက်ရည်ဆိုင်များစသည့်နေရာများတွင်သာမက အစိုးရရုံးများအတွင်းတွင်လည်း ပျံ့နှံ့ပြောဆိုနေကြကြောင်းသိရသည်။

လူထုဆန္ဒပြပွဲများ နိုင်ငံအနှံ့ပေါ်ပေါက်နေသည့်အချိန် စက်တင်ဘာ (၂၅) ရက်နေ့ညတွင် အာဏာပိုင်များက ဇာဂနာကိုနေအိမ်တွင်း ဖမ်းဆီးခံခဲ့ရပြီး အောက်တိုဘာ (၁၇) ရက်နေ့ညတွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ပြန်လည်လွတ်မြောက်လာပြီးပြီးချင်းတွင် ပြင်ပမီဒီယာများနှင့် အင်တာဗျူးစဉ် ဖြစ်ပျက်ခဲ့သမျှကို မကြောက်မရွံ့ပြောဆိုခဲ့သူအဖြစ် ပြည်သူလူထုအကြားတွင် အထူးရေပန်းစားနေသူတဦးဖြစ်သည်။ ❖

## မျက်နှာဖုံးသတင်းမှ ...

သူမက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများ ဒေါ်အောင်ဆန်းစုကြည်က နအဖစစ်အစိုးရနှင့် ထိရောက်သောဆွေးနွေးပွဲများဖြစ်အောင် ဆောင်ရွက်သွားမည်ဟုပြောပြီး နောက်တရက်အကြာတွင် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒုတိယအကြိမ်တွေ့ဆုံခဲ့ရသည်။

ရန်ကုန်မှလာသော သတင်းများအရ အဲန်အယ်လ်ဒီပါတီ၏ ဗဟိုအလုပ်အမှုဆောင်သုံးဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အစည်းအဝေး၏အစပိုင်းတွင် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တက်ရောက်ခဲ့ပြီးနောက် မကြာမီထွက်ခွာသွားခဲ့သည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီပါတီလူကြီးများ၏ ပါတီတွင်းအစည်းအဝေးအပြီးတွင် ဆက်ဆံရေးဝန်ကြီးနှင့် နောက်ထပ် တွေ့ဆုံဆွေးနွေးမှုရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့နေ လမ်းဘေးစာအုပ်ရောင်းသူတဦးက "ကျနော့်အနေနဲ့ကတော့ ယုံကြည်ဖို့အတော်ခက်ပါတယ်။ နောက် ထပ်လှည့်စားမှုအသစ်တခုမဖြစ်ပါစေနဲ့လို့ မျှော်လင့်ရတာပဲ"ဟု ပြောသည်။

မစ္စတာဂမ်ဘာရီ၏ခရီးစဉ်အစပိုင်း၌ သေချာရေရာသော အရိပ်လက္ခဏာဟူ၍ တစုံတရာ မတွေ့ခဲ့ရချေ။ ပထမဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ ခွင့်မရခဲ့ပေ။ ထို့နောက် သတင်းနှင့်ပြန်ကြားရေးဝန်ကြီးကျော်ဆန်းနှင့်တွေ့ဆုံခဲ့ရပြီးနောက် မြန်မာပြည်ကို နိုင်ငံတကာက ကြီးနိုင်ငယ်ညှင်းလုပ်နေသည်ဟု စွပ်စွဲပြောဆိုမှုများရှိခဲ့သည်။

မစ္စတာဂမ်ဘာရီ၏ခြောက်ရက်မြောက်နေ့ နောက်ဆုံးခရီးစဉ် အဆုံးသတ်၍ ပြန်သွားပြီးနောက် မကြာမီထိုနေ့ညဘက်ပိုင်းတွင် မြန်မာအစိုးရ၏ ရေဒီယိုနှင့်ရုပ်မြင်သံကြားဌာနတို့မှ ထုတ်ပြန်သည့်သတင်းများတွင် စစ်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကြားတွင် ဆွေးနွေးပွဲများ ထမြောက်အောင်မြင်လာရန် သူ၏ခရီးစဉ်အတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ကြေညာသွားခဲ့သည်။

"အခု ကျနော်တို့မှာ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကြားမှာ တိုးတက်ပြီး ထိရောက်မှုရှိတဲ့ဆွေးနွေးပွဲတွေဖြစ်လာဖို့ ဦးဆောင်လာနိုင်မယ့်အစီအစဉ်တွေရှိနေပါပြီ"ဟု ကုလသမဂ္ဂ၏ကြေညာချက်တွင်လည်း ဖော်ပြပါရှိသည်။ မကြာမီသီတင်းပတ်များအတွင်း မစ္စတာဂမ်ဘာရီမြန်မာနိုင်ငံသို့ပြန်လာဦးမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏သတင်းအင်တာနက်စာမျက်နှာတွင် ရေးသားထားသည်။ ❖

## ဖွန်မိုင်း ဆောင်းပါးမှ ...

(၄) ချိတ်ပိတ်ခြင်းခံထားရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်နယ်/တိုင်းနှင့် မြို့နယ်စည်းရုံးရေးအဖွဲ့ရုံးများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန်။

(၅) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန်။

(၆) ပြည်သူများ၏ မွေးရာပါအခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများ ဖော်ထုတ်ပေးရန်။"

လွတ်လပ်တဲ့ တန်းတူတဲ့တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ဆိုရင် လွတ်လပ်တဲ့တန်းတူတဲ့ နိုင်ငံရေးအခင်းအကျင်းရှိဖို့ အမှန်လိုအပ်ပါတယ်။

အဖြေကိုလိုချင်ရင် အဖြေရနိုင်လောက်တဲ့အခင်းအကျင်း ပြည့်စုံရပါလိမ့်မယ်။

အဖြေကို လိုချင်တာမဟုတ်ဘဲ အဖြေရှာချင်ယောင်ဆောင်ရုံလောက်နှင့်တော့ ဘာမှဖြစ်လာနိုင်မယ်မဟုတ်ပါဘူး။

ဒီတောင်းဆိုမှုတွေဟာ အခုလိုတိုက်ပွဲမျိုးတွေ မပေါ်သေးခင်ကတည်းက တောင်းဆိုခဲ့တဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်နိုင်ဖို့အတွက် ကနဦး ကြိုတင်ပြင်ဆင်ပေးရမယ့် ဒီမိုကရေစီဝန်းကျင်ဖြစ်ပါတယ်။

လုံလောက်တဲ့ ဒီမိုကရေစီအခင်း အကျင်းမရှိရင် တန်းတူတဲ့တွေ့ဆုံဆွေးနွေးရေးဆိုတာ လုံးဝမရှိနိုင်ဘူး။

(၁) မရှိရင် (၂) ကို ပီပြင်အောင် ဘယ်လိုမှ လုပ်လို့မရနိုင်ဘူးဆိုတဲ့အကြောင်း ရိုးရိုးသားသား တင်ပြတောင်းဆိုထားတာ ဖြစ်ပါတယ်။

၂၀၀၇ အောက်တိုဘာဟာ ၂၀၀၆ ဖေဖော်ဝါရီနှင့် နိုင်ငံရေးရာသီဥတုချင်း လုံးဝခြားနားခဲ့ပါပြီ။

သံဃာတော်တွေ၊ ကျောင်းသားတွေ၊ အလွှာစုံ၊ အတန်းအစားစုံ လူထုတွေအသက်တွေပေးခဲ့ကြပြီ။ ဘဝတွေပေးခဲ့ကြပြီ။

အခုထိ လူထုတွေရဲ့ကြားမှာ ရှောင်တိမ်းအကာအကွယ်ယူရင်း လူထုနှင့်အတူ ရွှေဝါရောင်ဒီလှိုင်းထကြီးတဲ့ ဒီလှိုင်းတွေ တလှိုင်းပြီးတလှိုင်း ဆက်ပြီးတိုက်ခတ်ဖို့ ပြင်ဆင်ကြိုးကုပ်နေကြပြီ။

"ဒီပွဲဟာ ရပ်ပစ်လို့မဖြစ်ဘူး။ ဆက်တိုက်မှရမယ် ဆက်တိုက်ကြရမယ်"ဆိုတဲ့ သံန္နိဋ္ဌာန်ဟာ ပြည်သူတွေရဲ့ရင်ထဲမှာ ပိုပြီးလေးနက်ခိုင်ကျည်ခဲ့ပြီ။

အဲဒီလို အခြေအနေမျိုးမှာ ....

ပွဲမစခင်ကတည်းက ကြိုတင်အညှိခံခိုင်းနေတဲ့ ဗိုလ်သန်းရွှေရဲ့ကမ်းလှမ်းချက်ကို ကျနော်တို့ ဘာကြောင့်လက်ခံရမှာလဲ။

ဘာအကြောင်းနှင့်မှကို လက်ခံပေးစရာအကြောင်းမရှိဘူး။

ဗိုလ်သန်းရွှေဟာ ဗိုလ်သန်းရွှေဖြစ်သလို ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒေါ်အောင်ဆန်းစုကြည် စစ်စစ်ဖြစ်ပါတယ်။

ဒီလိုပဲ မြန်မာပြည်သူတွေကလည်း မြန်မာပြည်သူတွေ စစ်စစ်ဖြစ်ပါတယ်။

ကျနော်တို့ယုံကြည်ချက်တွေကို လျှော့ဈေးနဲ့ချရောင်းဖို့၊ ဈေးပေါင်ကျိုးနှင့် လက်သိပ်ထိုး ထိုးအပ်ဖို့ ကျနော်တို့ပြည်သူတွေဟာ ဘယ်တုန်းကမှာ စဉ်းစားမကြည့်ခဲ့ဖူးဘူး။

လူထုရဲ့ ဒီခိုင်မြဲတဲ့သံန္နိဋ္ဌာန်ဆိုတာ ဘယ်တန်ခိုးရှင်ကမှ ဖန်ဆင်းပေးလို့မရသလို ဘယ်အာဏာရှင်ကမှ ဖြိုဖျက်ပစ်လို့မရနိုင်ဘူးဆိုတာ ဗိုလ်သန်းရွှေကိုယ်တိုင်လည်း ရိပ်မိတန်သရွေ့ ရိပ်မိနေပါပြီ။

ကျနော်တို့ပြည်သူတွေ ပြည်တွင်းမှာရော၊ နိုင်ငံတကာမှာပါ မပေါ့သောသတိ၊ မလျှော့သောလုံ့လတွေနှင့် ဆက်ပြီးရုန်းလိုက်ကြမယ်ဆိုရင် နအဖစစ်အုပ်စုရဲ့တွေ့ဆုံဆွေးနွေးရေးအတုကို အစစ်ဖြစ်အောင်လုပ်ပစ်လို့ရပါတယ်။

ကိုးရီးယားကကျနော့်မိတ်ဆွေ စိုးရိမ်နေသလို နိုင်ငံတကာရဲ့ဝန်းရံမှုတွေ သဲထဲရေသွန်ဖြစ်မသွားရအောင်၊ အချိုးအနှိုးဖြစ်မသွားရအောင်၊ အဖိုးတန်သည်ထက် တန်သွားအောင် စွမ်းဆောင်နိုင်သူဟာ ....

သံဃာတော်အရှင်သူမြတ်များနှင့် လူမျိုးစုံမြန်မာပြည်သူတွေကိုယ်တိုင်ပဲ ဖြစ်ပါတယ် ....။ ။

ဖွန်မိုင်း (၃၀၊ ၁၀၊ ၂၀၀၇)

❖

**မင်းဆိုးကို မိုးကြိုးပစ်မည်**

# သပိုင်းမှာထိပ်တိုက်တွေ့အောင် ဘယ်သူကလုပ်တာလဲ



ရဲဘော်ဖိုးသံချောင်း

**ပြည်တွင်းစစ်တလျှောက်လုံးမှာ တဘက်က ငြိမ်းချမ်းရေးကို ကြွေးကြော်တင်ပြနေပြီး ပြည်သူတွေကလည်း ပြည်တွင်းငြိမ်းချမ်းရေးကို တကျော်ကျော်တောင်းဆိုနေချိန်မှာ အပြုတ်တိုက်ရေးကိုသာဖိအော်ရင်း ထိုးစစ်ကြီးတွေဆင်နေတာကရော ထိပ်တိုက်တွေ့တာပဲမဟုတ်ဘူးလား ...**

ဒီကနေ့ နအဖအကြောက်ဆုံးသော အချက်တချက်မှာ အတိုက်အခံတွေဘက်က ထိပ်တိုက်တွေ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဘက်ကလိုက်လျောရမယ့်အချက်တွေထဲမှာ "ထိပ်တိုက်တွေ့ရေးကိုစွန့်လွှတ်ပါမယ်"ဆိုတာကို အသေအချာထည့်ထားတာဖြစ်ပါတယ်။

ထိပ်တိုက်တွေ့တယ်ဆိုတာဘာလဲ။ အားနည်းတဲ့လူနဲ့ အားကြီးတဲ့လူလို့ရှိတာမှာ အားနည်းတဲ့လူက ပုခုံးချင်းလိုက်တိုက်နေတယ်ရယ်လို့ ရှိပါသလား။ ဗမာပြည်သမိုင်းမှာရော အုပ်စိုးခံ၊ အဖိနှိပ်ခံလူတန်းစားက ဖိနှိပ်သူ၊ အုပ်စိုးသူတွေကို ပုခုံးချင်းလိုက်တိုက်တယ်လို့ရှိခဲ့ပါသလား။ လမ်းပေါ်မှာဆန္ဒပြတာဟာ ခြေဆုံးခေါင်းဆုံး ခေတ်မှီလက်နက်တွေတပ်ထားတဲ့ ရှစ်ခေါဘဏီတပ်ကြီးကို နားရွက်တံတွေးဆွတ်တယ်လို့ဆိုနိုင်ပါသလား။ ဟုတ်တယ်လို့ပြောတာဟာ အုပ်စိုးသူ၊ ဖိနှိပ်သူဘက်က ဖိနှိပ်ချင်၊ ဖြိုခွဲချင်လို့၊ နှံပြိစုတ်ကိုအမြောက်နဲ့ပစ်ချင်လို့ ဆင်ခြေပေးတာသာဖြစ်ပါတယ်။

တကယ်က ဗမာနိုင်ငံရဲ့လွတ်လပ်ရေးဒီဘက်သမိုင်းမှာ အုပ်စိုးသူဘက်ကချည့်စသေနတ်ဖောက်ခဲ့တာပါ။ ပြန်ပြောပါမယ်၊ သေနတ်စဖောက်ခဲ့တာပါ။ ဆိုလိုတာ စစ်တပ်ရဲ့အခန်းပါခဲ့တာပါ။

၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးရတယ်ဆိုတာနဲ့၊ တနည်း– အာဏာရတယ်ဆိုတာနဲ့ တန်းပြီးအာဏာပြတာ၊ ထိပ်တိုက်တွေ့ပြတာဟာ မတ်လ (၁၂) ရက်နေ့မှာ ဆိုရှယ်လစ်ပါတီကလူတွေလုပ်ခဲ့တဲ့သတင်းစာတိုက်တွေကို ဖျက်ဆီးတဲ့ကိစ္စပါပဲ။ ဒါဟာ ဒီမိုကရေစီကို ငါတို့ထင်သလိုအဓိပ္ပာယ်ဖွင့်မယ်၊ ရှံ့ချည်၊ နှပ်ချည်လုပ်မယ်လို့ ကြေညာတာဖြစ်သလို အမြီးရှိတဲ့အကောင်တွေအားလုံး ရိပ်မိကြဆိုပြီး တပြည်လုံးကိုခြိမ်းခြောက်လိုက်တာဖြစ်ပါတယ်။ ဆိုရှယ်လစ်ပါတီက ဘာလို့အဲဒီလိုလုပ်ရဲတာလဲ။ ဝန်ကြီးချုပ်ဦးနုကိုတောင် ဘေးချိတ်ပြီးလုပ်ရဲတာရဲ့ အဓိကအကြောင်းက သူတို့ဟာ စစ်တပ်နောက်ခံရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယုံကြည်ထားလို့ ဖြစ်ပါတယ်။

အလားတူပဲ၊ လွတ်လပ်ပြီး (၃) လမှ မပြည့်မီ တပြည်လုံးရှိကွန်မြူနစ်တွေကို အလစ်အငိုက်ယူပြီး ဖမ်းဆီးနှိပ်ကွပ်တယ်ဆိုတာဟာလည်း အုပ်စိုးသူတွေဘက်ကစပြီး ထိပ်တိုက်ချတာဖြစ်ပါတယ်။ ဖဆပလအစိုးရဟာ ဘာဖြစ်လို့ကွန်မြူနစ်တွေကို ဒီလိုနှိပ်ကွပ်တယ်ဆိုတာကို ဘယ်တုန်းကမှ ရေရေရာရာ တိတိကျကျ တရားဝင်မပြောခဲ့ပါဘူး။ တခါတလေများ သူတို့ဘာမှမလုပ်မိ သလိုလိုတောင်လုပ်နေပါတယ်။

လွတ်လပ်ရေးဒီဘက်မှာ အနှစ် (၄၀) မရှိတဲ့သမိုင်းအတွင်း သုံးကြိမ်တောင်ဖြစ်ခဲ့တဲ့ အာဏာသိမ်းမှုတွေကို ပြန်ကြည့်ပါ။ ၁၉၅၈ ခုနှစ်အာဏာသိမ်းပွဲဟာ သန့်ရှင်းဖဆပလဦးနုက ပါလီမန်ထဲမှာတည်မြဲဆိုရှယ် လစ်အုပ်စုကို ပမညတ– သူတို့အခေါ်မြေပေါ်ကွန်မြူနစ်– ထောက်ခံမှုနဲ့ အနိုင်ရလိုက်တဲ့အတွက် ဆိုရှယ်လစ်ပါတီက စစ်ဗိုလ်တွေဖြစ်တဲ့ ဗိုလ်နေဝင်း၊ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးတို့က အာဏာသိမ်းတာဖြစ်ပါတယ်။ ဒါဟာ ပါလီမံဒီမိုကရေစီကို စစ်တပ်ကအင်အားသုံးပြီး ပြောင်မထေမဲ့မြင်ပြုတာ၊ ပြောင်စိမ်ခေါ်တာ၊ ပြောင်ထိပ်တိုက်တွေ့တာပါပဲ။ အဲဒီတုန်းက အင်အားသုံးတဲ့သဘောပါတာ ဘာမှပြန်မလုပ်တဲ့ နိုင်ငံရေးသမားတွေ၊ ကျောင်းသားတွေကို ထောင်တွေထဲထည့်၊ ကိုကိုးကျွန်းပို့၊ စစ်တပ်တွင်းသုံးထောက်လှမ်းရေး အဖွဲ့အစည်းကို အရပ်ဘက်သုံးဖို့တိုးချဲ့၊ နောက်ပြီး ထောက်လှမ်းရေးစခန်းတွေမှာနှိပ်စက်၊ ဒါတွေဟာ ဘယ်သူ့ဘက်က ထိပ်တိုက်တွေ့ခဲ့တာတွေလဲ။

ပြည်တွင်းစစ်တလျှောက်လုံးမှာ တဘက်ကငြိမ်းချမ်းရေးကို ကြွေးကြော်တင်ပြနေပြီး ပြည်သူတွေကလည်း ပြည်တွင်းငြိမ်းချမ်းရေးကိုတကျော်ကျော်တောင်းဆိုနေချိန်မှာ အပြုတ်တိုက်ရေးကိုသာဖိအော်ရင်း ထိုးစစ်ကြီးတွေဆင်နေတာကရော ထိပ်တိုက်တွေ့တာပဲမဟုတ်ဘူးလား။

၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲကိုလည်း ပြန်စဉ်းစားကြည့်ပါ။ ဗိုလ်နေဝင်းနဲ့စစ်တပ်ဟာ သူတို့ကြီးမှူးကျင်းပပေးခဲ့တဲ့ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရခဲ့တဲ့ ပထစအစိုးရရဲ့လက်ထဲက ပြန်အာဏာသိမ်းခဲ့တာမဟုတ်လား။ ဒါဟာ သူတို့လိုလားတဲ့ ဖဆပလတွေအနိုင်မရလို့ သိမ်းတာမှန်းလူတိုင်းသိပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်အပေါ် နဝတ၊ နအဖ ဘယ်လို သဘောထားတယ်ဆိုတာနဲ့ နှိုင်းယှဉ်မကြည့်သင့်ဘူးလား။ (၉၀) ခုနှစ်ရွေးကောက်ပွဲမှာ တစည်သာအနိုင်ရခဲ့ရင် ဒီနေ့အခါမှာ နအဖဆိုတာ တည်ရှိမှာမဟုတ်ပါဘူး။ အဲဒီတုန်းက ဗိုလ်နေဝင်းတို့လက်ညှိုးထိုးပြခဲ့တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ လှုပ်ရှားမှုဆိုတာဟာလည်း တရားဥပဒေဘောင်ထဲမှာ ဒီမိုကရေစီနည်းကျစွာကျင်းပတဲ့ အစည်းအဝေးသာဖြစ်ပါတယ်။ စစ်အုပ်စုက သူတို့အာဏာသိမ်းချင်တာနဲ့ ဒါကိုအကြောင်းပြတာဖြစ်ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်နဲ့ကိုယ်စားလှယ်တွေဟာ အဲဒီတုန်းက အစိုးရကို ထိပ်တိုက်တွေ့ဖို့ စကားတခွန်းမှမပြောပါဘူး။ ဗိုလ်နေဝင်းကသာ ဓား–ဓားချင်း၊ လှံ–လှံချင်းကြိမ်းတာပါ။

၁၉၈၈ ခုနှစ်တုန်းကအဖြစ်အပျက်ကို ပြန်စဉ်းစားကြည့်ပါ။ ကျောင်းသားတွေ၊ ပြည်သူတွေကို ဒီလိုအလုပ်ပျက် အကိုင်ပျက်ခံပြီး လမ်းပေါ်တက်စေခဲ့တာဟာ ဘယ်သူလဲ။ ကိုဖုန်းမော်ကိုသာ သေနတ်နဲ့မပစ်ခဲ့ရင် ဒီလိုဖြစ်မတဲ့လား။ တံတားဖြူမှာသာ ကျောင်းသူကျောင်းသားတွေကိုမသတ်ခဲ့ရင် သာမာန်အိမ်ထောင်သည်ကအစ လမ်းပေါ်ကို တက်လာကြပါ့မလား။ သေနတ်နဲ့ပစ်သူက ထိပ်တိုက်တွေ့ဖို့ဖန်တီးတာလား၊ ကြွေးကြော်သံဟစ်တဲ့ လက်နက်မဲ့တွေက ထိပ်တိုက်တွေ့တာလား။

အခုနောက်ဆုံး အရေးအခင်းမှာရော၊ လမ်းပေါ်မှာပရိတ်ရွတ်တဲ့လူတွေက အခြေအနေတင်းမာအောင် ဖန်တီးတာလား။ သံဃာတော်နဲ့ လူထုတွေကို ရက်ရက်စက်စက် သတ်ဖြတ်၊ ရိုက်နှက်၊ အလောင်းဖျောက်တဲ့ လူတွေက တင်းမာအောင်ဖန်တီးတာလား။

ဒါကြောင့်မို့ ဗမာပြည်ရဲ့လွတ်လပ်ရေး နောက်ပိုင်းသမိုင်းမှာ ထိပ်တိုက်တွေ့တယ်ဆိုတာဟာ အာဏာရတဲ့လူတွေကချည်း ဖန်တီးတာ၊ လည်ဆယ်တာ၊ ဆင်ခြေပေးတာဖြစ်ပါတယ်။ ဒီချုပ်ကို မသေမရှင်ရပ်တည်ခွင့်ပေးထားပြီး သူ့ခေါင်းဆောင်တွေရော ပါတီဝင်တွေကိုပါ ဖမ်းဆီးထား၊ အကျယ်ချုပ်ချုပ်ထားတာဟာ ဒီချုပ်အပေါ်မှာ ပျော့ပျောင်းတဲ့ပေါ်လစီထားတာလို့ အဓိပ္ပာယ်ရပါသလား။ အချုပ်ခံထားရတဲ့လူကို ချုပ်ထားတဲ့လူက ထိပ်တိုက်မတွေ့နဲ့၊ ပျော့ပျောင်းရမယ်လို့ပြောနေတာလောက် ရီစရာကောင်းတာ ဘယ်မှာမှမရှိပါဘူး။

တကယ်က ဗိုလ်သန်းရွှေအခုလို ဆွေးနွေးတော့မလိုလို ပြောလာရတာဟာ သံဃာတော်များနဲ့ လူထုတိုက်ပွဲကြီးကြောင့်ဖြစ်ပါတယ်။ နိုင်ငံတကာက အသိအမှတ်ပြုခဲ့တဲ့ ဒီအုံကြွမှုကြီးမှာ တလှမ်းဆုတ်ပေးရာမှာ သူတို့ဂုဏ်သိက္ခာကိုထိန်းဖို့နဲ့ ကုလသမဂ္ဂအပါအားလုံးကိုလိမ်လည်အချိန်ဆွဲဖို့ ကြံစည်တာသာဖြစ်ပါတယ်။ ဘော့လုံးဟာ ဒေါ်အောင်ဆန်းစုကြည်ဘက်မှာရောက်နေပြီလို့ ပြောပြီး သူတို့လုပ်နေတဲ့ အချိန်ဆွဲလုပ်ငန်းကို ဆက်လုပ်မှာသာဖြစ်ပါတယ်။

နောက်တချက်က ဒေါ်အောင်ဆန်းစုကြည်ဘက်ကသာ အာမခံလိုက်ရင် အရင်က ဒါတွေလုပ်နေတယ်လို့ ဝန်ခံလိုက်သလို ဖြစ်ပြီး နောင်မှာပြဿနာဖြစ်တိုင်း ဒါကိုလက်ညှိုးထိုးအနိုင်ကျင့်တာခံရမှာပါ။

လူထုက ထိပ်တိုက်ပြန်မတွေ့သေးပဲ ရှောင်နေတာဟာ သူတို့ကိုကြောက်သွားလို့လို့ဗိုလ်သန်းရွှေတို့ထင်ရင်တော့ မှားပါလိမ့်မယ်။ လူထုက သူတို့မှာပြင်ဆင်မှုပြည့်စုံတဲ့အခါကျရင် ထိပ်တိုက်လည်းတိုးရဲကြောင်း၊ နောက်ကနေလည်း လိုက်ချရဲကြောင်း ပြသပါလိမ့်မယ်။

ရဲဘော်ဖိုးသံချောင်း

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
ခွာညို ၊ ဆတ်အောင်နိုင်

**အလုပ်သင်အယ်ဒီတာ**
ဇွဲပိုင်ဝင်း

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက် ၊ သန်းဇော်

မိုးကြိုးသတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံ့တုမှုကော်မတီ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

**– ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။**

**– ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။**

**– မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။**

# လွတ်လပ်သောတွေ့ဆုံဆွေးနွေးပွဲအဖြစ် အတည်ပြုနိုင်ရန်

## လူထုခေါင်းဆောင်လွတ်မြောက်ရန်လိုအပ်ကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူက ပြောဆို



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အစိုးရ၏ ဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် တွေ့ဆုံခဲ့စဉ်

အောက်တိုဘာ (၂၅)

နေအိမ်အကျယ်ချုပ်ကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖစစ်အုပ်စုဘက်မှ ဆက်ဆံရေးဝန်ကြီးတို့ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့၊ စိမ်းလဲ့ကန်သာ စစ်အစိုးရဧည့်ရိပ်သာတွင် အချိန် (၁) နာရီကျော်ကြာ တွေ့ဆုံခဲ့ကြောင်း စစ်အစိုးရမီဒီယာများက ဓာတ်ပုံနှင့်တကွဖော်ပြခဲ့သည်။

ဤတွေ့ဆုံမှုနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက စစ်အုပ်စုအနေနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့မတွေ့ဆုံမီ ဒေါ်အောင်ဆန်းစုကြည်အား မိမိတို့ပါတီနှင့် ဦးစွာတွေ့ဆုံခွင့်ပေးသင့်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဆက်လက်၍ "ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့လွတ်လပ်တဲ့ဆန္ဒကို ထုတ်ဖော်ပြောဆိုနိုင်ဖို့အတွက် သူကိုယ်တိုင်လွတ်လပ်မှုရှိတာ ပိုပြီးတော့သဘာဝကျပါတယ်။ သူလွတ်လပ်မှုရှိဖို့ဆိုရင် ပြန်လွှတ်ပေးဖို့လိုပါတယ်။ ဒီအတိုင်းအရင်တုန်းကလည်း ကျနော်တို့သဘောထားပေးခဲ့ပါတယ်"ဟု ရေဝတီသို့ ပြောခဲ့သည်။

နအဖစစ်အုပ်စု၏ ဆောင်ရွက်ချက်ကို ရှေ့တိုးလုပ်ဆောင်ချက်တရပ်အဖြစ် ရှုမြင်ကြောင်းလည်း ဦးဉာဏ်ဝင်းကပြောသည်။ အခြေအနေအားလုံးကို အသေးစိတ်အတိအကျ မသိရသေးသော်လည်း ယခုအခြေအနေသည် လုပ်ရိုးလုပ်စဉ်ထက် ရှေ့တလှမ်းတိုးလာခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးကို အလေးအနက်ထား လုပ်ဆောင်လာခြင်းဖြစ်သည်ဟုထင်မြင်ကြောင်း ဆက်လက်ပြောကြားသွားသည်။ ယခုကဲ့သို့တွေ့ဆုံခြင်းသည် ၎င်းတို့၏ ကြေညာချက် ၂/၂၀၀၇ အတိုင်းဖြစ်ပြီး တိုးတက်မှုတခုအနေဖြင့် အဲန်အယ်လ်ဒီမှကြိုဆိုကြောင်း တရားဝင်ထုတ်ဖော်ပြောကြားသွားခဲ့သည်။

စက်တင်ဘာ (၂၉) ရက်က မြန်မာနိုင်ငံသို့လာရောက်ခဲ့သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏အကြံပြုချက်အရ နောင်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းကိစ္စများ ဆက်သွယ်လုပ်ဆောင်နိုင်ရန် ဗိုလ်ချုပ်အောင်ကြည်အား ဆက်ဆံရေးဝန်ကြီးခန့်အပ်ခြင်းဖြစ်ကြောင်း အောက်တိုဘာ (၉) ရက်ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြခဲ့သည်။

အောက်တိုဘာ (၈) ရက်၊ နေ့စွဲဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးကြီးသန့်ရှင်းက လက်မှတ်ထိုး၍ အလုပ်သမားဒုဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်အား ဒေါ်အောင်ဆန်းစုကြည်နှင့်ဆက်သွယ်ရေးအတွက် ဤရာထူးကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့မတွေ့ဆုံမီ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအရတွေ့ဆုံခြင်း ဖြစ်နိုင်ကြောင်းသိရှိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ဥက္ကဋ္ဌ ဦးတင်အောင်က "အခုလိုတွေ့ဆုံဆွေးနွေးပြီးမှလုပ်တယ်ဆိုတာ ကျနော်တို့ကြိုဆိုပါတယ်။ ဒါပေမယ်လို့ အဲဒီတွေ့ဆုံဆွေးနွေးရေးက အနှစ်သာရပါတဲ့တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ လိုအပ်တယ်လို့ ကျနော်တို့သဘောထားပါတယ်။ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးမဖြစ်ဘူးဆိုရင် ကျနော်တို့အနာဂတ်အတွက် အဓိပ္ပာယ်မရှိတဲ့ တွေ့ဆုံဆွေးနွေးမှုပဲဖြစ်လိမ့်မယ်"ဟု ၎င်း၏သဘောထားအမြင်ကိုပြောခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ် မေလအတွင်းဖြစ်ပွားခဲ့သည့် ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုများအပြီးတွင် နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေခဲ့ရသည်မှာ (၄) နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ၁၉၈၉ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်အထိ သူမ၏နေအိမ်အကျယ်ချုပ်သက်တမ်းမှာ ယခုအခါ (၁၁) နှစ်ကျော်ပြီဖြစ်သည်။ ❖

# ပြည်တွင်းဂျာနယ်မျက်နှာဖုံးများတွင် ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံဖော်ပြခွင့်ရ

အောက်တိုဘာ (၂၂)

မြန်မာပြည်တွင်းထုတ် ပုဂ္ဂလိကဂျာနယ်တချို့တွင်မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် လက်ရှိစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ တွေ့ဆုံဆွေးနွေးမည့်အကြောင်း မျက်နှာဖုံးသတင်းအနေဖြင့် ရေးသားဖော်ပြထားသည်။







အောက်တိုဘာ (၁၉) ရက်ထုတ် မြန်မာတိုင်းမ်ဂျာနယ်၊ လျှပ်တပြက်ဂျာနယ်နှင့် ရန်ကုန်တိုင်းဂျာနယ်တို့တွင် ဖော်ပြထားခြင်းဖြစ်ပြီး ဝိကလီးအလဲဗင်းဂျာနယ်တွင်မူ သတင်းအပြင် အယ်ဒီတာ့အာဘော်အနေဖြင့်ပါဖော်ပြထားသည်။

ရန်ကုန်တိုင်းမ်ဂျာနယ်တွင် သခင်ချန်ထွန်းအပါအဝင် သခင်သိန်းဖေ (ဝါးခယ်မ)၊ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး စသည့် နိုင်ငံရေးသမားဟောင်း (၉) ဦးတို့၏ လက်ရှိစစ်အစိုးရ၏ ကြေညာချက်အမှတ် (၁/၂၀၀၇) နှင့် (၂/၂၀၀၇) အပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏ မြန်မာ့အရေးဆောင်ရွက်များအပေါ် အမြင်သဘောထားများကိုပါ တွေ့ဆုံမေးမြန်းခန်းဖြင့် ဖော်ပြထားသည်။

ယခင်က ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ မည်သည့်နိုင်ငံရေးသမားများ၏အမည်ပင်ဖော်ပြခွင့်မရှိခဲ့ရာမှ ယခုအခါ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမည့်အကြောင်းကို မျက်နှာဖုံးသတင်းတွင် ဓာတ်ပုံနှင့်တကွဖော်ပြခွင့်ပြုခြင်းမှာထူးခြားမှုရှိပြီး ရည်ရွယ်ချက်တစုံတရာလည်း ထူးခြားမှုရှိလိမ့်မည်ဖြစ်ကြောင်း သခင်ချန်ထွန်းကပြောဆိုခဲ့သည်။

ယခုကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမည့်အကြောင်း ဂျာနယ်စာစောင်များတွင် ဖော်ပြထားသည့်အတွက် ပြည်သူလူထုမှလည်း စိတ်ဝင်တစားရှိကာ ထိုသတင်းပါရှိသည့်ဂျာနယ်များမှာပြတ်လတ်သွားသည်အထိ အရောင်းသွက်ခဲ့သည်။

နအဖမှထုတ်ဝေသည့် သတင်းစာများတွင်မူ မြန်မာနိုင်ငံဆိုင်ရာအငြိမ်းစားဂျပန်သံအမတ် Mr. Yoichi Yamaguchi ရေးသော ဒေါ်အောင်ဆန်းစုကြည်အား ပြစ်တင်ထားသည့်ဆောင်းပါးကိုဘာသာပြန်၍ အထူးထည့်သွင်းဖော်ပြထားသည်ကိုလည်းတွေ့ရသည်။

# မြန်မာနိုင်ငံ၏အနာဂတ်သည် မြန်မာပြည်သူများ၏လက်ထဲတွင်သာရှိကြောင်း ကြေညာပြီးနောက်

## ကုလမြန်မာဌာနေကိုယ်စားလှယ်ဗီဇာအပိတ်ခံလိုက်ရ

အောက်တိုဘာလ (၂၄) ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့ကုလသမဂ္ဂနေ့တွင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးတွဲကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပြသမှုများက ပြည်သူများ၏လိုအင်များနှင့် စိုးရိမ်ကြောင့်ကျမှုများကို ရှင်းလင်းစွာဖော်ပြခဲ့ပြီးဖြစ်သည်ကို ကျွန်ုပ်တို့အားလုံး အလေးအနက် သတိမူနာယူမိရန်လိုအပ်ကြောင်းဟူ၍လည်း ဖော်ပြပါရှိသည်။

အောက်တိုဘာလ (၁၁) ရက်နေ့ နေ့စွဲဖြင့် လုံခြုံရေးကောင်စီ၏ သဘာပတိက ကြေညာချက်ထုတ်ပြန်ခဲ့ရာတွင်လည်း "မြန်မာအစိုးရအနေဖြင့် ပြည်သူပြည်သားများနှင့်သက်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာပြဿနာများကို ဖြေရှင်းကိုင်တွယ်ရန်လိုအပ်သည့် အရေးယူဆောင်ရွက်မှုအားလုံးကိုလုပ်ဆောင်ရန်" တောင်းဆိုလိုက်ပြီး မြန်မာနိုင်ငံ၏အနာဂတ်သည် မြန်မာပြည်သူများအားလုံး၏ လက်ထဲတွင်သာရှိကြောင်းကိုလည်း အလေးပေး၍ဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ဆင်းရဲမွဲတေမှုနှင့် နောက်ဆက်တွဲဆိုးကျိုးများကိုလည်းကောင်း၊ ဆင်းရဲခြင်း၏ အခြေခံအကြောင်းအရင်းတို့ကိုလည်းကောင်း ရင်ဆိုင်ဖြေရှင်းရာတွင် ပါဝင်ကူညီရန် ခိုင်မာသောသန္နိဋ္ဌာန်ချထားပါကြောင်းကိုလည်း လေးလေးနက်နက်ဖော်ပြထားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ လက်ငင်းအခြေအနေများနှင့်ပတ်သက်၍ သုံးသပ်တင်ပြထားရာ၌ မြန်မာနိုင်ငံ၌ လူတဦးချင်းစီ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ကမ္ဘောဒီယား (သို့မဟုတ်) ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ထက်ဝက်မျှပင်မရှိကြောင်း၊ မြန်မာပြည်မှ သာမန်မိသားစုတစုဝင်ငွေ၏ လေးပုံသုံးပုံနီးပါးခန့်မှာလည်း နေ့စဉ်စားသောက်စရိတ်အတွက်သာ အသုံးပြုနေရကြောင်း၊ ငါးနှစ်အောက်ကလေးသုံးယောက်တွင် တယောက်နှုန်းသည် အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေကြရသည်ဟုပါရှိသည်။ နှစ်စဉ် ငှက်ဖျားရောဂါဒဏ်ကိုခံစားနေရသူ အရေအတွက်မှာ (၇) သိန်းနီးပါးဖြစ်ပြီး အဆုတ်ရောဂါသည်ဦးရေမှာမူ နှစ်စဉ် (၁) သိန်း (၃) သောင်းခန့်ရှိကြောင်းနှင့် အိတ်ချ်အိုင်ဗွီကူးစက်ခံရသူများတွင် အေအာရ်ဗွီဆေးလိုအပ်နေသူမှာ (၆) သောင်းခန့်ဖြစ်နေကြောင်းလည်းဖော်ပြထားသည်။

မြန်မာ့စီးပွားရေးအခြေအနေဆုတ်ယုတ်ပျက်စီးမှု၏ဆိုးဝါးပြင်းထန်မှုကို ဖော်ပြထားသည့် အဆိုပါကြေညာချက်ထွက်ပေါ်လာပြီးနောက် ကုလသမဂ္ဂ၏အဆင့်မြင့်ဌာနေကိုယ်စားလှယ် မစ္စတာပက်ထရီအား ဆက်လက်၍ ဗီဇာတိုးပေးတော့မည်မဟုတ်ကြောင်း မြန်မာအာဏာပိုင်များကအကြောင်းကြားခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေသော မြန်မာ့အလင်းသတင်းစာတွင် "မြန်မာပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်သည် မြန်မာပြည်ရှိ လက်ရှိဖွံ့ဖြိုးတိုးတက်နေသောအခြေအနေများကို လုံးဝအသိအမှတ်မပြုရာကျကြောင်းနှင့် စွပ်စွဲချက်တို့သည်လည်း လုံးဝအခြေအမြစ်မရှိကြောင်း" ဟူ၍ တုန့်ပြန်ရေးသားထားသည်။

ကုလအဖွဲ့အစည်းများ၏ကြေညာချက်မှာ အပျက်သဘောကိုသာဆောင်နေပြီး အောင်မြင်စွာနိဂုံးချုပ်နိုင်ခဲ့သည့် ဖွဲ့စည်းပုံ



ဌာနေကိုယ်စားလှယ် မစ္စတာပက်ထရီနှင့် ကုလအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ

အခြေခံဥပဒေရေးဆွဲရေးအတွက် ပြင်ဆင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၏ရလဒ်ကိုလည်းကောင်း၊ တိုးတက်နေသော စီးပွားရေးဖွံ့ဖြိုးမှုနှင့် အောင်မြင်မှုရရှိနေသော အခြားအခန်းကဏ္ဍများအား လုံးဝပစ်ပယ်ရာရောက်နေသည့်အတွက် ဤသို့သော ကြေညာချက်ထုတ်ပြန်ခြင်းမျိုးကို ကုလအဖွဲ့များအနေနှင့် ရှောင်ရှားသင့်ပါကြောင်းကိုရေးသားထားသည်။ ထို့ပြင် ဤဆောင်ရွက်ချက်သည် နအဖနှင့်ကုလအဖွဲ့တို့ကြားရှိ အဆင်ပြေချောမွေ့နေသည့် နှစ်ဘက်ဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်းကိုလည်း သတိပေးထားသည်။

ဗီဇာသက်တမ်းပိတ်ပင်ခြင်းခံရပြီးနောက် ပက်ထရီက "ကျနော်တို့ကုလအဖွဲ့တွေအနေနဲ့ ဒီနေရာကနေ တရားဝင်ပြောပါတယ်။ ဆင်းရဲမွဲတေမှုဟာ ဒီတိုင်းပြည်ထဲမှာဖြစ်ပျက်ခံစားနေကြရတဲ့ ဘေးဒုက္ခပေါင်းစုံထဲက တခုတည်းသောအကြောင်းမျှသာဖြစ်တယ်ဆိုတာကို ကျနော်တို့ယုံကြည်ပါတယ်" ဟုပြောခဲ့သည်။ မစ္စတာဂမ်ဘာရီ မြန်မာပြည်သို့ပြန်မဝင်ခင် တရက်အလိုတွင် ပက်ထရီအား မြန်မာပြည်တွင် ဆက်၍ အလုပ်လုပ်ရန်မလိုတော့ကြောင်း စစ်အစိုးရ၏အရာရှိများက ပြောခဲ့ခြင်းဖြစ်သည်။

❖